# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
## (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၈၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက် သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃-၉-၂၀၁၂ ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့သို့ တက်ရောက်ရန်ရှိတဲ့ ၄၃၁ ဦးအနက် ခွင့်ပန်ကြားထားသူ ၄၄ ဦးအတွက် ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌမှ စုပေါင်း၍ တင်ပြခွင့်ပြုချက်ရယူသွားမှာဖြစ်ပါတယ်ခင်ဗျား။ ယနေ့ အစည်း အဝေးသို့ ခွင့်ပန်ထားသူများမှာ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ ခွင့်တိုင်ကြားသူ ၄၄ ဦး၊ စုစုပေါင်း ၄၈ ဦး ခွင့်ပန်ထားရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားထားသူ ၄၄ ဦးမှာတော့ ယနေ့မှ ၅ ရက်အထိ ခွင့်ပန်ကြားထားသူ ၉ ဦး၊ ယနေ့မှစ၍ ၃ ရက်ခွင့်ပန်ကြားထားသူ ၁ ဦး၊ ယနေ့မှစ၍ ၂ ရက်ခွင့်ပန်ကြားထားသူ ၃ ဦး၊ ယနေ့ ၁ ရက် ခွင့်ပန်ကြားထားသူ ၃၁ ဦး စုစုပေါင်း ၄၄ ဦးရှိပါတယ်။ ၅ ရက် ခွင့်ပန်ကြားထားသူ ၉ ဦးမှာတော့ -

(၁) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၊

(၂) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မင်းနောင်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးစောမင်း၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းဦး၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမြင့်စိုး၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မြင့်အောင်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ကျော်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ဖြစ်ပါတယ်။

(၁၀) ၃ ရက် ခွင့်ပန်ကြားသူမှာတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ဖြစ်ပြီးတော့ ၂ ရက်ခွင့်ပန်ကြားထားသူ ၃ ဦးမှာတော့-

(၁၁) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း၊

(၁၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၁၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ဖြစ်ပါတယ်ခင်ဗျား။

၁ ရက်ခွင့်ပန်ကြားသူများမှာတော့-

(၁၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၁၅) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၁၆) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊

(၁၇) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊

(၁၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၁၉) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၊

(၂၀) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊

(၂၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊

(၂၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်၊

(၂၃) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၂၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၊

(၂၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊

(၂၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၂၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို၊

(၂၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊

(၂၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၊

(၃၀) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၃၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဋ္ဌေး၊

(၃၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊

(၃၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊

(၃၄) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့်၊

(၃၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊

(၃၆) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်ထွန်း၊

(၃၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ၊

(၃၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို၊

(၄၀) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊

(၄၁) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊

(၄၂) မြောက်ဦးကုလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊

(၄၃) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ဆွေ၊

(၄၄) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ ၃၁ ဦးဖြစ်ပါကြောင်း စုပေါင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၄ ဦး၊

ယနေ့ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အမျိုးသားမှတ်ပုံတင်ရေးနှင့် မွေး/တိုး အိမ်ထောင်စုစာရင်းကိစ္စများအတွက် ကောက်ခံနေသော လက်ရှိနှုန်းထားများကို ပြင်ဆင်သတ်မှတ်သင့်ကြောင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်သော မေးခွန်းတစ်ခု တင်ပြမေးမြန်းသွားပါမယ်။ ကျွန်တော်၏ မေးမြန်းချက်ကို ဖတ်ကြားတင်သွင်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသမှာ မြို့နယ် ၂ မြို့နယ်နှင့် မြို့နယ်ခွဲ ၂ နယ်ဖြင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ လူမျိုးစုအနေဖြင့် ကိုးကန့်၊ ပလောင်၊ ဗမာ၊ ရှမ်း၊ ကချင်၊ ဝ၊ မြောင်းစီးနှင့် လွယ်လှတိုင်းရင်းသားများ စုစည်းနေထိုင်ကြပြီး စုစုပေါင်းလူဦးရေမှာ ၁၂၉၀၀၀ ကျော်ခန့်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးသက်တမ်း ၂ နှစ်ကျော်ကာလ အတွင်းမှာ ကျွန်တော့်အနေဖြင့်မဲဆန္ဒရှင်လူထုများကိုယ်စား မည်သည့်တောင်းခံချက်မှ တင်သွင်း

ခဲ့ခြင်းမရှိသေးပါ။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အစစအရာရာကူညီပံ့ပိုးခဲ့သော လွှတ်တော် ဥက္ကဋ္ဌကြီး၊ သမ္မတကြီးနှင့်တကွ ယခင်တပ်မတော်အစိုးရ အကြီးအကဲကို အထူးပင်ကျေးဇူးတင်ကြောင်း ပဏာမပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၀၀ ဝန်းကျင်ရှိသော ကိုးကန့်ဒေသကို ယခင်တပ်မတော်အစိုးရမှာ တိုင်းရင်းသားခေါင်းဆောင်များနှင့်ပူးပေါင်းပြီး တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် ကတ္တရာလမ်းများ ဆက်သွယ်သွားလာနိုင်ရေး၊ ကျေးရွာချင်းဆက်ကျောက်ချောလမ်းများဆက်သွယ်သွားလာနိုင်ရေး ဆောင်ရွက်ပေးခဲ့တာ ယနေ့တိုင် မြင်တွေ့နေရပါတယ်။ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများမှာလည်း ဒေသခံများတောင်းဆိုချက်အရ ပြည့်မီအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအနေနဲ့ လောက်ကိုင်မြို့နယ်နှင့်အနီးတစ်ဝိုက်တွင် ၂၄ နာရီပေးနိုင်ခဲ့ပါပြီ။ ကျန်ရှိတဲ့ ကုန်းကြမ်းမြို့နယ်တစ်ဝိုက်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၁.၆ မဂ္ဂါဝပ်စက်ရုံတစ်ရုံကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်လျက်ရှိပြီး လာမည့်နှစ်အတွင်းမှာ အပြည့်အဝ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နယ်ခြားစောင့်တပ်ရင်းတစ်ရင်းရှိပါတယ်။ ကိုးကန့်တိုင်းရင်းသားရဲ့ ၂၅၀ ဦးရှိပြီး လာမည့်ပွင့်လင်းရာသီမှာ အရာရှိများကို ခန့်ထားမယ်လို့ ကြားသိရပါတယ်။ ကိုးကန့်တိုင်းရင်းသားများအနေနဲ့ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားအခွင့်အရေးများကို ပြည့်ဝစွာခံစားနေကြရပါပြီ။ သို့သော်လည်း အခြားဒေသများတွင် နေထိုင်လျက်ရှိသော ကိုးကန့်တိုင်းရင်းသားများကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နေထိုင်သော တိုင်းရင်းသားများနည်းတူ အခွင့်အရေးရရှိစေချင်ပါတယ်။ ဒါကြောင့် အချို့ဒေသများရှိဌာနများမှာ တိုင်းရင်းသားလူမျိုးခွဲခြား ဆက်ဆံနေသည်ကို ကြားသိရ၍ ကျွန်တော့်အနေနဲ့ စိတ်မကောင်းဖွယ်ဖြစ်မိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြလိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ အချို့မြို့နယ်များတွင် ကိုးကန့်တိုင်းရင်းသားများ မှတ်ပုံတင်ရေးကိစ္စများ ခွဲခြားဆက်ဆံနေတာကို ကြားသိရ၍ တိုင်းရင်းသားအခွင့်အရေး တန်းတူညီမျှမရရှိတာကို ကိုးကန့်တိုင်းရင်းသားများကိုယ်စား မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်သူများ၏ဘဝတစ်သက်တာအတွက် အခြေခံအကျဆုံးနှင့် ဦးဆောင်မှုအပေးနိုင်ဆုံးသောဌာနဖြစ်ပါ၍ တိုင်းရင်းသားပြည်သူများသည် အမြဲတမ်းထိတွေ့ဆက်ဆံနေသော ဌာနတစ်ခုဖြစ်ပါတယ်။ ဥပမာ တိုင်းရင်းသားများ

သည် လုပ်ငန်းရှင်များ မဟုတ်တဲ့အတွက်ကြောင့် အခြားဌာနများကို မဆက်ဆံလို့ရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ၆ ကျပ်၊ ၁၀ ကျပ်နှင့် မရရင် သက်ဆိုင်ရာ ဌာနကို တိုင်ကြားလို့ရပါတယ်လို့ ပြောကြားထားပါတယ်။ မွေး/တိုးတဲ့ အိမ်ထောင်စုစာရင်းကို တစ်ကြိမ်ရေးသွင်းခြင်းအတွက် နှုန်းထားများသတ်မှတ်ချက်ပါတာကို ကောက်ခံချက်အတွက် နှုန်းထား သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ဝန်ကြီး၏ရှင်းလင်းတင်ပြချက်များထဲမှာ မပါတာကိုလည်း ကျွန်တော် ကြားသိရပါတယ်။ သို့သော် လက်တွေ့မှာ သတ်မှတ်နှုန်းထား ၆ ကျပ်နှင့် ၁၀ ကျပ် များထက် အဆ ၁၀၀၀၊ အဆ ၁၀၀၀၀ ထက် မွေး/တိုးစာရင်းတစ်ကြိမ်ရေးသွင်းခြင်းအတွက် ငွေများကောက်ခံ နေတာကို နေရာဒေသအလိုက် ကြားသိနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါဖြစ်စဉ်များအရ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျမှုများသည် အမှန်တကယ်ရော ကုန်ရကျိုးနပ်ပါရဲ့လားဆိုတာ ဆင်ခြင် စဉ်းစားစရာ ကိစ္စတစ်ခုဖြစ်လာပါပြီ။ တစ်နည်းအားဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုရဖို့ အတွက် အမှန်တကယ်ပဲ ၆ ကျပ်၊ ၁၀ ကျပ်စသည့် အသက်သာဆုံးဝန်ဆောင်မှုကို မည်သည့် တိုင်းရင်းသားမဆို တစ်နိုင်ငံလုံးအချိန်မရွေး၊ နေရာမရွေးစိစစ်ကြပ်မတ်သူ ရှိ၊ မရှိ ခံစားနေနိုင် ကြပါရဲ့လား ဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များသို့ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မွေး/တိုး အိမ်ထောင်စုစာရင်း ရေးသွင်းခြင်းကို ၂၀၀၀၊ ၃၀၀၀ ဖြင့် သတ်မှတ်မယ်ဆိုရင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဘဏ္ဍာငွေ အတွက်တစ်နှစ်လျှင် ငွေကျပ် သန်းပေါင်း ၃၀၀၀ အထိ တိုးလာနိုင်မည်ဟုထင်မြင်ယူဆရင်း အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်က ပေးကားပေး၍မရသော အမျိုးသားမှတ်ပုံတင်ရေးနှင့် မွေး/တိုး အိမ်ထောင်စုစာရင်းမှတ်ပုံတင်ရေးကိစ္စများအတွက် ကောက်ခံ နေသော လက်ရှိနှုန်းထားများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်သည့် နေရာဒေသအနှံ့ရှိ တိုင်းရင်းသားများ၏ လက်တွေ့ဘဝနှင့်ကိုက်ညီသော နှုန်းထားများ ဖြစ်အောင် ပြင်ဆင်သတ်မှတ်ပြီး လူထု၏ အခြေခံအကျဆုံးသော ဌာနဖြစ်တဲ့အတွက် ကြောင့် ပြည်သူလူထုအား အနှောင့်အယှက်မဖြစ်အောင် နိုင်ငံတော်က ရှုံးပြီး ပြည်သူများမခံစားရသော ကိစ္စရပ်များကို ပြန်လည် ပြင်ဆင်သတ်မှတ်၍ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်၍ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းမှ လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

နိုင်ငံတော်မှ ကောက်ခံနေသော အခနှုန်းထားမှာ အိမ်ထောင်စုဝင်လူဦးရေစာရင်းအတွက် အခမဲ့ ဆောင်ရွက်ပေးနေပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် နိုင်ငံသားကိုယ်ရေးမှတ်တမ်း နိုင်-၂ အတွက် ၃ ကျပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ၃ ကျပ်၊ စုစုပေါင်း ၆ ကျပ် ဖြစ်ပါတယ်။ လဲလှယ်လျှင် ၃ ကျပ်၊ ပျောက်ဆုံး/ ပျက်စီး မိတ္တူပြုလုပ်လိုပါက ၁၀ ကျပ် ကောက်ခံလျက်ရှိပါတယ်။ ဤငွေများသည် ဘဏ္ဍာရေးနှစ်အလိုက်ဌာန၏ ရငွေခေါင်းစဉ်ဖြင့် နိုင်ငံတော်သို့ ပေးသွင်းရတာ ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်အတွက် ၆ ကျပ်ဆိုသည့် ကောက်ခံငွေမှာ နည်းလွန်းပါကြောင်း၊ သဘာဝမကျပါကြောင်းဖြင့် ကြိမ်ဖန်များစွာ ပြောဆိုမှုများရှိကြပါတယ်။ သို့ရာတွင် ၎င်းကောက်ခံနှုန်းထားများသည် ယခုကာလတွင်မှ အသစ်ထွင်ဆောင်ရွက်ခဲ့ခြင်းမျိုး မဟုတ်ပါ။ ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းသတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ အခန်း(၂) အပိုဒ် ၁၂ အပိုဒ်ခွဲ(က)၊ (၁)(ငင)တွင် မွေးဖွားခြင်း၊ သေဆုံးခြင်းအတွက် ငွေတစ်ကျပ်ဟုလည်းကောင်း၊ အခန်း (၂) အပိုဒ် ၁၂(ခ)(၄)(ကက)တွင် အသက် ၁၀ နှစ်ပြည့်မှတ်ပုံတင်ခြင်းအတွက် ကိုယ်ရေးမှတ်တမ်းပုံစံနိုင်- ၂ ငွေသုံးကျပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားငွေသုံးကျပ်၊ စုစုပေါင်း ငွေခြောက်ကျပ်ဟုလည်းကောင်း၊ အခန်း (၂) အပိုဒ် ၁၂(ဂ)(၁)(ကက)တွင် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်ခြင်းအတွက် ငွေသုံးကျပ်ဟုလည်းကောင်း၊ အခန်း (၂) အပိုဒ် ၁၈ (က)(၂)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ ပျက်စီးခြင်းအတွက် ငွေတစ်ဆယ်ကျပ်ဟုလည်းကောင်း သတ်မှတ်ထားပါတယ်။ အစိုးရအဖွဲ့သစ်၏စနစ်သစ်ဖြင့် စတင်ဆောင်ရွက်ချိန်၌ ရုတ်ချည်းအခငွေတိုး၍ ကောက်ယူမှုမပြုလိုသေးခြင်း၊ အကျိုးအမြတ်ရရှိမည့် စီးပွားရေးလုပ်ငန်းတစ်ရပ်မဟုတ်ဘဲ ပြည်သူများအထူးသဖြင့်ဆင်းရဲနွမ်းပါးသည့် ကျေးလက်ဒေသနေ

ပြည်သူများအတွက် ဖြည့်ဆည်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခဲ့ခြင်းစသည့် အချက်များကြောင့် ကာလအတိုင်းအတာတစ်ခုအထိ ၆ ကျပ်နှုန်းထားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိကောက်ခံနေသော နှုန်းထားများအား ကာလအခြေအနေနှင့်ကိုက်ညီသော တန်ဖိုးသတ်မှတ်နိုင်ရေးအတွက်လည်း ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် သုံးသပ်ပြင်ဆင်လျက်ရှိပါတယ်။ ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ပြင်ဆင်နိုင်ရေးအတွက် တင်ပြအတည်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံရှိမြို့တော်များနှင့် မြို့ကြီးများတွင် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုများ များပြားလာသည်ကိုကာကွယ်သောအားဖြင့် မည်သို့အစီအမံများဆောင်ရွက်ထားခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ကိုယ်စား မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမှာရှိတဲ့မြို့တော်များနှင့် မြို့ကြီးများမှာ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များ အထူးတိုးတက်များပြားလာနေတာကိုအားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလိုတိုးတက်များပြားလာတာတွေနှင့်အမျှ ယာဉ်မတော်တဆထိခိုက်မှု(Accident)မှုတွေဟာ တစ်နေ့တစ်ခြား များပြားလာပြီး ဒဏ်ရာအနာတရ ရရှိမှုနှင့် သေဆုံးမှုဟာလည်းပဲ တစ်နေ့တစ်ခြားပို၍ များပြားလာကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၎င်းဆိုးကျိုးများကို ကာကွယ်သောအားဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ မည်သို့သောအစီအမံများ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**[**အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ကိုယ်စား အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ မြန်မာနိုင်ငံရှိမြို့တော်များနှင့် မြို့ကြီးများမှာ ကား၊ မော်တော်ဆိုင်ကယ်များ များပြားလာသည်နှင့်အမျှ ယာဉ်တိုက်မှုများပိုမိုများပြားလာ၍ ဒဏ်ရာအနာတရရရှိမှု၊ သေဆုံးမှုများ များပြားလာကြောင်း တွေ့ရှိရသဖြင့် ၎င်းဆိုးကျိုးများကိုကာကွယ်နိုင်ရန် မည်သို့အစီအမံများ ဆောင်ရွက်နေသည်ကို သက်ဆိုင်ရာမှဖြေကြားပေးစေလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းကဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယာဉ်မတော် တဆမှုကြောင့် ၂၀၀၈ ခုနှစ်မှစပြီး ၄ နှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှ ၂၃၂၀ ဦးခန့် သေဆုံးလျက်ရှိပြီး ဒဏ်ရာရရှိသူ ၁၅၁၄၉ ဦးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယာဉ် မတော်တဆမှုကြောင့် ပစ္စည်းဆုံးရှုံးမှုတန်ဖိုးက နှစ်စဉ်ပျမ်းမျှ ၁.၀၈၂ ဘီလီယံကျော်ဖြစ်ကြောင်း လေ့လာသိရှိရတဲ့အတွက် တိုင်းပြည်ရဲ့အရင်းအမြစ်များ၊ ပြည်သူတို့ရဲ့အချိန်နှင့် အားထုတ်ကြိုးပမ်းမှု များအပေါ် များစွာထိခိုက်နစ်နာလျက်ရှိပါတယ်။ နှစ်စဉ်လူဦးရေနှင့် ယာဉ်အစီးရေတိုးတက် များပြား လျက်ရှိရာမှာ ၂၀၁၁ ခုနှစ်မှာ လူဦးရေ ၅၉.၈ သန်း၊ ယာဉ် ၂၂၉၈၆၇၇ စီးနှင့် မော်တော်ဆိုင်ကယ် ၁၉၃၃၆၇၃ စီးရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်၊ မတ်လမှာ လူဦးရေ ၆၀ သန်းခန့်၊ ယာဉ်အစီးရေ ၂၃၅၄၂၇၅ စီးနှင့် မော်တော်ဆိုင်ကယ် ၃၅၂၀၉၆၅ စီးရှိလာကြောင်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံး ၂၀၁၁ ခုနှစ်မှာ ယာဉ်မတော်တဆမှု ၁၀၁၂၃ မှု၊ ဒဏ်ရာရရှိသူ ၁၇၀၈၀ ဦး၊ သေဆုံးသူ ၂၇၉၆ ဦးနှင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေ ဇွန်လ ၃၀ ရက်နေ့အထိ ပထမ ၆ လပတ်ကာလအတွင်းမှာ ယာဉ်မတော်တဆမှု ၅၉၉၁ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၁၀၄၄၈ ဦး၊ သေဆုံးသူ ၁၀၁၉ ဦးရှိခဲ့ပါတယ်။ ဒါကြောင့် လူဦးရေနှင့် ယာဉ်အစီးရေတိုးတက်များပြားလာတာနှင့်အမျှ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှာ ယာဉ်မတော်တဆမှုတွေ နေ့စဉ်တိုးတက်ဖြစ်ပွားလျက်ရှိရာမှာ လူဦးရေနှင့် ယာဉ်အစီးရေ များပြားတဲ့ တိုင်းဒေသကြီးတွေမှာ ယာဉ်မတော်တဆမှုများပိုမိုဖြစ်ပွားပြီး သေဆုံး၊ ဒဏ်ရာရရှိမှုတွေ ကလည်း ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး

အတွက် အပြည်ပြည်ဆိုင်ရာယာဉ်ထိန်းသိမ်းနည်းစနစ် ၅ မျိုး(5-Es System)ဖြစ်တဲ့ ပညာပေးခြင်းနည်းစနစ်(Education System)၊ စစ်ဆေးအရေးယူခြင်းနည်းစနစ် (Enforcement System)၊ အင်ဂျင်နီယာနည်းစနစ်(Engineering System)၊ ပတ်ဝန်းကျင် အခြေအနေဆိုင်ရာထိန်းသိမ်းခြင်းနည်းစနစ်(Environment System)နှင့် အရေးပေါ်ဆေးအကူအညီ ပေးခြင်းနည်းစနစ်(Emergency Medical System)တို့ကိုလည်း မြန်မာနိုင်ငံမှာ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။

အသိပညာပေးခြင်းနည်းစနစ်(Education System)အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ပထမ ၆ လပတ်ကာလအတွင်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောမှုများကို ၁၈၇၅ ကြိမ် ဟောပြောနိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၂၁၇၃၈၅ ဦး၊ ပြည်သူ ၅၃၉၈၇ ဦး၊ ယာဉ်မောင်း/ယာဉ်နောက်လိုက် ၄၂၂၉၁ ဦး၊ စစ်သည် ၇၃၁ ဦး၊ အငှားယာဉ်လုပ်သား ၅၀ ဦးနှင့် ဝန်ထမ်း ၁၈၀၇၃ ဦး၊ စုစုပေါင်း ၃၃၂၅၁၇ ဦးတို့ တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ လက်အောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း အဲ့ဒီအသိပညာပေးခြင်း နည်းစနစ်(Education System)ဖော်ဆောင်မှုကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ပညာပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး ရေဒီယို၊ ရုပ်မြင်သံကြားတို့ကလည်း သတင်းများ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများနဲ့ ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေ့စဉ်အသုံးပြုလျက်ရှိတဲ့လမ်းကြောင်းပေါ်မှာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးနှင့်ထော်လာဂျီစတဲ့ယဉ်တွေရဲ့ ယာဉ်မောင်းများ၊ အငှားယာဉ်လုပ်သားများနှင့် ခြေလျင်လမ်းလျှောက်သူတွေအနေနဲ့ ကိုယ်စီအသိတရားနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဖို့လိုအပ် ကြောင်းတွေ့ရှိရပါတယ်။

စစ်ဆေးအရေးယူခြင်းနည်းစနစ်(Enforcement System)အနေနဲ့ ၂၀၁၁ ခုနှစ်မှာ မော်တော်ယာဉ် ၅၄၂၃၇၇ စီး၊ မော်တော်ဆိုင်ကယ် ၅၆၃၇၇ စီး၊ အငှားယာဉ် ၂၃၀၉ စီး၊ သုံးဘီး၂၂၁ စီး၊ ထော်လာဂျီ ၃၅၁ စီး၊ စုစုပေါင်း ၆၀၁၆၃၅ စီး၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ပထမ ၆ လပတ်ကာလအတွင်းမှာ မော်တော်ယာဉ် ၂၀၆၆၄၉ စီး၊ မော်တော်ဆိုင်ကယ် ၅၄၂၉၅ စီး၊ အငှားယာဉ် ၁၃၀၆ စီး၊ သုံးဘီး၂၀၉၉၉ စီး၊ ထော်လာဂျီ ၉၈၄ စီး၊ စုစုပေါင်း ၂၈၄၂၃၃ စီးနှင့် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၁၆၈၉၅ ဦးတို့ကို အရေးယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

စည်းကမ်းမဲ့လမ်းဖြတ်ကူးသူတို့ကို အရေးယူမှုက ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစပြီး ဆောင်ရွက်လျက် ရှိပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ အင်ဂျင်နီယာနည်းစနစ်(Engineering System)အရ ယာဉ်တိုက်မှုအဖြစ်များတဲ့နေရာတွေမှာ လမ်းနှင့်ပတ်သက်တဲ့ အခြားဌာနများနှင့်ပူးပေါင်းကာ Road Audit ပြုလုပ်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် ပြုပြင်ဖို့အချက် တွေကို လမ်းတံတားပြုပြင်တဲ့ဌာနများကို အကြောင်းကြားခြင်း၊ လမ်းများပေါ်မှာ အန္တရာယ် ကင်းရှင်းစွာမောင်းနှင်နိုင်ရေးတို့အတွက် မော်တော်ယာဉ်တွေကို ၁ နှစ်လျှင် ၁ ကြိမ်၊ မော်တော် ဆိုင်ကယ်များကို ၂ နှစ်လျှင် ၁ ကြိမ် ယာဉ်ကြံ့ခိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီလို စစ်ဆေးရာမှာ သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီခြင်းမရှိတဲ့ မော်တော်ယာဉ်များ/ဆိုင်ကယ် များကို ပြန်လည်ပြုပြင်စေပြီးမှသာ ဆက်လက်အသုံးပြုနိုင်ဖို့အတွက် မော်တော်ယာဉ်/ဆိုင်ကယ် သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း အမြန်လမ်းမကြီးများနှင့် လမ်းများမှာ Road Safety ဖြစ်စေရေးအတွက် တိုးတက်ပြောင်းလဲ လျက်ရှိတဲ့ ခေတ်မီနည်းစနစ်များနှင့်လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် အမြန်လမ်းမကြီးတစ်လျှောက် လမ်းညွှန်အမှတ်အသားများ၊ ညအခါ လင်းလက်ပြီးကွေ့ရန်လမ်းညွှန်ပြသပေးတဲ့ အလိုအလျောက်မီးလုံးများ၊ ရောင်ပြန်လမ်းညွှန်များကို ပြုလုပ်ပေးလျက်ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းနိုင်ဖို့ သတိပေးဆိုင်းဘုတ်များ၊ လမ်းညွှန်အမှတ်အသားများကို ပြုပြင်မွမ်းမံပေးလျက်ရှိပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှာ အင်ဂျင်နီယာချုပ်(လမ်း)ကနေကြီးကြပ်ပြီးတော့ အင်ဂျင်နီယာမှူးကြီး (မြို့ပြ)ဦးစီး ၂၅ ဦး နှင့် ၁၂ မိုင်ကို အငယ်တန်းအင်ဂျင်နီယာ ၁ ဦးစီပါရှိတဲ့ အဖွဲ့ ၁ ဖွဲ့စီထားရှိပြီး ယာဉ်မတော်တဆမှုများကို ကူညီဆောင်ရွက်နိုင်ဖို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အမြန်လမ်းမကြီး စည်းကမ်းထိန်းသိမ်းရေးညွှန်ကြားချက်နှင့်အညီ ယာဉ်များမောင်းနှင်နိုင်ရေးလုပ်ငန်း များကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ အပြည်ပြည်ဆိုင်ရာယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ၃ မျိုးကို အဓိကထား ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ပတ်ဝန်းကျင်အခြေအနေဆိုင်ရာထိန်းသိမ်းခြင်း နည်းစနစ်(Environment System)နှင့် အရေးပေါ်ဆေးအကူအညီပေးခြင်းနည်းစနစ် (Emergency

Medical System) တို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းကတော့ ယာဉ်ထိန်းသိမ်းရေးစနစ် ကောင်းမွန်မှုမရှိခြင်း၊ ဘရိတ်နှင့်ပတ်သက်တဲ့ စက်ကိရိယာဆက်စပ်ပစ္စည်းများချို့ယွင်းခြင်း၊ ကားဘီး နှင့် တာယာများကောင်းမွန်မှုမရှိခြင်း၊ အရက်သေစာသောက်စားပြီးမောင်းနှင်ခြင်း၊ ကားမောင်းနေစဉ် အိမ်ငိုက်ခြင်းနှင့် မောင်းဖို့သတ်မှတ်ပေးထားတဲ့ မိုင်နှုန်းထက်ပိုမိုမောင်းနှင်ခြင်းစတဲ့ ၅ ချက်က ၁ ချက် ချို့ယွင်းလျှင်ယာဉ်အန္တရာယ်ဖြစ်ပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။ ယာဉ်မတော်တဆမှုများကို လေ့လာ ရာမှာ ယာဉ်မောင်းသူတို့ရဲ့ပေါ့ဆမှုကြောင့်ဖြစ်ပွားသလို လမ်းအသုံးပြုသူ၊ ခြေလျင်လမ်းလျှောက် သွားလာသူများ၊ အနေးယာဉ်များရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုကြောင့်လည်းဖြစ်ပွား ခဲ့တာကို တွေ့ရှိရပါတယ်။ လမ်းအသုံးပြုသူ၊ ခြေလျင်လမ်းလျှောက်သူများအနေနဲ့လည်း လူကူးမျဉ်းကျားကသာ အချက်ပြထိန်းသိမ်းမှုစနစ်အတိုင်း စည်းကမ်းတကျလမ်းဖြတ်ကူးကြလို့ရှိရင် ယာဉ်မတော်တဆမှုကြောင့် မလိုအပ်တဲ့ထိခိုက်ဒဏ်ရာရသေဆုံးမှုတွေ များစွာလျော့နည်းပပျောက် သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းဒေသကြီးများနှင့် ပြည်နယ်တွေမှာ တိုးတက်များပြားလာတဲ့လူဦးရေ၊ ယာဉ်စီးရေနှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် လက်ရှိဖောက်လုပ် ထားရှိတဲ့လမ်းများကိုချဲ့ထွင်ရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လူကူးခုံးကျော် တံတားများကိုဆောက်လုပ်ဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့နည်းတူစွာပဲ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)တို့ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အာဆီယံရဲ့ရည်မှန်းချက် (Goal of ASEAN)ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ယာဉ်တိုက်မှုကြောင့်သေဆုံးမှုနှုန်းကို ထိထိရောက်ရောက် လျော့ချ နိုင်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ လမ်းအန္တရာယ်ကင်းရှင်းရေး ဥပဒေ၊ နည်းဥပဒေထုတ်ပြန်တဲ့ဌာနအဖွဲ့အစည်း၊ အဲ့ဒီလိုထုတ်ပြန်ထားတဲ့ဥပဒေ၊ နည်းဥပဒေများကို လိုက်နာစေဖို့ စည်းကြပ်ကွပ်ကဲတဲ့ဌာနအဖွဲ့အစည်းနှင့် ဥပဒေကိုလိုက်နာရမယ့် ပြည်သူလူထုတို့က အတူတကွ ပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ Check and Balance ဖြစ်စေဖို့ တစ်နေရာတည်း၊ တစ်ဌာနတည်းကဆောင်ရွက်လို့မရတဲ့ ကိစ္စဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရေးအတွက် 5-Es System နဲ့ဆောင်ရွက်လျက်ရှိရာမှာ

အဲ့ဒီနည်းစနစ်တွေအောင်မြင်စေဖို့ 4-Ps ဖြစ်တဲ့ People တာဝန်ရှိသူများအပါအဝင် ပြည်သူအားလုံး သိရှိမှု၊ Policy ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများကို မူဝါဒအရ မှန်ကန်စွာသတ်မှတ်ပေးနိုင်ရေး၊ Practice စည်းကမ်းထိန်းသိမ်းသူရော စည်းကမ်းလိုက်နာသူများ ကပါ မိမိတာဝန်ကိုလိုက်နာရန် အလေ့အကျင့်ရှိနေမှု၊ အမူအကျင့်ပြောင်းလဲမှုနှင့် Participation တာဝန်ရှိသူရော ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပူးပေါင်းလိုက်နာဆောင်ရွက်မှုစတဲ့အချက်များ လည်း လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှာရှိတဲ့မြို့တော်များနှင့် မြို့ကြီးများမှာ ကား၊ မော်တော်ဆိုင်ကယ်များ များပြားလာသည်နှင့်အမျှ ယာဥ်တိုက်မှုတွေ ပိုမိုများပြားလာပြီး ဒဏ်ရာ အနာတရရရှိမှု၊ သေဆုံးမှုများ များပြားလာကြောင်းတွေ့ရှိနေရတဲ့အတွက် ၎င်းဆိုးကျိုးများကို ကာကွယ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျောင်းများ အဆင့်တိုးမြှင့်ပေးရန်နှင့် အဆောက်အဦရန်ပုံငွေတောင်းခံမှုကို ဆောင်ရွက်ပေးနိုင်မှု ရှိမရှိ နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝမ်းတွင်းမြို့နယ်အတွင်းမှာရှိတဲ့ အဆင့်မြင့်တိုးပေးရန်ရှိတဲ့ ကျောင်းများ၊ အဆင့်တိုးမြှင့်ပေးနိုင်မှု၊ ဥပမိရုပ်မကောင်းတဲ့ကျောင်းများ ပြုပြင်ဆောင်ရွက်ပေးနိုင်မှု ကျောင်းသားဦးရေနှင့် ကျောင်းဆောင်အချိုးမမျှတ၍ အဆောက်အဦ ရန်ပုံငွေတောင်းခံထားမှုကို ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ဝမ်းတွင်းမြို့နယ်အတွင်းမှာရှိတဲ့ အဆင့်တိုးမြှင့်ပေးရန်ရှိတဲ့ ကျောင်းများရဲ့စာရင်းကို သက်ဆိုင်ရာပညာရေးမှူးရုံးကနေပြီးတော့ ၎င်းတို့အထက်အဆင့် အဆင့်ဆင့် ကို ပေးပို့ထားတာကို သိရှိရပါတယ်။ ပေးပို့ထားတဲ့စာရင်းတွေကတော့ အထက်တန်းကျောင်းအဆင့် ၄ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၄ ကျောင်း၊ အလယ်တန်းကျောင်းအဆင့် ၉ ကျောင်း၊ အလယ်တန်း ကျောင်းခွဲအဆင့် ၂၃ ကျောင်း၊ မူလတန်းကျောင်းအဆင့် ၁ ကျောင်းနဲ့ မူလတန်းကျောင်းခွဲ ၁ ကျောင်း စုစုပေါင်း ၄၂ ကျောင်းဖြစ်ပါတယ်။ ဒါ့အပြင် ဝမ်းတွင်းမြို့နယ်အတွင်းရှိတဲ့ A အဆင့်ဥပမိရုပ် မကောင်းတဲ့ကျောင်းက ၁၉ ကျောင်း၊ B အဆင့် ဥပမိရုပ်မကောင်းတဲ့ကျောင်းက ၁၈ ကျောင်း၊ C

အဆင့် ဥပမိရုပ်မကောင်းတဲ့ကျောင်းက ၃ ကျောင်း၊ D အဆင့်ဥပမိရုပ်မကောင်းတဲ့ ကျောင်းက ၇ ကျောင်းနှင့် E အဆင့်ဥပမိရုပ်မကောင်းတဲ့ ကျောင်းက ၅ ကျောင်း စုစုပေါင်း ၅၂ ကျောင်းကိုလည်း တင်ပြထားပြီးပြီလို့သိရှိရပါတယ်။ ဒါ့အပြင် ကျောင်းသားဦးရေနှင့် ကျောင်းဆောင် အချိုးမမျှတလို့ အဆောက်အဦဆောက်လုပ်ရန် ရန်ပုံငွေတောင်းခံထားတဲ့ ကျောင်းဆောင်နှင့် မြို့နယ် ပညာရေးမှူးရုံး က အဆောက်အဦ ၆ ခုအတွက် ခန့်မှန်းကုန်ကျငွေ သိန်းပေါင်း ၁၃၆၂ သိန်းကိုလည်း တင်ပြ တောင်းခံထားကြောင်း သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ အဆိုပါအဆင့်မြှင့်လိုတဲ့ ကျောင်းဆောင်များကို၊ ကျောင်းများကို အဆင့်မြှင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ဥပမိရုပ်မကောင်းတဲ့ ကျောင်းများကို ပြင်ဆင်ပေးနိုင်ရန် ရှိ၊ မရှိ။ ကျောင်းသားနှင့်ကျောင်းဆောင် အချိုးမမျှတလို့ တောင်းခံ ထားတဲ့ ရန်ပုံငွေကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမယ်ဆို ပါက ကဏ္ဍအလိုက်ဆောင်ရွက်ပေးမယ့် အချိန်ကာလကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြလိုပါ တယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ ပညာရေးဆိုင်ရာမေးမြန်းချက်နဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ရှင်းလင်းတင်ပြဖြေကြားမှာ ဖြစ်ပါတယ်။ ဝမ်းတွင်းမြို့နယ် အတွင်းရှိ အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေသော အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ရေးအတွက် အဆိုပါကျောင်းများသို့ တက်ရောက်နိုင်မယ့် ကျောင်းသားဦးရေအရ အစီအစဉ် အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံကျောင်းများအတွက် အဆောက်အဦအသစ်ဆောက်လုပ်ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ရဲ့ ခွင့်ပြုငွေဖြင့်လည်းကောင်း နိုင်ငံတော်နှင့်မိဘပူးပေါင်း၍လည်းကောင်း၊ စေတနာရှင် အလှူရှင်များရဲ့ လှူဒါန်းမှုဖြင့် နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လောလောဆယ် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရွာသစ်အခြေခံပညာအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဖြစ် ၂၀၁၂-၂၀၁၃ ယခု ပညာသင်နှစ် စက်တင်ဘာ ၈ ရက်မှာ အဆင့်တိုးမြှင့်ပေးရန် လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါ

တယ်။ ဥပဓိရုပ်မကောင်းတဲ့ အခြေခံပညာကျောင်း ၄ ကျောင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ပေးနိုင်ရန်အတွက် ရန်ပုံငွေခွဲဝေပေးသွားမည်ဖြစ်ပါကြောင်း ကျောင်းသားဦးရေနှင့် ကျောင်းဆောင်အချိုးမမျှတ၍ အသစ်ဆောက်လုပ်ပေးရန်လိုအပ်တဲ့ အခြေခံပညာကျောင်းများအား စိစစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်မှ ရန်ပုံငွေတင်ပြတောင်းခံပြီး ခွဲဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တက္ကသိုလ်၊ ကောလိပ်များတွင် ဆေးရုံဆေးခန်းထားရှိရေး၊ ဆရာဝန်ဆရာမများထားရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးအစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဝင်း၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဝင်း(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းဖြစ်ပါတယ်။ မေးခွန်းမှာ တက္ကသိုလ်၊ ကောလိပ်များတွင် ဆေးရုံဆေးခန်းများထားရှိရေး၊ ဆရာဝန်ဆရာမများထားရှိရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးအစီအစဉ်များ ရှိ၊ မရှိ သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဤမေးခွန်းကို လွန်ခဲ့တဲ့ခြောက်လပိုင်းကတည်းက စီစဉ်ထားပါသဖြင့် ပြောင်းလဲကွာခြားချက်များ ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံ၏ပညာရေးကို ပြည်တွင်းပြည်ပပူးပေါင်း၍ ပညာရေးအဆင့်မြှင့်တင်ရေး ဆောင်ရွက်နေပါတယ်။ ရန်ကုန်၊ မန္တလေးတက္ကသိုလ်များတွင် Cenral of Excellent (COE) အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း ပညာရေးမြှင့်တင်မှုများဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ Information Technology University ဖွင့်လှစ်ရန်စီစဉ်ခြင်း၊ သင်ထောက်ကူပစ္စည်းနှင့် သင်ကြားသူအပါအဝင် ၂၀၁၃ ခုနှစ်တွင် စတင် ဖွင့်လှစ်နိုင်ရေးစီစဉ်နေကြောင်း Asia Foundation နှင့်ဆွေးနွေးကြကြောင်း၊ တက္ကသိုလ်များတွင် လိုအပ်သော စာအုပ်စာတမ်းများ Online Library စနစ်များပြုလုပ်ရန်စီစဉ်နေကြောင်း စသဖြင့် သိရှိရပါတယ်။ အချုပ်အားဖြင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးနှင့် သင်ကြားရေးတိုးတက်အောင်မြင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်ခင်ဗျား။ ထို့အတူ ကျောင်းကျန်းမာရေးအနေဖြင့် တက္ကသိုလ်ဆေးရုံ(ရန်ကုန်)ကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များတွင် ကျန်းမာရေးမြှင့်တင်ခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးပြုလုပ်သင့်ပါတယ်။ ဥပမာ-နည်းပညာတက္ကသိုလ်(ပုသိမ်)မှာ ဆေးရုံဆေးခန်း ဆရာဝန်၊ ဆရာမ မရှိလို ကျောင်းသားကျောင်းသူများ မိဘပြည်သူများပူးပေါင်းပြီး

ကိုယ့်အားကိုယ်ကိုး စီစဉ်ဆောင်ရွက်နေရပါတယ်။ သို့ပါသောကြောင့် (၁)ဆေးရုံဆေးခန်း၊ ဆရာဝန်ဆရာမများမရှိသော တက္ကသိုလ်၊ ကောလိပ်များတွင် ဆေးရုံဆေးခန်းထားရှိရေးနှင့် ဆရာဝန်ဆရာမများ ခန့်ထားရေးအစီအစဥ်များ ရှိ၊ မရှိ သိလို၍မေးမြန်းရခြင်း။ (၂) တက္ကသိုလ်ဆေးရုံ ရန်ကုန်တက္ကသိုလ်၊ ဆေးရုံဆေးခန်းရှိသော တက္ကသိုလ်၊ ကောလိပ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး အစီအစဉ်များ ရှိ၊ မရှိသိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး မင်္ဂလာပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်း၏မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြေကြားခွင့်ပြုပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမှ တက္ကသိုလ်၊ ကောလိပ်များတွင်ဆေးရုံ၊ ဆေးခန်းများထားရှိရေး၊ ဆရာဝန်ဆရာမများ ခန့်ထားရေးနှင့် တက္ကသိုလ်ဆေးရုံ(ရန်ကုန်)ကဲ့သို့ ဆေးရုံဆေးခန်းရှိသော တက္ကသိုလ်၊ ကောလိပ်များတွင် ကျန်းမာရေးစောင့်ရှောင့်မှုမြှင့်တင်ရေး အစီအစဉ်များ ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူ့ဆေးရုံစုစုပေါင်း ၉၂၉ ရုံဖြင့် တစ်နိုင်ငံလုံးရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျှက်ရှိသည့် အနက် ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်တက္ကသိုလ် ဆေးရုံ(ခုတင်-၁၀၀)နှင့် ဒဂုံတက္ကသိုလ်ဆေးရုံ (ခုတင်-၅၀)၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးတက္ကသိုလ်ဆေးရုံ(ခုတင်-၅၀)၊ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်ဆေးရုံ(ခုတင်-၁၆)နှင့် ရှမ်းပြည်နယ်တွင် တောင်ကြီးတက္ကသိုလ်ဆေးရုံ(ခုတင်-၁၆)တို့ဖြင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ တက္ကသိုလ်ဆေးရုံများသည် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက် လိုအပ်သော အခြေခံကျန်းမာရေးစောင့်ရှောက် ပေးနိုင်မှုများကိုဆောင်ရွက်ပေးနိုင်ရန်နှင့် အထူးကုဆရာဝန်များထံ ပြသရန် လိုအပ်ပါက အဆိုပါတက္ကသိုလ်များ တည်ရှိရာမြို့ကြီးများရှိ ပြည်သူ့ဆေးရုံများသို့ လွှဲပြောင်း

ပြသပေးနိုင်ရန် ရည်ရွယ်ထားရှိဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် တက္ကသိုလ်ဆေးရုံသီးခြားမရှိသော တက္ကသိုလ်များအား အဆိုပါဒေသရှိပြည်သူ့ဆေးရုံကြီးများမှ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဥပမာအားဖြင့် ပုသိမ်တက္ကသိုလ်မှာ ဖွဲ့စည်းပုံအရမရှိသော်လည်းပဲ ပုသိမ်ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦးနဲ့ Compounder ခေါ်ဆေးစပ်ဆရာဝန်တစ်ဦးနဲ့ ကျွန်တော်တို့ ပုသိမ်တက္ကသိုလ်မှာရှိတဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါတယ်။ လောလောဆယ်အားဖြင့် ပြည်သူ့ဆေရုံးကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် စံကိုက်ဝန်ထမ်းအင်အား ဖွဲ့စည်းပုံသို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆေးရုံသုံးပစ္စည်း ကိရိယာများ ဖြည့်ဆည်းခြင်းလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံကြီးများ၏ အရည်အသွေးမြှင့်ကျန်းမာရေးစောင့်ရှောက်မှုများသည် ဒေသရှိတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းသား၊ ကျောင်းသားသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက်ပါ လွှမ်းခြုံမှုရရှိနေပြီးသဖြင့် လက်ရှိအခြေအနေအားဖြင့် တက္ကသိုလ်ဆေးရုံများအား အဆင့်တိုးမြှင့်ဖွဲ့စည်းရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ⊞ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း လက်ခံရရှိကြောင်း ၂၈-၈-၂၀၁၂ ရက်နေ့မှာ လွှတ်တော်သို့ တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်း ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးရန် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေသည် ၁၈၈၅ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့ခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှလည်း မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်နေပြီဖြစ်ပါ၍ ဤဥပဒေသည် ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ တာဝန်ပေးအပ်ထားသည့် အချက် ၁၂ ချက်နှင့်အညီ ၂၇-၈-၂၀၁၂ ရက်နေ့တွင် လေ့လာစိစစ်ခဲ့ကြပါသည်။

၄။ ဤဥပဒေကြမ်းအပေါ်တွင် အမျိုးသားလွှတ်တော်က မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေအစား The Land Acquisition (Mines) Act, 1885 ဟု ပြင်ဆင်ပြီး အတည်ပြုခဲ့ရာ ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့သည့် ဥပဒေဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ နှင့်အညီ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က တိုင်းနှင့်ပြည်နယ် အသီးသီးတွင် စားကျက်မြေများကို ဌာနဆိုင်ရာအမည်ဖောက်၍လည်းကောင်း၊ ကုမ္ပဏီအမည်ဖောက်၍လည်းကောင်း ခွဲဝေချထားပြီး တောင်သူလယ်သမားများကို ထိုမြေများ၌စိုက်ပျိုးစေပြီး ဌာနဆိုင်ရာများကုမ္ပဏီများမှ သီးစားခရယူနေခြင်းများရှိနေပါသဖြင့် လယ်ယာမြေကို အမှန်တကယ် လုပ်ကိုင်နေသူများ လယ်သမားများကိုသာ ဦးပိုင်အမည်ပေါက် သတ်မှတ်၍ လုပ်ကိုင်ခွင့်ချထားပေးသင့်ကြောင်း အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းနှင့်ပြည်နယ်အသီးသီးမှာ စားကျက်မြေတွေကို ဌာနဆိုင်ရာအမည်ဖောက်ပြီးတော့ ဒါမှမဟုတ် ကုမ္ပဏီမြေအမည်ဖောက်ပြီးတော့မှ ခွဲဝေချထားပြီး တောင်သူလယ်သမားတွေက အဲဒီလယ်မြေတွေမှာ သွင်းအားစုတွေ ကိုယ်တိုင်ထည့် စိုက်ပျိုးလုပ်ကိုင်ပြီးတော့မှ ထွက်ရှိလာတဲ့ အကျိုးအမြတ်တွေကနေ သီးစားခ ပေးနေရတဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့မှ တကယ် လုပ်တဲ့တောင်သူလယ်သမားတွေကိုပဲ ဦးပိုင်အမည်ပေါက် ချထားပေးဖို့အတွက် ကျွန်တော်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အဆိုမှာ ကိန်းဂဏန်းတွေနဲ့ ဥပဒေစာသားတွေပါတဲ့အတွက် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အစဉ်အလာအားဖြင့် အခြေခံထားတဲ့နိုင်ငံဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာမြေတွေပေါ်မှာပဲ အမှီပြုပြီးတော့မှ အသက်မွေးဝမ်းကျောင်းပြုနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဆိုပါ လယ်မြေများမှာ အဓိကအမှီသဟဲပြုနေရလို့ မြေယာပေါ်မှာ ကျင့်သုံးတဲ့စနစ်တွေ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မှသာ တောင်သူလယ်သမားတွေရဲ့ဘဝ ဖူလုံချောင်လည်လာမှာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ခေတ်အမျိုးမျိုးမှာ ပုံစံအမျိုးမျိုးနဲ့ တောင်သူလယ်သမားတွေကို အခွင့်အရေးအမျိုးမျိုး သတ်မှတ်ပေးခဲ့ကြတာ တွေ့ရပါတယ်။ မြန်မာဘုရင်များလက်ထက်မှာ လယ်မြေနဲ့ပတ်သက်ပြီးတော့မှ ဘုရင်ပိုင်မြေ၊ အမှုထမ်းမြေ၊ အများပြည်သူပိုင်မြေ၊ ဝတ္တကမြေဆိုပြီးတော့မှ ၄ မျိုးခွဲခြားသတ်မှတ်ပြီးတော့မှ အများပြည်သူမြေကိုလည်း ဓားမဦးချမြေ၊

ဘိုးဘွားပိုင်မြေ၊ ဘုံမြေလို့သတ်မှတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ၁၈၇၆ ခုနှစ် မြေနှင့်အခွန်တော် အက်ဥပဒေအရ တောင်သူလယ်သမားများတစ်ဦးအနေနဲ့ လယ်မြေတစ်ကွက်ကို ကိုယ်တိုင် အဆက် မပြတ် ၁၂ နှစ်ထက်မနည်း လုပ်ကိုင်ပြီး မြေခွန်ကိုလည်း မှန်မှန်ဆောင်ရွက်လို့ရှိရင် ထိုလယ်သမားဟာ မိမိလုပ်ကိုင်နေတဲ့ လယ်မြေကို လက်ဝယ်ထားရှိလုပ်စားပိုင်ခွင့်ရှိတယ်လို့လည်း ရှေးအစဉ်အဆက် ပြဋ္ဌာန်းခဲ့တာကိုတွေ့ရှိရပါတယ်။ နယ်ချဲ့အစိုးရလက်ထက်မှာ၊ ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာ လယ်မြေ သတ်မှတ်ချက် အခေါ်အဝေါ်မတူပေမယ့် ရပိုင်ခွင့်တူညီစွာပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါတယ်။ အထက်မြန်မာနိုင်ငံမှာတော့ လက်ဝယ်ထားရှိလုပ်ပိုင်ခွင့်မြေနှင့် အစိုးရမြေလို့ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် နယ်ချဲ့လက်ထက်မှာ (၁) ဂရန်ကြီးမြေ (သို့မဟုတ်) အပိုင်စာချုပ်မြေ၊ (၂) အငှားစာချုပ်မြေ (နှစ်ရှည် ၉၀ နှစ်)၊ (၃) ယာယီလုပ်ပိုင်ခွင့်မြေ (နှစ်တို ၂၅ နှစ်)၊ (၄) နယ်သစ်ဖွင့်မြေ၊ (၅) ကျွန်းမြေနု အစရှိတဲ့ သတ်မှတ်ချက်များနဲ့ လုပ်ပိုင်ခွင့်ပေးခဲ့ရုံမက အချို့လယ်မြေများနှင့် ပိုင်ခွင့်၊ ပေါင်နှံခွင့်နှင့် ရောင်းချပိုင်ခွင့်တွေ ပေးလိုက်သဖြင့် မြေခစား မြေရှင်စနစ်ကို အုတ်မြစ်ချပေးခဲ့တဲ့အတွက် ထိုအချိန် ကစပြီး တောင်သူလယ်သမားတွေအတွက် မြေရှင်တွေရဲ့ ချယ်လှယ်မှုကို ခံခဲ့ကြရတာပဲဖြစ်ပါတယ်။ မြေရှင်ကြီးစနစ်ကို တော်လှန်ရေးကောင်စီလက်ထက်မှာ နည်းဥပဒေတွေ၊ ဥပဒေတွေထုတ်ပြန်ပြီး မြေရှင်စနစ်ကို အမြစ်မှစပြီး တွန်းလှန်နိုင်အောင် လမ်းခင်းဆောင်ရွက်ပေးခဲ့တာကို တွေ့ရပါတယ်။ အဲဒီဥပဒေတွေကတော့ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေ၊ ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ အစရှိသည်တို့ဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ နည်းဥပဒေများဟာ ၁၉၅၃ ခုနှစ် သီးစားချထားရေးဥပဒေကို အစားထိုး လိုက်တဲ့အတွက် လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ပိုပြီးတိကျပြတ်သားစွာနဲ့ မြေရှင်ကိုချုပ်ကိုင် ထားသလို လက်ငုတ်တောင်သူလယ်သမားတွေရဲ့အကျိုးကိုလည်း ကာကွယ်ပေးခဲ့တာကို တွေ့ရပါ တယ်။ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေဟာလည်း ငွေရှင်၊ ကြေးရှင်နှင့် မြေရှင်တွေရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုအန္တရာယ်ကနေပြီးတော့ တောင်သူလယ်သမား တွေကို ထိရောက်စွာအကာအကွယ်ပေးခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟာ သီးစားခဖျက်သိမ်းပေးလိုက်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြေရှင် စနစ်ကို ဖျက်သိမ်းရာမှာ အပြင်းထန်ဆုံးနှင့် အထိရောက်ဆုံး လက်နက်ကဲ့သို့ အသုံးဝင်တဲ့ပြဋ္ဌာန်းချက် တစ်ရပ်လည်းဖြစ်ပါတယ်။ အဲဒီဥပဒေမှာ လယ်ယာမြေများပေါ်တွင် အစိုးရကချထားသော သီးစားများ

သည် သို့မဟုတ် မြေရှင်ကချပေးထားသော သီးစားများ ကျန်ရှိနေသေးလျှင် ထိုသီးစားများသည် မြေရှင်အား သီးစားခပေးရန်မလိုလို့ ၅-၄-၁၉၆၅ ရက်နေ့က ပြဋ္ဌာန်းတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ထုတ်ပြန်ခဲ့တဲ့ လယ်ယာမြေဥပဒေမှာလည်း ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေတို့ကို ရုပ်သိမ်းလိုက်ပေမယ့် ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကတော့ ရုပ်သိမ်းတဲ့အထဲမှာ ပါဝင်ခြင်းမရှိသေးဘဲ အသက်ဝင်လျက်ရှိတာကိုလည်း အခုအခါမှာ အချို့ဒေသတွေမှာ လယ်မြေဦးပိုင်အမည်ပေါက်တာကို အကြောင်းပြုပြီးတော့မှ သွင်းအားစုတွေလည်း ထည့်သွင်းခြင်းမရှိ၊ ကိုယ်တိုင်လည်းဆောင်ရွက်ခြင်းမရှိဘဲ လယ်သမားများကိုသာ သူတို့ရင်းနှီးစိုက်ထုတ်ငွေတွေနဲ့ စိုက်ပျိုးစေပြီး တစ်ဧကကို ၈ တင်းကနေ ၁၀ တင်း၊ ၁၂ တင်း အစရှိသဖြင့် သီးစားချထားကောက်ခံနေတာကို ကြားသိနေရပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် သုံးခွမြို့နယ် ဩဘာညွန့်ကျေးရွာအုပ်စုအပိုင် တောင်ကောမြေတွေမှာ ဌာနဆိုင်ရာတွေက လယ်မြေလုပ်၍မရတဲ့မြေဧက ၂၅၀ ကို ဌာနဆိုင်ရာအမည်ပေါက်ပြီးတော့မှ ငါးကန်တွေတူးပြီး ဩဘာညွန့်၊ သမစိတ္တကျေးရွာတွေက လယ်သမား ၅ ဦးကို တစ်လ ၅ သိန်းပေးစေပြီး လုပ်ကိုင်နေတာကို တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွ မြို့နယ် ညောင်ပင်ခင်တန်းအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စုတို့မှာ စားကျက်မြေဧက ၂၈၀၀ ရှိတဲ့အနက် ဝန်ထမ်းသက်သာအကြောင်းပြချက်နဲ့ အစိုးရဌာန ၅ ခုအနေနဲ့ စုစုပေါင်း ၇၂၁ ဧကကို တစ်ဧကလျှင် စပါး ၁၅ တင်းကနေ ၁၇ တင်းနှုန်းပေးသွင်းစေလျက် သီးစားခတွေရယူနေတာကို တွေ့ရှိရပါတယ်။ ကျန်ဧက ၂၀၀၀ ခန့်မှာလည်း အလားတူကျေးရွာသားများက သီးစားခများပေး၍ စိုက်ပျိုးနေကြရဆဲဖြစ်ပြီး အသေးစိတ်စာရင်းတွေ ကောက်ယူနေဆဲဖြစ်ပါတယ်။ အလားတူပဲ သုံးခွမြို့နယ် ညောင်ပင်ခင်တန်းကျေးရွာအုပ်စုပိုင် စားကျက်မြေဧက ၇၀ မှာလည်း အစိုးရဦးစီးဌာနအမည်ဖောက်ပြီးတော့မှ တစ်ဧက ၁၃ တင်းနှုန်း သီးစားခပေးပြီးတော့မှ စိုက်ပျိုးနေကြရဆဲဖြစ်တယ်ဆိုတာလည်း သိရှိရပါတယ်။ သုံးခွမြို့နယ် မင်းရာအသင်းပိုင် တောင်ကောမြေဧက ၆၅၀ ကိုလည်း ဌာနဆိုင်ရာ ၄ ခု၊ လူမှုရေး အသင်းအဖွဲ့ ၃ ခု၊ ပုဂ္ဂလိက တစ်ဦးတို့က အမည်ပေါက်ရယူပြီး သီးစားခနှုန်းထားအမျိုးမျိုး ပေးသွင်းစေလျက် စိုက်ပျိုးနေကြရဆဲဖြစ်တယ်ဆိုတာကိုလည်း တွေ့ရှိနေရပါတယ်။ ဒီလိုဖြစ်တာနဲ့ ပတ်သက်ပြီးတော့မှ ယခင်ကတော့ ဌာနဆိုင်ရာတွေက ဝန်ထမ်းသက်သာအကြောင်းပြချက်နဲ့ စားကျက်မြေတွေကို ဌာနဆိုင်ရာအမည်ခံပြီးတော့မှ ရန်ပုံငွေရှာခြင်းဖြစ်တယ်လို့

သိထားရပါတယ်။ ဒီနေ့ကာလမှာ နိုင်ငံတော်က ဝန်ထမ်းတွေကိုလည်း လစာတိုးပေးခြင်း၊ ထပ်ဆောင်းငွေတွေကိုလည်း ပံ့ပိုးနေတာဖြစ်တဲ့အတွက် သီးခြားရန်ပုံငွေရှာရန် မလိုတော့ဘူးလို့ ကျွန်တော်တို့အနေနဲ့ ယူဆရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုလို့ရှိရင်လည်း ဝန်ထမ်းသက်သာ ဖွင့်ထားတဲ့ဆိုင်တွေအားလုံးဟာ ပြီးခဲ့တဲ့တစ်နှစ်လောက်ကစပြီးတော့မှ အကုန်လုံးပိတ်သိမ်းသွားပြီး ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ အလားတူပါပဲ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်မှာလည်း တောင်သူလယ်သမားတွေအနေနဲ့ သီးစားခပေးပြီး စိုက်ပျိုးနေရဆဲရှိနေတာကိုလည်း တောင်သူ လယ်သမားတွေရဲ့ တင်ပြစာများအရ သိရှိရပါတယ်။ သီးစားခပေးနေရတဲ့မြေတွေနဲ့ ပတ်သက်ပြီး တော့မှ တစ်ချို့ကတော့ လယ်သမားအနေနဲ့ အစဉ်အဆက်လုပ်ကိုင်လာတဲ့ လယ်မြေဖြစ်ပေမယ့် အကြောင်းကြောင်းကြောင့် ဦးပိုင်အမည်အပေါက်ခြင်း၊ ရွာနီးချုပ်စပ်က မြေလွတ်၊ မြေလပ်များကို တောင်သူလယ်သမားများက ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးသော်လည်း လယ်သမားအနေနဲ့ ဦးပိုင်အမည် ပေါက်အောင် ဆောင်ရွက်ပေးနိုင်မှုမရှိခြင်း၊ အကြောင်းကြောင်းကြောင့် ဦးပိုင်အမည်မပေါက်ဘဲ ပလပ်မြေများဖြစ်နေခြင်း၊ ဦးပိုင်မရှိသေးသော စားကျက်မြေများအစရှိတဲ့ ဦးပိုင်အမည်မပေါက်တဲ့ မြေတွေကို ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကတွေက သက်ဆိုင်ရာဌာနမှာ ဦးပိုင်အမည်ပေါက်အောင်လုပ်ပြီးမှ စာရွက်ပေါ်မှာသိမ်းပိုက်လိုက်ပြီး ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို မျက်ကွယ်ပြုပြီးတော့မှ သီးစားခရယူနေတာဟာ ဒီလိုလုပ်တဲ့လူတွေဟာ မြေရှင်စနစ်ကို ပြန်အသက်သွင်းနေသလိုပဲဖြစ်နေ ပါတယ်။ လယ်ယာမြေတွေကို တောင်သူလယ်သမားတွေနဲ့ နိုင်ငံတော်အတွက် တကယ်အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးချနိုင်ဖို့အတွက် မြေရှင်စနစ်ကို ပြန်လည်မသွားအောင်လို့ ကျွန်တော်တို့ ဥပဒေနဲ့ တားဆီးကြရမှာဖြစ်ပါတယ်။ လယ်ယာမြေကို အခြေခံပြီးတော့မှ တစ်ဦးတစ်ယောက်ဟာ အခြားတစ်ဦး တစ်ယောက်လုပ်အားခကနေပြီးတော့ ပေါ်ထွက်လာတဲ့ အကျိုးအမြတ်ကို ခေါင်းပုံဖြတ်ခြင်းမရှိဖို့ အတွက်အရေးကြီးပါတယ်။ ဒါကြောင့် လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ကိုသာ အဓိက ဖြစ်အောင်လုပ်ပေးရမှာဖြစ်တဲ့အတွက် လက်ရှိအသစ်ထုတ်ပြန်လိုက်တဲ့ လယ်ယာမြေဥပဒေမှာ လယ်လုပ်သူသာ လယ်လုပ်ပိုင်ခွင့် ရှိအောင်ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ထိုလယ်လုပ်ခွင့်အရ အခွင့်အရေးအမျိုးမျိုးနဲ့ လယ်မြေအမျိုးမျိုးကို မိမိတို့လက်ဝယ်ထားရှိပြီး လုပ်ကိုင်စားသောက်ခွင့် ရရှိထားခြင်းကိုပဲ ဦးပိုင်အမည်ပေါက် တယ်လို့အများက နားလည်ထားကြပါတယ်။ လယ်မြေ တစ်ကွက်ကို မိမိဦးပိုင်ပေါက်လို့ရှိရင် မိမိအစအဆုံးပိုင်တယ်။ ထိုလယ်မြေကို မိမိသဘောနဲ့ ပေါင်နှံ နိုင်တယ်၊ ရောင်းချနိုင်တယ်၊ ခွဲစိတ်နိုင်တယ်၊ လွှဲပြောင်းပေးနိုင်တယ်၊ သီးစားချနိုင်တယ်စတဲ့

လုပ်ပိုင်ခွင့်များရှိတယ်လို့ တောင်သူလယ်သမားတွေ အပါအဝင်အများစုက ယူဆနေကြပါတယ်။ လယ်မြေတစ်ကွက်ကို ဦးပိုင်အမည်ပေါက်တယ်ဆိုတဲ့နေရာမှာ အဲဒီလယ်မြေအတွက် လက်ဝယ်ထားရှိခွင့်နှင့် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသူအနေနဲ့ မြေစာရင်းဌာနမှာ မိမိအမည်စာရင်း ပေါက်နေခြင်းမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်မြေတစ်ကွက်ကို မိမိဦးပိုင် ပေါက်နေခြင်းဖြင့် ထိုလယ်မြေကို လူသုံးကုန်ပစ္စည်းတစ်ခုကဲ့သို့ မိမိပိုင်ဆိုင်သည် လုပ်ချင်သလိုလုပ်ပိုင်ခွင့်ရှိတယ်လို့ မယူဆအပ်ပါဘူး။ တရားဥပဒေက ပေးအပ်ထားတဲ့ အခွင့်အရေးအတွင်း၌သာ အဲဒီလယ်မြေကို မိမိကအသုံးချခွင့်ရှိတာပဲဖြစ်ပါတယ်။ လယ်မြေတစ်ကွက်ကို ဦးပိုင်ပေါက်ခြင်းနှင့် ပတ်သက်ပြီးတော့မှ အဓိက အချက်နှစ်ချက်ရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီနှစ်ချက်ကတော့ မြေစာရင်းဌာနမှာ အမည်ပေါက်ခြင်းနှင့် လယ်ယာမြေမှာလုပ်ပိုင်ခွင့်ရခြင်း ဖြစ်ပါတယ်။ လယ်ယာမြေတစ်ကွက်အတွက် ဦးပိုင်ပေါက်တဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ သက်ဆိုင်ရာလယ်မြေမှာ မိမိသည် လက်ငုတ်ဖြစ်နေပါက ထိုလယ်ယာမြေအတွက် မြေစာရင်းဌာနမှာ မိမိအမည်လည်းပေါက်နိုင်တယ်။ လယ်ယာမြေမှာလည်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနိုင်မှာပဲဖြစ်ပါတယ်။ သက်ဆိုင်တဲ့လယ်ယာမြေမှာ မိမိသည် လက်ငုတ်မဟုတ်ပါက မိမိဦးပိုင်ပေါက်ခြင်းဖြင့် မြေစာရင်းဌာနတွင် အမည်ပေါက်နိုင်ပါ တယ်။ ဒါပေမယ့် လယ်ယာမြေမှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်မရနိုင်ပါ။ အဲဒီနှစ်ချက်ကို ထောက်ရှုရင် ဦးပိုင်ပေါက်ခြင်းဟာ လယ်ယာမြေတစ်ကွက်ကို လုပ်ပိုင်ခွင့်ပေးနိုင်စွမ်းမရှိဘဲ မြေစာရင်းဌာနတွင် မိမိအမည်ပေါက်နိုင်စွမ်းသာ ရှိကြောင်း တွေ့ရှိရပါတယ်။ လယ်ယာမြေတစ်ကွက်ကို လုပ်ပိုင်ခွင့်ရဖို့အတွက် အဓိကအားဖြင့် လက်ရှိလက်ငုတ်ဖြစ်ခြင်းက အထောက်အကူပြုနိုင်တာဖြစ်ပါတယ်။ လက်ရှိလက်ငုတ်လုပ်ကိုင်စိုက်ပျိုးနေတဲ့ တောင်သူလယ်သမားများကိုသာ ဦးပိုင်အမည်ပေါက်စေခြင်းသည်သာလျှင် ပို၍သဘာဝကျမယ်လို့ ထင်မြင်ယူဆပါတယ်။ မကြာမီက ထုတ်ပြန်ခဲ့တဲ့လယ်ယာမြေဥပဒေ အခန်း(၂) လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုခြင်း ပုဒ်မ ၆ မှာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါလူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေပိုင်ဆိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရမယ်လို့ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဲဒီ ဥပဒေ ပုဒ်မ ၆ (က) ၂ မှာ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားတဲ့ ထိုအိမ်ထောင်စု မိသားစုဝင် အကြီးအကဲ သို့မဟုတ် ထိုအိမ်ထောင်မိသားစုတွင် ပါဝင်သူတစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဥပဒေပြဋ္ဌာန်းအတည်မပြုမီ

တည်ဆဲမြေယာဥပဒေများနှင့်အညီ တရားဝင်လက်ရှိလက်ငုတ် လုပ်ကိုင်နေသူဖြစ်ရမယ့်လို့ ဖော်ပြထားပါတယ်။ ရိုးသားတဲ့ တောင်သူလယ်သမားအများစုအနေနဲ့ လယ်ယာမြေဥပဒေကို တိတိကျကျ သိသူနည်းပါးကြပြီး ဦးပိုင်အမည်ပေါက်သူကို သီးစားခပေးရန် တာဝန်ရှိတယ်လို့ အရိုးစွဲယုံကြည်နေကြပြီး ထိုလယ်ကို လုပ်ပိုင်ခွင့်မရမှာကိုလည်း စိုးရိမ်နေတာကတစ်ကြောင်း အရင်းအနှီးမရှိတဲ့အတွက် တခြားလုပ်ငန်းတွေ မလုပ်စားတတ်ဘဲနဲ့ လယ်ယာစိုက်ပျိုးခြင်းကိုသာ အဓိကအားဖြင့် လုပ်ကိုင်စားသောက်တတ်တဲ့အတွက် ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကို ဖျက်သိမ်းသည့်ဥပဒေကို သိလျက်နဲ့ဖြစ်စေ၊ မသိ၍ဖြစ်စေ သီးစားခပေး စိုက်ပျိုးနေကြရဆဲ ဖြစ်ပါတယ်။ ဒီလို သီးစားခပေး စိုက်ပျိုးနေကြရတာကလည်း စိုက်နိုင်တဲ့မြေတိုးတက်မှုနဲ့ လူဦးရေတိုးတက်မှုအချိုးကို ကြည့်မယ်ဆိုရင် လူဦးရေတိုးတက်မှုနှုန်းက ပိုများနေတာကိုလည်း တွေ့နေရပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ မြေယာစိုက်ပျိုးထုတ်လုပ်ရေးနဲ့ပတ်သက်ပြီးတော့မှ လွတ်လပ်ရေးရပြီးခါစ ၁၉၅၀ ပြည့်နှစ်များမှာ အခြားလွတ်လပ်စနိုင်ငံများနှင့်နှိုင်းယှဥ်လျှင် တော်တော်အခြေအနေကောင်းခဲ့ပါတယ်။ အဲဒီတုန်းက ကျေးလက်ဒေသလူဦးရေ ၁၅ သန်းအတွက် စိုက်ပျိုးမြေဧက ၂၀ သန်းရှိခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် စာရင်းတွေအရ ကျေးလက်ဒေသလူဦးရေ ၃၉ သန်းခန့် ဖြစ်လာပြီး စိုက်ပျိုးမြေကတော့ ၂၆ သန်းခန့်သာရှိတဲ့အတွက် အချိုးပြောင်းလဲသွားတယ်လို့ သိရပါတယ်။ ဒါဟာ လူဦးရေတိုးတက်သလောက် နေစရာနဲ့ လုပ်ကိုင်စရာမြေနေရာ လိုအပ်လာလို့ မြေဧရိယာကျဥ်းသွားသလို ဖြစ်သွားပါတယ်။ လက်လှမ်းမီသလောက် စာရင်းကောက်ယူ ကြည့်ရှုရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် ကိုးမြို့နယ်မှာ လယ်ယာမဲ့လုပ်သားဦးရေ ၆၆၀၉၆ ဦးရှိတဲ့ဆိုတာ သိရှိရပါတယ်။ လယ်ယာမြေမှာ ကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုဘဲ ထိုလယ်ယာမြေမှ ရရှိနိုင်မယ့် အကျိုးကျေးဇူးကိုသာ မျှော်ကိုးပြီး ပိုင်ဆိုင်မှုအမည်ပေါက်အောင် တစ်နည်းတစ်လမ်းဆောင်ရွက်ထားခြင်း သို့မဟုတ် အမည်ပေါက် ပိုင်ဆိုင်ထားစေခြင်းသည် ပြည်သူများအနေနဲ့ မြေခစားမြေရှင်ကြီးစနစ်ကို ပြန်လည်အသက်သွင်းသကဲ့သို့ ဖြစ်နေမှလားလို့ ကျွန်တော်တို့အနေနဲ့ စဥ်းစားမိပါတယ်။ မြေစာရင်းဌာနမှာ ဦးပိုင်အမည်ပေါက်ခြင်းနှင့်စပ်လျဥ်းပြီးတော့မှ ဘယ်လိုအချက်တွေနဲ့ကိုက်ညီရင် ဦးပိုင်အမည်ပေါက်ခွင့်ရှိတယ်ဆိုတာ တိတိကျကျသတ်မှတ်ပေးထားပြီး ဖြစ်တယ်လို့လည်း ယူဆပါတယ်။ ထိုဦးပိုင်အမည်ပေါက်ခွင့် သတ်မှတ်ချက်သည် ခေတ်စနစ်နှင့်မကိုက်ညီပဲ တစ်ဦးတစ်ယောက်ကို မျက်နှာသာပေးပြီး မြေဧကအမြောက်အမြားကို သတ်မှတ်ပေးတာမျိုး မဖြစ်သင့်ပဲ အမှန်တကယ်လယ်ယာမြေကို လုပ်ကိုင်နေသူ တောင်သူလယ်သမားများကိုသာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေ

လုပ်ပိုင် ခွင့်ပြုလက်မှတ်ကိုင်ဆောင်ထားသူ တောင်သူလယ်သမားများကိုသာ အမည်ပေါက် သတ်မှတ်ပေးသင့်တဲ့အတွက် တိုင်းနှင့်ပြည်နယ်အသီးသီးမှာ စားကျက်မြေတွေ၊ မြေလွတ်၊ မြေလပ်တွေ ဌာနဆိုင်ရာ အမည်ဖောက်၍လည်းကောင်း၊ ကုမ္ပဏီအမည်ဖောက်၍လည်းကောင်း ခွဲဝေချထားပြီး တောင်သူလယ်သမားများထံမှ သီးစားခရယူနေခြင်းများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိတဲ့ အတွက် လက်ရှိလက်ငုတ်စိုက်ပျိုးနေတဲ့ တောင်သူလယ်သမားများကိုသာ ပုဒ်မ ၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)(၂) တို့နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ဦးပိုင်အမည်ပေါက်စေခြင်းတို့ကို နိုင်ငံတော်တာဝန်ရှိသူများမှ ဆောင်ရွက်ပေးပါရန်နှင့် အဲဒီလို ဆောင်ရွက်ရာမှာ ဥပဒေနှင့်အညီ သမာသမတ်ကျကျ ဆောင်ရွက်နိုင်မယ့်ပုဂ္ဂိုလ်များကို သီးခြားရွေးချယ်ဖွဲ့စည်း တာဝန်ပေးကြပ်မတ်ဆောင်ရွက်ပေးဖို့ တင်ပြကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း တင်သွင်းမယ့်အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းတင်သွင်းတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စားကျက်မြေများကို ဌာနဆိုင်ရာအမည်ဖောက်၍လည်းကောင်း၊ ကုမ္ပဏီအမည်ဖောက်၍လည်းကောင်း ခွဲဝေချထား၍ တောင်သူလယ်သမားများကို ထိုမြေများ၌ စိုက်ပျိုးစေပြီး ဌာနဆိုင်ရာများကုမ္ပဏီများမှ သီးစားခရယူနေခြင်းများ ရှိနေပါသဖြင့် လယ်ယာမြေများကို အမှန်တကယ် လုပ်ကိုင်နေသူများ လယ်သမားများကိုသာ ဦးပိုင်အမည်ပေါက်သတ်မှတ်ပေး၍ လုပ်ကိုင်ခွင့် ချထားပေးသင့်ကြောင်းအဆိုဟာ ပြည်သူ့လွှတ်တော်ကြီးမှာ အမှန်တကယ် ဆွေးနွေးသင့်တဲ့အဆို ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ လယ်ယာမြေလုပ်ကိုင်ဆောင်ရွက်တဲ့ တစ်ချိန်တုန်းက တောင်သူလယ်သမားများဟာ ၁၀ ဧကကို ထွန်တုံးတစ်တုံးလုပ်ပြီးတော့ နွားတစ်ရှင်းပေါ့။ လယ်ဧက ၅၀ ပိုင်တဲ့လူဟာ နွား ၁၀ ကောင် လောက်ရှိပါတယ်။ အဲဒီမှာ နွားတွေရဲ့ လုပ်ငန်းဆောင်ရွက်ပြီးတဲ့အခါမှာ နွားတွေကို ကျွေးဖို့၊ မွေးဖို့အတွက် စားကျက်မြေတွေဆိုတာထားရပါတယ်။ အခုနောက်ပိုင်းမှာ ကျွန်တော်တို့ စက်မှုလယ်ယာတွေ ထွန်းကားလာတဲ့အချိန်မှာ ဒီလယ်ယာမြေများကို လယ်ထွန်စက်တွေနဲ့ ဆောင်ရွက်တဲ့အခါမှာ ဧက ၃၀၊ ၅၀ ကို လယ်ထွန်စက်တစ်စီးနဲ့ ဆောင်ရွက်တဲ့အခါမှာ တောင်သူလယ်သမားများမှာ နွားတွေဟာပိုလာပါတယ်။ ပိုလာတဲ့အခါမှာ ရောင်းရင်းပြုရင်းနဲ့ တောင်သူလယ်သမားများမှာ နွားတွေဟာ လျော့နည်းလာပြီးတော့ ဒီစားကျက်မြေတွေဟာ အပိုတွေ

ဖြစ်လာပါတယ်။ အဲဒီအပိုတွေဖြစ်လာတဲ့ စားကျက်မြေတွေကို ယခု ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွေမှာ တဖြည်းဖြည်းနဲ့ မြို့နယ်တွေမှာဆိုလို့ရှိရင် မြို့နယ်ရဲ့ရန်ပုံငွေဆိုပြီးတော့ ဒီဟာတွေကို သိမ်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့အခါကျတော့လည်း သူတို့ကိုယ် လုပ်တာမဟုတ်ပါဘူး။ ဒီတောင်သူလယ်သမားတွေကိုပဲ သီးစားခပေးပြီးတော့ ပြောမယ်ဆိုရင်တော့ တောင်သူလယ်သမားတွေဆီကရရှိတဲ့ စပါးတို့၊ဘာတို့ကို သူတို့ ရန်ပုံငွေအမြတ်ယူတာပေါ့။ ဒါကြောင့်မို့လို့ ဦးအောင်သိန်းလင်းတင်ပြတဲ့အဆိုဟာ အမှန်တကယ် မြေပြင်မှာလည်းပဲ တကယ်ဖြစ်နေတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမှန်တကယ်သီးစားခယူပြီး လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားများရဲ့ အကျိုးကို မျှော်ပြီးတော့ တင်သွင်းတဲ့အဆိုဖြစ်တဲ့အတွက် ဒီအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှာ ဆွေးနွေးသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအောင်သိန်းလင်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းခဲ့တဲ့ အဆိုနှင့်ပတ်သက်လို့ လွှတ်တော်မှ လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း အဆိုအားလုံးဝကန့်ကွက်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုရင် အဆိုပါဖော်ပြထားတာက တိုင်းနှင့်ပြည်နယ်အသီးသီးတွင်ရှိသော စားကျက်မြေများလို့ ဖော်ပြထားပါတယ်။ နောက်တစ်ခါ ယင်းရဲ့အဆိုကို ရှင်းလင်းဆွေးနွေးတဲ့အခါမှာ လယ်ယာမြေများပုံစံနဲ့ ဆွေးနွေးတင်ပြတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ နှင့် ထုတ်ပြန်ခဲ့သော လယ်ယာမြေဥပဒေ အခန်း(၁၁)

လယ်ယာမြေကို စီမံခန့်ခွဲခြင်း ပုဒ်မ ၃၃ မှာပါရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ကခန့်အပ်သော အာဏာပိုင်ကသော်လည်းကောင်း တခြားနည်းအမိန့်ဆင့်ဆိုသည်မှတစ်ပါး ကျွဲ၊ နွား၊ စားကျက်များနှင့် ရွာဘုံမြေများကို မပျက်ဆီးစေပဲ ဆက်လက်ထားရှိရမည်ဆိုသော ဥပဒေကို ကျော်လွန်ဖောက်ဖျက်ရာရောက်ပါတယ်ခင်ဗျား။ နောက်တစ်ခါ စားကျက်မြေများနှင့်ပတ်သက်လို့ အခုခေတ်မှာ ကျွဲ၊ နွားများ ပိုနေတယ်ဆိုတာလည်း လုံးဝ မှားယွင်းနေတဲ့အချက်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကျေးလက်တောရွာတွေမှာ မွေးဖွားကြီး ပြင်းပြီး တောင်သူလယ်သမားတွေကြားမှာ နေထိုင်နေရတဲ့ ယနေ့ခေတ် တောင်သူလယ်သမားများရဲ့ ဘဝကို ကိုယ်တိုင်ကိုယ်ကျ ထပ်တူထပ်မျှ နေနေကြရတဲ့သူတွေ အားလုံးသိရှိပြီးဖြစ်မှာပါ။ ကျွန်တော်တို့ နိုင်ငံဟာ ယနေ့ စက်မှုလယ်ယာနိုင်ငံအဖြစ် လုံးဝပြောင်းလဲနိုင်တဲ့အဆင့် မရှိသေးပါဘူး။ ဒါကြောင့် မို့လို့ မိရိုးဖလာစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကျွဲ၊ နွားများဟာလယ်ယာထုတ်ကုန်လုပ် ငန်းများအတွက်အရေးကြီးသော အဓိကကုန်ထုတ်ကိရိယာများဖြစ်နေပါတယ်။ ဒီကျွဲနွားများအတွက် ကျွဲ၊ နွားများကျန်းမာရေးနှင့် ကျွဲ၊ နွားများ စားစရာကိစ္စများ စားကျက်မြေများကို မည်သည့်ခေတ် မြေယာဥပဒေများမှာမှ ထိပါးခြင်း၊ ဖျက်သိမ်းခြင်း မပြုခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ဦးအောင်သိန်းလင်း တင်ပြတဲ့ စားကျက်မြေများကို လယ်ယာမြေအတွက် ဖန်တီးဖို့ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြထားတဲ့ ဇယား ၃ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ရဲ့စီမံပိုင်ခွင့် ဇယား ၃ အမှတ် ၆ မှာ စားကျက်မြေထိန်းသိမ်းရေးဆိုတာ ဖော်ပြထားပါတယ်။ မြေနှင့် အခွန် နည်းဥပဒေမှာလည်းပဲ စားကျက်မြေများ၊ ရွာဘုံမြေနဲ့ပတ်သက်လို့ ဖျက်သိမ်းနိုင်ခွင့်မရှိပါဘူး။ လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများမှာလည်းပဲ စားကျက်မြေများ၊ ရွာဘုံမြေများကို မူလအတိုင်းပဲတည်ရှိဖို့ ဖော်ပြထားတာရှိပါတယ်။ မြန်မာနိုင်ငံ မြေစာရင်းလက်စွဲမှာလည်းပဲ စားကျက်မြေများကို မူလအတိုင်းပဲထားရှိဖို့ ဖော်ပြထားတာကို တွေ့ရ ပါတယ်။ သို့အတွက် ကျွန်တော်တို့ ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်အနေနဲ့ တောင်သူလယ်သမား များအပါအဝင် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများအားလုံးတို့က စားကျက်မြေများကို ဖျက်သိမ်းပြီးတော့ အခြားမြေများအဖြစ် ဖန်တီးခြင်းဟာ မသင့်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်မှ ဤအဆိုကြီးကို လက်ခံဆွေးနွေး ရန်မသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ လက်ခံဆွေးနွေးဖို့ လွှတ်တော်က အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ခံဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက သုံးပုံတစ်ပုံက ဆွေးနွေးဖို့ ထောက်ခံတယ်ဆိုလို့ရှိရင် လက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ခံဆွေးနွေးဖို့အတွက် ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ရေတွက်ပါ။ ထိုင်နိုင်ပါပြီ။

**အခမ်းအနားမှူး**။ ။ ယခု ဆန္ဒမဲပေးတဲ့အရေအတွက်ကို ကြေညာပါမယ်ခင်ဗျား။ အစည်းအဝေး တက်ရောက်သူ ၃၈၃ ဦးရှိပြီးတော့ ထောက်ခံဆန္ဒမဲပေးသူအနေနဲ့ ပထမတန်း ၅၃၊ ဒုတိယတန်း ၅၁၊ တတိယတန်း ၇၃၊ စုစုပေါင်း ၁၇၇ ဦးရှိပါတယ်။ ဒါကြောင့် သုံးပုံတစ်ပုံအင်အားဖြစ်တဲ့ ၁၂၇ ဦးအင်အားကိုကျော်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်ခလုတ်အသုံးပြုပြီးတော့ အစည်းအဝေးခန်းထဲမှာ ဘယ်လောက်ရှိတယ်ဆိုတာ ဆောင်ရွက်လို့ရမလား။ စက်ခလုတ်အသုံးပြုကြည့်ပါမယ်။ အစည်းအဝေးခန်းထဲမှာရှိတဲ့ အင်အား ဖော်ပြနိုင်ဖို့အတွက် စက်ခလုတ်ကဆောင်ရွက်ပေးပါ။ ကိုယ့်ရဲ့ကတ်တွေ စက်ခလုတ်ထဲမှာ သွင်းထားဖို့ဖြစ်ပါတယ်။ ပြင်ပကိုရောက်နေတဲ့ စက်ခလုတ်များ၊ ဘေးမှာရှိတဲ့ပုဂ္ဂိုလ်များက နှုတ်ထားပေးပါ။ ပြီးရင် စက်ခလုတ်ကဖော်ပြပေးပါ။ စက်ခလုတ်ကဆောင်ရွက်ပေးလို့ရလား။ ဒီနေ့ အစည်းအဝေး တက်ရောက်တာ ၃၈၃ ဦးရှိတယ်။ အစည်းအဝေးပြင်ပလုပ်ငန်းတာဝန်နဲ့ထွက်ခွာတာ တစ်ယောက် မကနိုင်ဘူး။ ဒါကြောင့်မို့လို့ လူကိုယ်တိုင်ရေတွက်ပါ။ အခန်းတွင်းရှိသူ ၃၅၂ ဦး၊ အဆိုကို ထောက်ခံဆွေးနွေးဖို့ ၁၇၇ ဦးဖြစ်တဲ့အတွက် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းတင်သွင်းတဲ့အဆို လက်ခံဆွေးနွေးရန်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိဆိုတာကတော့

ဆွေးနွေးမယ့်အခါ ပေါ်လာမှာဖြစ်ပါတယ်။ ဒီကျမှာပဲ ဒီအဆိုနှင့်ပတ်သက်လို့ အဆိုအတည် ဖြစ်၊ မဖြစ် လွှတ်တော်က ဆုံးဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]**

**အချိန်၊၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကို တင်ပြရန်ရှိသည်များ ကြားဖြတ်တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်အနေနဲ့ အမိန့်အမှတ်(၁/၂၀၁၂) ဩဂုတ်လ ၂၉ ရက်နေ့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို စွပ်စွဲပြစ်တင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဒီစုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာ ပါရှိခဲ့ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ အတွက် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်စေခဲ့ပါတယ်။ ဒါက ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့က လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ တစ်ဖန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးက မိမိထံ သို့ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် အကြောင်းအရာ စုံစမ်းစစ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ကန့်ကွက်ခြင်းဆိုပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ရည်ညွှန်းချက် စာနှစ်စောင်နဲ့အတူ ပေးပို့လာပါတယ်။ စာပါအကြောင်းအရများကတော့ ရည်ညွှန်း(၁)ပါစာဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပေးပို့ခဲ့သောစွဲချက်လွှာကို လက်ခံရရှိပါသည်။ (၂) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထွေထွေဥပဒေအမှတ် ၁၁၅/၁၂ တွင် စာချွန်တော်မှု လျှောက်ထားဆဲဖြစ်သဖြင့် ယင်းအမှုကို စီရင်ဆုံးဖြတ်ပြီးသည်အထိ

စုံစမ်းစစ်ဆေးမှုကို ဆိုင်းငံ့ပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၃၁-၈-၂၀၁၂ ရက်နေ့စွဲပါစာအမှတ် ၁၉၀/၄၁(ရုံးခွဲ)ရုံး ၂၀၁၂ ဖြင့် ပေးပို့ပြီးဖြစ်ပါသည်။ (၃) စုံစမ်းစစ်ဆေးရေးအဖွဲ့ ဦးနန္ဒကျော်စွာနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား စွပ်စွဲပြစ်တင်ရန် လက်မှတ်ရေးထိုးသူများ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် တက်ကြွစွာ အဆို တင်သွင်းသူနှင့် ထောက်ခံသူများဖြစ်ကြသည့်အပြင် အမှုတွင်ပါဝင်ပတ်သက်သူများဖြစ်ကြောင်း ထင်ရှားပြီးဖြစ်ပါသဖြင့် မည်သည့် နည်းနှင့်မျှ တရားမျှတမှုရှိလိမ့်မည်ဟု မမျှော်လင့်ပါ။ ထို့ကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးအား ကန့်ကွက်ပါကြောင်း ပြန်ကြားပါသည်။ မိတ္တူကို နိုင်ငံတော်သမ္မတ၊ နာယက၊ ပြည်ထောင်စုလွှတ်တော်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်သူ့လွှတ်တော်၊ ရုံးလက်ခံဆိုပြီးတော့ စက်တင်ဘာလ ၁ ရက်နေ့စွဲနဲ့ မိမိထံစာရောက်ရှိခဲ့ပါတယ်။ ဒီစာအကြောင်းအရာနဲ့စပ်လျဉ်းပြီး လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နဲ့ မနက်က မိမိတို့ တိုင်ပင်ညှိနှိုင်းဆွေးနွေးပါတယ်။ ထို့အတူပဲ လွှတ်တော် ရေးရာကိစ္စရပ်များဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ သက်ဆိုင်သူများနဲ့လည်း ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါမှာ မိမိလွှတ်တော် အနေနဲ့ သက်ဆိုင်ရာဖွဲ့စည်းပုံအခြေဥပဒေဆိုင်ရာခုံရုံးမှာ ပါရှိတဲ့ ပုဂ္ဂိုလ်များရဲ့ ဂုဏ်သိက္ခာ၊ သူတို့ရဲ့ ဆန္ဒကို အလေးထားတဲ့အတွက် မိမိတို့ ပြည်သူ့လွှတ်တော်အနေနဲ့လည်း အမိန့်အမှတ် ၂/၂၀၁၂၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့စွဲနဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ၊ အစားထိုးပြောင်းလဲ ဖွဲ့စည်းခြင်း ဆိုပြီးတော့ အမိန့်တစ်ရပ်ထုတ်ပြန်ပါတယ်။ အမိန့်မှာပါတဲ့အကြောင်းအရာများက (၁) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကို စွပ်စွဲပြစ်တင်ရန် စုံစမ်းရေးအဖွဲ့ကို ၂၉-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အမိန့်အမှတ် ၁/၂၀၁၂ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဒီလို ဖွဲ့စည်းရခြင်းသည်လည်း အမျိုးသားလွှတ်တော်ဘက်ကပေးပို့လာတဲ့ သဝဏ်လွှာပေါ်မှာ ဆောင်ရွက် ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအသိပဲဖြစ်ပါတယ်။ (၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အသီးသီးက ၁-၉-၂၀၁၂ ရက် နေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ကန့်ကွက်လာပါတယ်။ (၃) ကန့်ကွက်သူများ၏ ဆန္ဒအရလည်းကောင်း၊ ယင်းတို့၏ ဂုဏ်သိက္ခာကို ထောက်ရှု၍လည်းကောင်း၊ တရားမျှတမှုရရှိရေးအတွက်လည်းကောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးနန္ဒကျော်စွာ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစား

ဦးသိန်းဆွေ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ အဖြစ် အစားထိုး ပြောင်းလဲဖွဲ့စည်းလိုက်သည်။ ဥက္ကဋ္ဌ၊ ဦးနန္ဒကျော်စွာရဲ့နေရာမှာ ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်အစားထိုးခြင်းဟာ ဦးသိန်းဆွေသည် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သလို အခြားကော်မတီရဲ့ ကော်မတီရဲ့ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့ဝင်များက ပြောင်းလဲစရာမလိုပါဘူး။ ထို့နည်းတူစွာပဲ ဦးနန္ဒကျော်စွာကိုလည်း ဥပဒေကြောင်းအရ ပြောရမယ် ဆိုရင် စုံစမ်းစစ်ဆေးရေးဥက္ကဋ္ဌဖြစ်တဲ့အတွက် ဥပဒေသဘောအရ လုပ်ထုံးလုပ်နည်းက ပြောင်းလဲစရာ မလိုပါဘူး။ သို့ရာတွင် ကျွန်တော် ခုနက လွှတ်တော်ကို တင်ပြခဲ့တဲ့အတိုင်းပဲ ကန့်ကွက်သူများရဲ့ ဆန္ဒအလေးပေးချင်ပါတယ်။ သူတို့ရဲ့ဂုဏ်သိက္ခာကိုလည်း ထောက်ရှုချင်ပါတယ်။ တရားမျှတမှုရှိရေး အတွက်လည်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်က ပြည်သူ့လွှတ်တော်က အမိန့်အမှတ် ၂/၂၀၁၂ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင် များကတော့ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက် နေပြီဖြစ်ကြောင်း လွှတ်တော်ကို တင်ပြအစီရင်ခံရခြင်း ဖြစ်ပါတယ်။

**ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်၏ သဘာဝဝန်းကျင် တည်ငြိမ်မှု၊ ဂေဟစနစ် မျှတမှုကိုပြည်လည် ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ် တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်း သက်ဆိုင်သူများ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရန်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး နဝမနေ့မှာ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်တင်သွင်းထားတဲ့ သဘာဝဝန်းကျင် တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြည်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိအရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ် ၁၆ ဦးက

အမည်စာရင်းတင်သွင်းထားသော်လည်း အချိန်ကိုအလေးထားတန်ဖိုးရှိစွာ အသုံးပြုပြီး ကျစ်လစ်စွာဖြင့် လွှတ်တော်၏ နေ့ရက်၊ အချိန်ကန့်သတ်ချက်များကြောင့် အမည်စာရင်း တင်သွင်းထားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်တစ်ဦးစီသာ ဆွေးနွေးပေးကြပါစေလို့ မေတ္တာရပ်ခံထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ရေးရာကော်မတီများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များကို ထိရောက်စွာဖြင့် အဆင့်မြှင့် တင်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတစ်ခု တင်သွင်းရန် ရည်ရွယ်ထားပါသော်လည်း ယခု ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် တင်သွင်းသွားခဲ့သောအဆိုသည် ကျွန်တော်တင်ပြမည့် အကြောင်းအရာများနှင့် တူညီနေခြင်း၊ ဆွေးနွေးရန် နယ်ပယ်ပိုမိုကျယ်ပြန့်နက်ရှိုင်းခြင်း၊ နိုင်ငံတော်မှ အမှန်တကယ် ဖော်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်နေခြင်းတို့ကြောင့် ကျွန်တော့်အနေနှင့် ယခုလို ပါဝင်ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ဆွေးနွေးချက်များကို ဖတ်ကြားတင်သွင်းခွင့် တောင်းခံအပ်ပါသည်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် သဘာဝ တောတောင်ရေမြေများစွာဖြင့် စိမ်းလန်းစိုပြေသာယာလှပလျက် ကမ္ဘာ့အလယ်တွင် ထည်ဝါဝင့်ကြွားသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ထို့အပြင် သုံးစွဲ၍မကုန်ခမ်းနိုင်သော သဘာဝသယံဇာတများစွာနှင့် သဘာဝ အရင်းအမြစ်များကိုလည်း ပိုင်ဆိုင်ထားပြီး ရေခံမြေခံ ကောင်းမွန်သောနိုင်ငံ ဖြစ်ပါတယ်။ ၎င်းသဘာဝ သယံဇာတများနှင့် ရေ၊ မြေ၊ တောတောင်အရင်းအမြစ်များကို ထာဝစဉ်တည်တံ့ခိုင်မြဲ၍ သားစဉ် မြေးဆက် ထာဝစဉ်သုံးစွဲသွားနိုင်ရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားရန် လွန်စွာ အရေးကြီးလှပါတယ်။ ဥတုရာသီ၊ တောကိုမှီဆိုသကဲ့သို့ ယခုအခါ သဘာဝသစ်တောကြီးများပြုန်းတီး

ခြင်းကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးသက်လေပြင်းများ ကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ ရွာသင့်သည့်အချိန်တွင် မိုးမရွာခြင်း၊ အပူချိန်လွန်ကဲခြင်း၊ အအေးလှိုင်းပြင်းထန်ခြင်း၊ လျှပ်စီးလျှပ်ပြက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်မှုများ ပိုမိုဖြစ်ပွားလာခြင်း၊ မုန်တိုင်းအန္တရာယ်များ ပိုမိုကျရောက်လာခြင်းစသည့် ရာသီဥတုဖောက်ပြန်မှုများကို ကမ္ဘာတွင်သာမက ကျွန်တော်တို့ မြန်မာနိုင်ငံ၌ပါ ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့်လည်းကောင်း၊ စည်းကမ်းမဲ့သစ်ဝါးများ ခုတ်ထွင်ခြင်းကြောင့်လည်းကောင်း၊ တောမီးရှို့ခြင်းတို့ကြောင့်လည်းကောင်း၊ သဘာဝသစ်တောကြီးများ ပြုန်းတီးသင့်သည်ထက် ပိုမို၍ ပြုန်းတီးလာသည်ကို မြင်တွေ့နေရပါတယ်။ အထူးသဖြင့် ရေအရင်းအမြစ်များတည်ရှိရာ ရေထွက်နယ်မြေများ၌ ကျူးကျော်ဝင်ရောက်ခုတ်ထွင်ကြခြင်း၊ ကာကွယ်တောများ စနစ်တကျမဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရေထွက်နှုန်းများ သိသိသာသာ လျော့နည်းလာခြင်းအကျိုးဆက်ကို စတင်ခံစားနေရပြီ ဖြစ်ပါတယ်။ ထို့အပြင် မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့စွာ လျှပ်စစ်ဘက်ထရီအိုးဖြင့် ရှော့တိုက်၍ ငါးဖမ်းခြင်း၊ မိုင်းခွဲ၍ ဖမ်းဆီးခြင်း၊ အဆိပ်ချ၍ ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းများသည်လည်း လုပ်ရိုးလုပ်စဉ်လုပ်ငန်းများသဖွယ် ပေါ်ပေါ်ထင်ထင်လုပ်ဆောင်နေကြတာကို တင်းကြပ်စွာ တားမြစ်ပိတ်ပင်သင့်သည့် အချိန်ရောက်ပြီဟု ယူဆမိပါတယ်။ ယခုအခါ နယ်မြေအတော်များများတို့တွင် သမရိုးကျငါးဖမ်းကိရိယာများဖြင့် ရှာဖွေဖမ်းဆီးခြင်းထက် လျှပ်စစ်ဘက်ထရီအိုးဖြင့် ရှော့တိုက်ဖမ်းဆီးခြင်း နည်းပညာခေတ်စားလာသည်မှာ ၁၀ စုနှစ် တစ်ခုထက်ပင် ကျော်လွန်လာခဲ့ပြီဖြစ်ပါတယ်ခင်ဗျား။

ရှော့တိုက်၍ဖမ်းဆီးခြင်းဖြင့် ငါးနှင့် အခြားရေသတ္တဝါများ အသေအပျောက်များစေပြီး မသေသောငါးများ မြုံ၍ မျိုးဆက်ပြန့်ပွားခြင်း မရှိနိုင်တော့ပါ။ မိုင်းခွဲဖမ်းဆီးခြင်းဖြင့် ရေလမ်းကြောင်းများ ပြောင်းလဲစေခြင်း၊ ရေထွက်ပေါက်များ ကန်းသွားနိုင်ခြင်း၊ တံတားနှင့်ကမ်းပါးများ ကြံ့ခိုင်မှုထိခိုက်စေခြင်း အကျိုးဆက်များဖြစ်ပေါ်စေပါတယ်။ အဆိပ်ချဖမ်းဆီးခြင်းဖြင့် ရေထုညစ်ညမ်းစေပြီး အဆိပ်ပြန့်နှံ့မှုအန္တရာယ်နှင့်တကွ ဂေဟစနစ်ကိုလည်း များစွာထိခိုက်စေပါတယ်။ ယခုကဲ့သို့သော လုပ်ရပ်များကို ကျေးလက်တောရွာ အောက်ခြေအဆင့်ထိ ပညာပေးခြင်း၊ ထိရောက်စွာ ပိတ်ပင်တားမြစ်ခြင်း ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ သစ်ဝါးခုတ်ထွင်ခြင်းနှင့် သားငါးရှာဖွေခြင်း လုပ်ငန်းများ အများဆုံးလုပ်ဆောင်နေတာ ကျေးလက်တောရွာဒေသများ ဖြစ်ပါတယ်။ ယခုအခါ

အကြောင်းအမျိုးမျိုးကြောင့် နှစ်စဉ်နှစ်တိုင်း သစ်တောဧက ၅ သိန်းခန့် ပျက်စီးဆုံးရှုံးနေရကြောင်း သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောပြုန်းတီးမှုကို ပြန်ကြည့်လျှင် သမားရိုးကျခုတ်ထွင်ခြင်းထက် Chain saw (ခေါ်) စက်တပ်လွှများဖြင့် စည်းကမ်းမဲ့စွာ ခုတ်ထွင်ခြင်းမှာ ပိုမို၍ပြုန်းတီးအားကောင်းသည်ကို တွေ့ရှိရပါသည်။ နည်းစနစ်မမှန်သော ထင်းရှူးဆီ ထုတ်ယူခြင်း၊ မီးသွေးဖုတ်ခြင်း၊ ထုံးဖုတ်ခြင်း၊ သစ်ခွနှင့် ပရဆေးပင်များကို စည်းကမ်းမဲ့ ခုတ်ထွင်ရှာဖွေခြင်း၊ ဓာတ်သတ္တု တူးဖော်ခြင်းလုပ်ငန်းများကိုလည်း အတိုင်းအတာတစ်ခုဖြင့် ကန့်သတ်ထိန်းချုပ်သင့်ပါတယ်။ သတိပေးဆိုင်းဘုတ်များ၊ တားမြစ်စာတန်းများဖြင့် မလုံလောက်နိုင်ပါ။ ထိရောက်သော အရေးယူတားမြစ်ခြင်းမျိုး ဆောင်ရွက်ပေးနိုင်မှသာ အစဉ်အလာကောင်းများ ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။ ယနေ့အချိန်တွင် နေရာတော်တော်များများ၌ သစ်ကြီးဝါးကြီးတွေ ရှားပါးလာပြီဆိုသည့် စကားအသုံးအနှုန်းမျိုး ထပ်ဆင့်မကြားရလေအောင် သစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းတို့ဖြင့် သဘာဝဂေဟစနစ်မှန်ကန်တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ငါးရှော့တိုက်ခြင်း၊ Chain Saw ဖြင့် အသုံးပြုခုတ်ထွင်ခြင်း၊ တောမီးရှို့ခြင်းကိစ္စရပ်များကို အနယ်နယ်အရပ်ရပ်တိုင်း၌ တင်းကြပ်စွာပိတ်ပင်တားမြစ်ရပါမယ်။ ထို့ပြင် ယနေ့ဆောင်ရွက်နေသော တစ်အိမ်ထောင် ကျွန်း ၃ ပင်၊ သစ်မာ ၂၀ ကဲ့သို့သော လုပ်ငန်းများ၊ စိမ်းစိုထိန်းသိမ်းတောများနှင့် ဓမ္မတာမျိုးဆက်တောများကိုလည်း မျှော်မှန်းရာနှုန်းပြည့်မီအောင် ကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ သဘာဝဂေဟစနစ် မှန်ကန်မျှတရေးအတွက် တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်း သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ တစ်ဖက်၌လည်း ပြန်လည်ဖြည့်ဆည်းစိုက်ပျိုးခြင်းဖြင့်သာ သစ်တောကဏ္ဍကို ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သက်ရှိလောက တည်မြဲဖို့သဘာဝတောတွေ ထိန်းသိမ်းစို့ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ တစ်မျိုးသားလုံး ဝိုင်းဝန်းဆောင်ရွက်သွားရမည့်တာဝန်တစ်ခုဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ အနာဂတ်နိုင်ငံတော်ကြီး ထာဝစဉ်စိမ်းလန်းစိုပြေ သာယာလှပရေး၊ သဘာဝအရင်းအမြစ်များပြုန်းတီးခြင်းတို့မှ အချိန်မီကာကွယ်တားဆီးရေး၊ သုံးစွဲ၍ မကုန်ခမ်းနိုင်သော သစ်တောသယံဇာတများကို သားစဉ်မြေးဆက် ကြွယ်ဝစွာ ထာဝစဉ်သုံးစွဲသွားနိုင်ရေး၊ သဘာဝဂေဟစနစ်များ တည်ငြိမ်မျှတမှုရရှိစေရေး စသည့်လိုအပ်ချက်များသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေသောအခါသမယ၌ အမှန်တကယ် ဖော်ဆောင်သွားရမည့် လုပ်ငန်းစဉ်

များဖြစ်နေပါသဖြင့် ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်တင်သွင်းခဲ့သော သဘာဝဝန်းကျင်တည်ငြိမ်မှု ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဥ် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြု ပေးနိုင်ရန် လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊၁၃း၄၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ အဆိုနှင့်ပတ်သက်လို့ အကြံပြုဆွေးနွေးချက်များနှင့်အတူ ဒေသနှင့်ယှဉ်ပြီး ထောက်ခံ

ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြဆွေးနွေးမှုအား စာဖြင့်ဖတ်ကြားဆွေးနွေးခွင့်ပြု ပေးပါရန်လည်း လေးစားစွာဖြင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အချက်ပေါင်း ၁၂ ချက်ကို အဓိကထားဆွေးနွေးသွားတာကိုလည်း ကြားသိလိုက်ရတယ်။ နိုင်ငံတော်အကျိုး၊ ပြည်သူများ အကျိုးကို မျှော်ကိုးပြီး စေတနာတရားထက်သန်စွာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးထားတာ ဖြစ်ပါ တယ်။ နိုင်ငံတော်ရဲ့ သဘာဝသစ်တောကြီးများ ပြုန်းတီးမှုများကြောင့် ရာသီဥတုများဖောက်ပြန်ကာ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို နည်းနိုင်သမျှနည်းပါးပြီး ကင်းနိုင်သမျှ ကင်းစေလို့တဲ့ ရည်ရွယ်ချက်များလည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းပါ သစ်တောကဏ္ဍနှင့်စပ်လျဉ်းလို့ မူဝါဒ ၇ ရပ်ချမှတ်ထားတာကိုလည်း တွေ့ရပါ တယ်။ ရည်မှန်းချက်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဘက်တစ်လမ်းမှ လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်လို့ ဆိုထား ပါတယ်။ အဲဒီရည်မှန်းချက်များ အောင်မြင်ရေးရည်မှန်းချက်များကိုလည်း လုပ်ငန်းစဉ်များ ၂၄ ချက် ကိုလည်း ချမှတ်ထားတာလေ့လာသိရှိရပါတယ်။ အခုလို ချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေ၊ မူဝါဒတွေနဲ့ လုပ်ငန်းစဉ်များကိုလည်း အမှန်အကန် နိုင်ငံတော်မှ လက်တွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက အဆိုရှင်ရဲ့ ဆန္ဒတွေကို ပြည့်ဝစေမှာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ သစ်တော သစ်ပင်များကို ချစ်ခင်မြတ်နိုးပြီး စိုက်ပျိုးစေလိုခြင်း၊ မပျက်ဆီးစေလိုခြင်း၊ ကာကွယ်လိုခြင်းစတဲ့ စိတ်ဆန္ဒများ ပေါက်ဖွားရန်အတွက် ဆောင်ပုဒ်များ များစွာဖြင့် စည်းရုံးလှေ့ရှိပါတယ်။ ဥပမာအားဖြင့် စိမ်းလန်းစိုပြေ တို့မြန်ပြည်၊ လေပူကအေး ရေကဖွေး နောက်ပြီး၊ ပူနွေးကမ္ဘာတားဆီးရာ ပြေရှာတစ်ခု တောပြုစု နောက်ပြီး မိုးပေါ်ကရေ၊ မြေပေါ်ကတော မိုးရေကို ငွေလိုစု ရွှေဥတဲ့တော နောက်ပြီး သစ်တောတွေပြုန်းရေမဆုံးပျက်သုံးကမ္ဘာမရှိကြ သစ်တောတွေစိမ်း ရေမြေထိန်း ဖွံ့ဖြိုးကမ္ဘာနွေ ရှည်ကြာနောက်ပြီး ဇီဝမျိုးစုံကြွယ်စေဖို့ ဇီဝမျိုးတွေ ထိန်းသိမ်းစို့ နောက်ပြီး သက်ရှိလောကတည်မြဲဖို့ သဘာဝမျိုးတွေ ထိန်းသိမ်းစို့ဆိုတဲ့အစရှိတဲ့ ဆောင်ပုဒ်နှင့်လည်း ပြည်သူများကို စည်းရုံးလှေ့ရှိပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးချက်များ အနက် မှ အချို့ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ထုတ်လုပ်ပြီး သစ်မာများကို သစ်လုံးလိုက်

တင်ပို့ရောင်းချခြင်းများကို လုံးဝခွင့်မပြုရန် ဆွေးနွေးထားမှုကို ထောက်ခံဆွေးနွေးလိုပါတယ်။ အကြောင်းကတော့ နိုင်ငံအတွင်း သင့်တော်တဲ့ဒေသများမှာ သစ်ခွဲစိတ်သောလုပ်ငန်းများကို သစ်ခွဲစိတ်စက်များ တည်ထောင်ကာ ဆောင်ရွက်ခြင်း၊ လူလုပ်အားဖြင့် လက်ဆွဲလွှစင်ကြီးများဖြင့် ခွဲစိတ်ခြင်း၊ သစ်အချောထည်စက်ရုံကြီးများ တည်ထောင်ခြင်းအစရှိတဲ့ ဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးပါက နိုင်ငံအတွင်း အလုပ်လက်မဲ့များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးကာဝင်ငွေများ တိုးပွားစေပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း လျှော့ချရာကြမှာ ဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်ကလည်း သစ်မျိုးကောင်းမွန်စွာ ထွက်ရှိရာဒေသဖြစ်တဲ့အတွက် သစ်နဲ့ပတ်သက်တဲ့ စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒများ ဒေသခံပြည်သူများရဲ့ ရင်ထဲမှာ ပြင်းပြလျှက်ရှိပါတယ်။ အဲဒီအတွက်လည်း ဒေသခံပြည်သူများရဲ့ ဆန္ဒများကိုလည်း ကြည့်ပေးစေလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က သဘာဝတောများကို ထိရောက်စွာ ကာကွယ်ပေးရန်လိုအပ်ကြောင်းအချက်ကိုလည်း လေးနက်စွာ ထောက်ခံဆွေးနွေးလိုပါတယ်။ နိုင်ငံတော်မှာလည်း သစ်တောကဏ္ဍမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းနှင့် တစ်ဘက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်ဆိုတဲ့ ရည်မှန်းချက်ကိုအောင်မြင်နိုင်ဖို့ ချမှတ်ထားတဲ့မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ်လျက် သစ်တောစိုက်ခင်းများကို ထူထောင်ခြင်းဖြင့်လည်း ရာသီဥတုကို မျှတစေပြီး စိုက်ပျိုးရေးကိုပါ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ အဲဒီအတွက် သစ်တောကြိုးဝိုင်းများကို ၂၀၁၁-၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံ စုစုပေါင်း သစ်တောဧရိယာ ၁၂၂၆၇၄ စတုရန်းမိုင်ရဲ့ ၃၆ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းဖို့ ရည်မှန်းထားကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ကျွန်းအပင် ထောင်ပေါင်း ၅၅၈ ပင် နှင့် သစ်မာအပင် ထောင်ပေါင်း ၄၇၃ ပင် စိုက်ပျိုးရန်ရည်မှန်းထားကြောင်း အလားတူ စီးပွားရေး စိုက်ခင်း ၁၂၅၀ ဧက၊ ကျေးရွာစိုက်ခင်း ၅၁၀၀ ဧက၊ ရေဝေရေလဲ စိုက်ခင်း ၂၄၅၀ ဧကနှင့် အရိပ်ပင်စိုက်ခင်း ၁၇၀၀ ဧက၊ စုစုပေါင်း သစ်တောစိုက်ခင်းဧရိယာ ၁၀၅၀၀ ဧက စိုက်ပျိုးရန် ရည်မှန်းထားကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒီရေတောများ ဘက်စုံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးပြုပြင်ခြင်းလုပ်ငန်းစီမံကိန်းများကိုလည်း JICA နှင့်ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်များမှာ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင်မှာလည်း သစ်တောကြိုးဝိုင်းပေါင်း ၃၃ ခုရှိပြီး ၅၄၇၄၇၁.၉ ဧကနှင့် ကြိုးပြင်ကာကွယ်တော ၆၈ ကွက်မှာ ၃၃၉၁၈၀ ဧကရှိပါတယ်။ သစ်တောများအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်၊ အင်ကြင်း၊ ပိတောက်၊ ရှား၊ ထောက်ကြံ့၊ နှော၊ ခူဆယ်၊ လက်ပံနှင့် ဝါးအမျိုးမျိုးအပြင် သစ်မျိုးစုံစတဲ့ အပူပိုင်းရွက်ကြွေတောများ ပေါက်ရောက်တဲ့ဒေသလည်း ဖြစ်ပါတယ်။ ဂန့်ဂေါကျွန်းသစ်ဟာ ကမ္ဘာမှာ ကောင်းသတင်းဖြင့် ကျော်ကြားကြောင်းလည်း ကြားသိခဲ့ရပါတယ်။ ဂန့်ဂေါခရိုင်သစ်တောဦးစီးမှ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို သစ်တောကြိုးဝိုင်းအတွင်း တန်ဖိုးနည်းတဲ့ သစ်များသာ ကျန်ရှိတော့တဲ့ သဘာဝတောများမှာ စီးပွားဖြစ်ကျွန်းစိုက်ခင်းများနှင့် အချို့သစ်မာစိုက်ခင်းများ စိုက်ပျိုးလေ့ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ပုဂ္ဂလိက လုပ်ငန်းရှင် ၁၇ ဦးမှ စီးပွားဖြစ်ကျွန်းစိုက်ခင်း ၁၃၀၀ ဧကနှင့် ရှားပင် ၂၆ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၂၁၀၀ ဧကနှင့် အစိုးရသစ်တောဦးစီးဌာနမှ ကျွန်းစိုက်ခင်း ၇၀၀ ဧက၊ စုစုပေါင်း ၂၈၀၀ ဧကရှိတဲ့အတွက် ၂ နှစ်အတွင်း ၃၄၀၆ ဧက စိုက်ပျိုးခဲ့ကြတာကို လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ကြိုးပြင်ကာကွယ်တောများမှာလည်း ပုဂ္ဂလိကများမှ မြေလတ်၊ မြေရိုင်းများ ရယူပြီး ကျွန်းစိုက်ခင်းများနှင့် တန်ဖိုးရှိ နှစ်ရှည်ပင်များ စိတ်ဝင်တစား စိုက်ပျိုးနေကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်တောကြိုးဝိုင်းများဟာ သဘာဝသစ်တောကြီးများ ဖြစ်ကြပါတယ်။ သဘာဝသစ်တောကြီးများမှာ များစွာတန်ဖိုးရှိလှတဲ့ မှို၊ မျှစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ ဝါး၊ ချိတ်နှင့် ဆေးဘက်ဝင်အပင်အစရှိတဲ့ သစ်တောထွက်သယံဇာတပစ္စည်းများ ပေါက်ရောက်ထွက်ရှိကြပါတယ်။ ဒါ့အပြင် ငှက်မျိုးစုံ၊ ဂျီ၊ ဒရယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်၊ မြွေ၊ တောဝက်နှင့် တောကြက်အစရှိတဲ့ တောနေသတ္တဝါမျိုးစုံတို့ ကျက်စားရာနေရာဒေသများလည်း ဖြစ်ကြပါတယ်။ မြက်မျိုးစုံပေါက်ရောက်တဲ့အတွက်လည်း တောင်သူလယ်သမားကြီးများရဲ့ ကျွဲ၊ နွားများအတွက် စားကျက်မြေများလည်း ဖြစ်ကြပါတယ်။ အချို့ လက်လုပ်လက်စား ဆင်းရဲသားပြည်သူလူထုများရဲ့ စားဝတ်နေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြပါတယ်။ နိုင်ငံတော်ပိုင်သစ်တောကြီးများအတွင်း ဝင်ရောက်၍ ဆင်းရဲသား လက်လုပ်လက်စားများရဲ့ စားဝတ်နေရေးအတွက် ရှာဖွေစားသောက်ခွင့်ရှိခဲ့ကြတဲ့ သစ်တောကြီးများ အချို့ဟာ ယခုတော့ ပုဂ္ဂလိက လုပ်ငန်းရှင်များရဲ့ စီးပွားဖြစ် ကျွန်းစိုက်ခင်းကြီးများ၊ သစ်မာစိုက်ခင်းများအဖြစ် ပြောင်းလဲသွားကြတာကို

သစ်တောအနီးရှိ ကျေးရွာများမှ အချို့ဒေသခံပြည်သူများက ဝမ်းနည်းဝမ်းသာနှစ်မျိုးခံစားရကြောင်း ပြောပြကြပါတယ်။ သိရလို့ စိတ်မကောင်းဖြစ်မိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝသစ်တောကြိုးဝိုင်းများအတွင်း နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အဖိုးတန်သစ်များထွက်ရှိမှာကို ဝမ်းသာမဆုံး ခံစားရသလို တန်ဖိုးနည်းသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သက်ရှိ၊ သက်မဲ့ သစ်တောထွက်သယံဇာတပစ္စည်းများ ပျက်စီးဆုံးရှုံးတာကို မြင်ကြရတော့ ဝမ်းနည်းမိကြကြောင်း ပြောကြလို့ သိရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်းမြောက်မြားစွာက တည်ရှိခဲ့ကြတဲ့ ကြီးမားလှတဲ့ သစ်ပင်ကြီးမျိုးစုံနှင့် ဝါးတောကြီးများကို အပြောင်ရှင်းမီးရှို့စနစ်ကြောင့် ဇီဝမျိုးစုံနှင့် သဘာဝတောကြီးများ မြင်မကောင်းအောင် ပျက်စီးဆုံးရှုံးမှုကြောင့်ဖြစ်ကြောင်း ယခင်သဘာဝသစ်တောကြီးများကဲ့သို့ဖြစ်ဖို့ဆိုရင် နောက်နှစ်ပေါင်း ၅၀၊ ၆၀ ပြုစုလို့ပင် မရနိုင်ကြောင်း ဒေသခံများက ပြောဆိုနေကြပါတယ်။ သဘာဝသစ်တောကြီးများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေပြီး ဂေဟစနစ်များ မပျက်စီးစေဘဲ အပြောင်ရှင်းမီးရှို့စိုက်ပျိုးခြင်းစနစ်အား အတတ်နိုင်ဆုံး မကျင့်သုံးဘဲ ကာကွယ်စောင့်ရှောက်နိုင်သော နည်းလမ်း၊ ဖြည့်စွက်စိုက်ပျိုးစေသော နည်းလမ်းများကို ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကစိုက်ခင်းများ၊ အစိုးရသစ်တောကြိုးဝိုင်းများ ကာလကကဲ့သို့ ဝင်ရောက်ကာ စားဝတ်နေရေးအတွက် စိုက်ပျိုးပင်ကို ထိခိုက်မှုမရှိစေဘဲ သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ဝင်ရောက်ရှာဖွေစားသောက်ခွင့်မရရှိမှာကိုလည်း ဆင်းရဲသားဒေသခံပြည်သူများက စိုးရိမ်စိတ်များကြီးစွာ ခံစားနေကြရပါတယ်။ အဲဒီကိစ္စကိုလည်း နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်တစ်ရပ်အနေဖြင့် လက်လုပ်လက်စားဆင်းရဲသားများကို ဝင်ရောက်ရှာဖွေစားသောက်ခွင့်ရရှိနိုင်ဖို့ ကူညီဆောင်ရွက်နိုင်သော ဥပဒေများပြဋ္ဌာန်းသင့်ကြောင်းကိုလည်း အကြံပြုဆွေးနွေးလိုပါတယ်။ အလားတူ အချို့ပုဂ္ဂလိက ကျွန်းစိုက်ခင်းများအတွင်း ဆင်းရဲသားတောင်သူလယ်သမားများရဲ့ လယ်ယာမြေများ အသိမ်းအဆည်းခံခဲ့ရတာလည်းရှိကြောင်းကိုလည်း ကြားသိနေရပါတယ်။ ကျွန်းစိုက်ခင်းပိုင်ရှင်များအတွက် အခက်အခဲမရှိသော်လည်း ဆင်းရဲသားတောင်သူလယ်သမားများအနေနဲ့ မိသားစုစားဝတ်နေရေးအတွက် မိမိရဲ့ကာယစွမ်းအားဖြင့် ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာရင်းနှီးမှ လယ်ကောင်း၊ ယာကောင်းများဖြစ်ကြရတာဖြစ်လို့ ဆက်လက်ဆောင်ရွက်ခွင့်ပေးခြင်း ဒါမှမဟုတ် ထိုက်တန်သောငွေကြေးများ

ထောက်ပံ့ပေးခြင်းများကိုလည်း နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်အနေဖြင့် ပြည်တွင်းသစ်လိုအပ်ချက်ကို သစ်တောပြုန်းတီးမှုမရှိစေဘဲ စနစ်တကျထုတ်လုပ်ကာ ဖြန့်ဖြူးရောင်း ချပေးရန်ကိုလည်း ဆွေးနွေးတင်ပြထားပါတယ်။ အလွန်ကောင်းမွန်တဲ့ ဆွေးနွေးချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံတော်အနေနဲ့ တိုင်းသူပြည်သားများရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးအနက်မှ နေရေးအဆင်ပြေအောင် ကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် အများစုပြည်သူ လူထုဟာ ကျေးလက်တောရွာများမှာ နေထိုင်ကြတာဖြစ်ပြီး ဆင်းရဲကြတာများပါတယ်။ အချို့ မြို့ကြီး ပြကြီးများရဲ့ ဆင်ခြေဖုံးရပ်ကွက်နေ ဆင်းရဲသားလက်လုပ်လက်စားများဟာလည်း နေရေးအတွက် သစ်ဈေးကြီးမြင့်မှု ကြောင့် အလွန်ပင်ခက်ခဲပင်ပန်းစွာဖြင့် ဝါးတဲလေးများဖြင့် နေထိုင်ကြရတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ အချို့သစ်များကို ပြည်တွင်းမှာ ဈေးပေါပေါဖြင့် အမှန်တကယ် အိမ်ဆောက်ကြမယ့် သူများအတွက် တရားဝင်ဥပဒေနှင့်အညီ ဝယ်ယူဆောက်လုပ်ခွင့်များ ရှိသင့်လှ ပါတယ်။ သစ်ထွက်တဲ့ ကျွန်တော်တို့ ဂန့်ဂေါဒေသမှာပင် သစ်ခွဲသားတစ်တန်ကို ၄ သိန်း၊ ၅ သိန်းခန့် ရှိနေလို့ အိမ်တစ်လုံးဆောက်လုပ်နိုင်ဖို့ အတော်ကိုကြိုးစားကြရပါတယ်။ တရားဝင်သုံးစွဲဖို့ မရကြတဲ့ အတွက် ဥပဒေနှင့်ဆန့်ကျင်ကာ ခိုး၍ဝယ်ယူဆောက်လုပ်ကြရတဲ့အတွက်လည်း မလိုလားအပ်ဘဲ သစ်ဈေးများ ကြီးမြင့်ခြင်း၊ စိတ်ဆင်းရဲခြင်းများ ခံစားကြရပါတယ်။ အများအကျိုးဖြစ်တဲ့ အချို့ စာသင်ကျောင်းဆောက်လုပ်ရန်ကို ဥပဒေမဲ့ဆောင်ရွက်ကြရလို့ အချို့ဖမ်းဆီးခံခဲ့ကြရတာ ထောင်ကျ ခံခဲ့ကြရတဲ့ အဖြစ်များကိုလည်းပဲ ကြားသိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ဝါးကို အခြေခံပြီး အိမ်ဆောက် လုပ်ခဲ့ကြသူများဟာ အများအားဖြင့် ဆင်းရဲသားများဖြစ်ကြလို့ ရွာကျက်သရေ၊ မြို့ကျက်သရေ၊ နိုင်ငံ့ ကျက်သရေဖြင့် သန့်ရှင်းသပ်ရပ်လှပတဲ့ ပျဉ်အိမ်ကလေးများဖြင့် နေထိုင်နိုင်ရေးကိုလည်း နိုင်ငံတော် အနေဖြင့် မေ့မနေသင့်ဘူးလို့ အကြံပြုပြောကြားလိုပါတယ်။ ဒါကြောင့် အမှန်တကယ်လိုအပ်တဲ့ သစ်ခွဲသား၊ ပျဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေးမှာ ဝယ်ယူသုံးစွဲနိုင်အောင် နိုင်ငံတော် အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်တစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ သစ်ထွက်သော သစ်ပေါသော ဒေသမှာပင် ဝယ်ယူသုံးစွဲရန် တရားဝင် သစ်ဆိုင်မရှိတဲ့အတွက် အခက်အခဲများရှိနေကြရပါတယ်။ မှောင်ခိုဝယ်ယူတော့လည်း အဖမ်းခံရခြင်း

အစရှိသဖြင့် သစ်နှင့်ပတ်သက်၍ ဒေသတိုင်းမှာ စိတ်မချမ်းသာစွာ သုံးစွဲနေရခြင်းများကြောင့် အဆိုရှင်ကလည်း ယခုလို ဆွေးနွေးခြင်းဖြစ်ဟန်တူပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးအတွက် စေတနာထက်သန်စွာဖြင့် တင်သွင်းတဲ့သဘာဝဝန်းကျင် တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြည်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်း အဆိုအား လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူးနှင့် ချောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ် တင်သွင်းခဲ့တဲ့ နိုင်ငံတော်ရှိအရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ် ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုကို ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ရဲ့ အမိမြန်မာနိုင်ငံတော်ကြီးဟာ သစ်တော သယံဇာတ၊ သတ္တုတွင်းထွက်သယံဇာတ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတစတဲ့ ရေမြေတောတောင်၊ သဘာဝသယံဇာတများ ပေါကြွယ်ဝကြောင်း ခေတ်အဆက်ဆက်ကတည်းက ယုံကြည်စွာဂုဏ်ယူပြောဆိုခဲ့ပါတယ်။ ဟုတ်လည်းဟုတ်ခဲ့ပါတယ်။ ဒါပေမယ့် ကနေ့ကျွန်တော်တို့ မျက်မှောက်ခေတ် ကာလမှာတော့ ဒီအယူအဆဟာ ဆက်လက်မှန်ကန်ခြင်း ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။

လေးစားပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် အခု ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ သဘာဝသစ်တောကြီးများ ဖြစ်တည်ကျန်ရှိမှုကို အလေးအနက်ထား သုံးသပ်ကြည့်ဖို့ လိုအပ်နေပါပြီ။ တရားဝင်မှတ်တမ်းမှတ်ရာများ၊ သစ်တောပညာရှင်များရဲ့ အဆိုအမိန့်အရ သစ်တောဖုံးလွှမ်းမှု

အခြေအနေဟာ ရှေးမြန်မာကုန်းဘောင်ခေတ်မှာ ၇၀ ရာခိုင်နှုန်း၊ ၁၉၆၂ ခုနှစ်မှာ ၅၇ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ ၅၁ ရာခိုင်နှုန်း နဲ့ ၂၀၀၈ ခုနှစ်မှာ ၂၄ ရာခိုင်နှုန်းသာ ကျန်ပါတော့တယ်ခင်ဗျား။ ကမ္ဘာကတန်ဖိုးထားတဲ့ မြန်မာ့ကျွန်းသစ်အခြေအနေဟာလည်း ၁၉၅၆ - ၅၇ ခုနှစ်တုန်းက တစ်နှစ်ကို ကျွန်းသစ်တန်ချိန် ၄ သိန်းထုတ်နိုင်ခဲ့ပေမယ့် ခုဆို တစ်နှစ်တန်ချိန် ၈ သောင်းပဲထုတ်နိုင်ပါတော့တယ်။ ကျွန်တော်တို့ကျောင်းသားဘဝတုန်းက မြန်မာနိုင်ငံရဲ့ သစ်တောကာကွယ်ထိန်းသိမ်းမှုနှင့် စနစ်တကျ ခုတ်လှဲထုတ်ယူမှု၊ ပြန်လည်ပျိုးထောင်မှုတွေဟာ ရှေးယခင် အင်္ဂလိပ်အုပ်စိုးမှုကတည်းက ကျင့်သုံးခဲ့ပြီး စနစ်တကျရှိကြောင်းနှင့် ပြန်လည်အစားထိုးစိုက်ပျိုးမှုတွေမှာလည်း အိမ်နီးချင်းနိုင်ငံတွေက စံနမူနာ ယူရလောက်အောင် ကောင်းမွန်လှတယ်လို့ မှတ်သား ထားခဲ့ဖူးပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ။ သစ်တောပညာရှင်တစ်ဦးက သစ်တောများပြုန်းတီး ရခြင်းအဓိကအကြောင်းအရင်းများဟာ (၁) အလွန်အကျွံသစ်ထုတ်ခြင်း၊ (၂) တရားမဝင်သစ်ခိုးယူမှု များပြားခြင်း၊ (၃) အစားထိုးပြန်လည် စိုက်ပျိုးမှုမရှိခြင်း သို့မဟုတ် အားနည်းခြင်း၊ (၄) ရွှေ့ပြောင်း တောင်ယာနည်းစနစ် သုံးစွဲနေခြင်းနဲ့ (၅) ထင်း၊ မီးသွေးသုံးစွဲမှုများပြားခြင်းတို့ကြောင့်လို့ ဖော်ပြခဲ့ ပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကဏ္ဍနဲ့ပတ်သက်လို့ ၁၉၉၂ ခုနှစ် သစ်တောဥပဒေ၊ ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနဲ့ သဘာဝနယ်မြေ များ ထိန်းသိမ်းရေးဥပဒေ၊ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒနဲ့ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနဲ့ နောက်ဆုံး ၂၀၁၁ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ အမှန်စင်စစ်ထုတ်ပြန်ပြီးဥပဒေများကို တိကျစွာလိုက်နာခြင်း၊ လိုက်နာရန်ပျက်ကွက်မှုများကို မျက်နှာကြီး ငယ်မရွေးထိရောက်စွာ၊ ပြင်းထန်စွာအရေးယူခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မည်ဆိုပါက ကျွန်တော်တို့ရဲ့ အဖိုးတန်သစ်တောကြီးများဟာ ယခု အခြေအနေထိ ဆိုးဝါးစွာရောက်ရှိလာမယ်လို့ မထင်မိပါ။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကအားနည်းချက် ကတော့ရှိပြီး၊ ထုတ်ပြန်ပြီး ဥပဒေများကို လေးစားလိုက်နာရန် ပျက်ကွက်ခြင်းနှင့် လေးစားလိုက်နာရန် ပျက်ကွက်မှုများကို အကြောင်းအမျိုးမျိုးကြောင့် ထိရောက်ပြင်းထန်စွာ အရေးမယူခဲ့ခြင်းကြောင့်လည်း ဖြစ်ကြောင်း ကိုယ်စားလှယ်တော် ကြီးများအားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖြတ်သန်းလာတဲ့ခရီးမှာ သစ်တောကဏ္ဍ အနေနဲ့ အောင်မြင်မှုအချို့လည်းရရှိခဲ့ကြောင်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ထဲမှာပါတဲ့ ကျွန်တော်တို့ မိုးနည်းရေရှား ဒေသမှာရှိတဲ့ ပုပ္ပါးဒေသ၊

တန့်ကြည်တောင်ပတ်ဝန်းကျင်နဲ့ ချောက်မြို့နယ် ရွှေဘုံတောင်စိမ်းလန်းစိုပြည်ရေးတို့ဟာ နမူနာတွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ ဒီ့ထက်မက ပိုမိုဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်။ အထက်မှာဖော်ပြခဲ့တဲ့ သစ်တောပြုန်းတီးရခြင်း အဓိကအကြောင်းအရင်း ဖြစ်တဲ့ သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ခိုးမှုများကို ပိုမိုထိရောက်ပြင်းထန်စွာ ဒေသခံ တိုင်းရင်းသားများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ အလားတူပဲ အစားထိုး ပြန်လည်စိုက်ပျိုးခြင်းများကို တစ်ပြည်လုံးအနှံ့အပြား ပိုမိုထိရောက်တဲ့စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်နေပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ကိုလည်း သက်ဆိုင်ရာဒေသအာဏာပိုင်များ ဒေသခံများနှင့် အကြေအလည်ညှိနှိုင်းဆောင်ရွက်နေဖို့ လိုပါသေး တယ်။ ထင်း၊ မီးသွေးသုံးစွဲမှုကိုလည်း ပိုမိုထိရောက်သော လောင်စာတောင့်များ ထုတ်လုပ်သုံးစွဲခြင်း၊ ကျေးရွာထင်းစိုက်ခင်းများကို ယခုထက်ပိုမိုပြုစုပျိုးထောင်ခြင်း၊ လောင်ကျွမ်းစွမ်းရည်ပိုမိုမြင့်မားတဲ့ A-1 မီးဖိုကဲ့သို့မီးဖိုများ၊ ပြည်သူလူထုလက်ဝယ်အရောက် ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲရန် ပညာပေး ဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်ခြင်း၊ ထင်း၊ မီးသွေးအစားထိုး အခြားလောင်စာများကိုလည်း ပိုမိုတိုးတက်သုံးစွဲရန် လိုအပ်သောညှိနှိုင်းစီမံမှုများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသေးတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာနှင့် အဝန်း မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်ခြင်း၊ မုန်တိုင်းများ ပိုမိုဖြစ်ပွားလာခြင်းစတဲ့ ရာသီဥတုဖောက်ပြန်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစားနေကြရပါတယ်။ အဲဒီလိုရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများစွာအနက် ရေထုညစ်ညမ်းမှုကို တိုက်ရိုက်ထိခိုက်စေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့များ (Green House Gas) များဟာ အဓိကဖြစ်ပါတယ်။ အဲဒီ ဖန်လုံအိမ်ဓာတ်ငွေ့တွေကို အလုပ်ရုံ၊ စက်ရုံများ၊ စက်ယန္တရားများ စသည်တို့မှ ထုတ်လွှတ်လျက် ရှိပါတယ်။ အဲဒီ ဖန်လုံအိမ်ဓာတ်ငွေ့များကို စုပ်ယူပြီးတော့ လေထဲကို အောက်ဆီဂျင်များအဖြစ် ပြောင်းလဲထုတ်လုပ်ပေးတဲ့ စိမ့်လို့ခေါ်တဲ့ သစ်တောကြီးများဟာလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထူးအရေးပါလှပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအတွက် အထူးအရေးပါလှတဲ့ သဘာဝ သစ်တောကြီးများ ထာဝစဥ်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်သင့်ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ရှိသေလေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေလို့ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ မော်လိုက်မဲဆန္ဒနယ်ကပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၃-၇-၂၀၁၂ ရက်နေ့က စစ်ကိုင်း တိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်က သဘာဝ ပတ်ဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကိုလည်း ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်း သစ်တောမြေ များမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ပါကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်း ချင်းတွင်းဝဲယာမှာရှိတဲ့ ပကတိအခြေအနေများနှင့်ဆက်စပ်ပြီး ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ သစ်တောဂေဟစနစ်ပျောက်ကွယ်ပျက်စီးဆုံးရှုံးပါက သဘာဝအန္တရာယ် များ အမျိုးမျိုးကျရောက်ပြီးတော့မှ လူသားများရေဘေးဒုက္ခအမျိုးမျိုး၊ လေဘေးဒုက္ခအမျိုးမျိုး၊ သဲမုန်တိုင်းဒုက္ခအမျိုးမျိုးစတဲ့ ဒုက္ခတွေကိုကြုံတွေ့ရမှာ ဖြစ်ပါတယ်။ သဘာဝသစ်တောကြီးများကို ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည်ပျိုးထောင်ရန် လူသားတိုင်း လူသားတိုင်းမှာ တာဝန်ရှိတယ်လို့ဆိုရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် တာဝန် ကိုယ်စီရှိကြတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်တဲ့အတွက် စည်းကမ်းရှိဖို့လည်း လိုပါတယ် ဆိုတဲ့အကြောင်း ပြောလိုပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဟု နိုင်ငံသားအားလုံးရဲ့တာဝန်ကို တိတိကျကျခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဆိုရှင် ဦးသန်းနွယ် ကတော့ ရှေးနှစ်ပေါင်းများစွာက သဘာဝသယံဇာတပစ္စည်းသစ်တောကြီးများကို ဘိုးဘွားဘီဘင် အဆက်ဆက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်လာကြတဲ့အတွက် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကြီးပျက်စီးခြင်းမရှိခဲ့ကြောင်း၊ သဘာဝရာသီဥတုပျက်စီးခြင်းနည်းခဲ့ကြောင်း၊ သဘာဝ အမွေအနှစ်များဖြစ်တဲ့ သဘာဝသစ်တောကြီးများကိုမပျက်စီးစေဘဲ ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းအမွေပေးခဲ့ကြောင်း ဘက်ပေါင်းစုံကနေပြီးတော့မှ အဆိုတင်သွင်းထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဟာ သဘာဝသယံဇာတသစ်တောကြီးများသာမက သဘာဝ သယံဇာတဖြစ်တဲ့မြေကြီးများကို စည်းကမ်းမဲ့စွာခုတ်သတ္တုအမျိုးမျိုးရှာဖွေတဲ့အတွက် သဘာဝဂေဟ စနစ်များပျက်စီးနေကြောင်းတွေ့ရှိရပါတယ်။ ဒီကနေ့ဆိုရင် သဘာဝဂေဟစနစ်ပျက်စီးတဲ့အတွက် သဲမုန်တိုင်းကြီးများ၊ လေမုန်တိုင်းကြီးများ၊ မိုးမုန်တိုင်းကြီးများ၊ လေဘေးဒုက္ခများ၊ မိုးသီးမုန်တိုင်း ကြီးများ၊ ဒီလှိုင်းမုန်တိုင်းကြီးများ၊ ငလျင်မုန်တိုင်းများ၊ မိုခေါင်းခြင်း၊ မိုးများခြင်းစတဲ့ ဒုက္ခအမျိုးမျိုးကို လူသားတိုင်းကြုံတွေ့နေရတယ်ဆိုတာလေ့လာတွေ့ရှိနေရပါတယ်။ အဲ့ဒါကို ယဂနဏဆန်းစစ် လေ့လာ သုံးသပ်မယ်ဆိုရင် လူများဟာ သဘာဝစနစ်ကိုနည်းအမျိုးမျိုးနဲ့ ပျက်စီးအောင်ဆောင်ရွက်နေတဲ့ အတွက် သဘာဝတုန့်ပြန်မှုကို လူတွေပြန်လည်ခံစားရတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးက သဘာဝသစ်တောကြီးများနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို စည်းကမ်း ရှိစွာထိန်းသိမ်းစောင့်ရှောက်ပြုစုကြရမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝ သစ်တောကြီးများမှာ စည်းကမ်းမဲ့စွာခုတ်ထွင်ခဲ့တဲ့အတွက် အမေရိကန်မှာသစ်တောများ ပြုန်းတီး လာတဲ့အတွက် လွင်တီးခေါင်ဖြစ်လာကာ ဆိုးကျိုးများဖြစ်လာပါတယ်။ ရာသီဥတုများဆိုးရွား လာတယ်။ အစိုဓာတ်များခန်းခြောက်ပြီး ရေရှားတဲ့ဒုက္ခ၊ စိုက်ခင်းပျိုးခင်းများပျက်စီးတဲ့ဒုက္ခ၊ မိုးရေ ထိန်းသိမ်းမှုမရှိတဲ့အတွက် မြစ်ကြီးများတွင်ရေလျှံတဲ့ဒုက္ခ၊ သဲမုန်တိုင်းဒုက္ခ၊ လေမုန်တိုင်းတိုက်ခတ်တဲ့ ဒုက္ခ၊ သဘာဝကပေးတဲ့ဒုက္ခအမျိုးမျိုးကိုခံစားခဲ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်က အကြီးအကျယ် ဆင်းရဲဒုက္ခတွေ့ခဲ့ကြရတယ်ဆိုတာကို လေ့လာသိရှိရပါတယ်။ အဲ့ဒါကို ရာသီဥတုပြန်လည်ကောင်းရန် အတွက် သဘာဝသစ်တောများကို ပြန်လည်စိုက်ပျိုးထိန်းသိမ်းလာခဲ့ကြပါတယ်။ ၁၈၇၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ နီးဗားစကားပြည်နယ် စိုက်ပျိုးရေးဝန်ကြီးက မစ္စတာလီမော်တန်က ကမ္ဘာသစ်ပင် များနေ့ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ပန်းပင်များနေ့ဆိုပြီးတော့ သတ်မှတ်ပြီးတော့မှ ပြည်သူလူထု အားလုံးပါဝင်ပြီးသစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ခဲ့ပါတယ်။ ကုလသမဂ္ဂကြီးကလည်း အဖွဲ့ဝင်နိုင်ငံများကို ကမ္ဘာ့သစ်ပင်စိုက်ပျိုးနေ့အဖြစ် မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေရှိတဲ့ ရာသီနှင့် ကိုက်ညီတဲ့ သင့်ရာဒေသအလိုက်သစ်ပင်များကို ပြန်လည်စိုက်ပျိုးစေခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်၊ မက္ကဆီကိုပြည်နယ်မှာ သစ်ပင်စိုက်ပွဲတော်ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင်လည်းပဲ ၇-၆-၁၉၅၄ ခုနှစ်ကစပြီး လူထုအားလုံးပါဝင်စေပြီး သစ်ပင် ၁၀၀၀၀၀ ကျော်နှင့် သစ်စေ့မျိုးစုံ ၃၀၀၀၀၀ ကျော်ကို နှစ်စဉ်နှစ်တိုင်းစိုက်ပျိုးခဲ့ကြပါတယ်။ ၁၄-၆-၁၉၇၂ ရက်နေ့မှာ သစ်ပင်ပွဲတော် ဆိုပြီးတော့ ပြောင်းလဲပြင်ဆင်ခေါ်ဆိုခဲ့ပါတယ်။ နောက် ၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ

မြန်မာပြည်ဟာဆိုလို့ရှိရင် သစ်ပင်စိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ကျင်းပစိုက်ပျိုးစေခဲ့ပါတယ်။ အကယ်၍သာ နှစ်စဉ်နှစ်တိုင်းစိုက်သမျှသစ်ပင်တွေဟာ ကြီးထွားရှင်သန်လာမယ်ဆိုရင် ဒီကနေ့ အမေဇုန်မြစ်ဝှမ်းလို နေပျောက်မထိုးတဲ့ နိုင်ငံဖြစ်လာပြီလို့ယူဆရမှာဖြစ်ပါတယ်။ ဒါပေမယ့် နှစ်စဉ်နှစ်တိုင်းသစ်ပင်တော့စိုက်တယ်။ ရှင်သန်မှုရှိ၊ မရှိ မြန်မာနိုင်ငံမှာ ပြန်လည်ကြီးကြပ်တဲ့ အလေ့ မရှိပါဘူး။ မိုးမှာစိုက်ပြီး နွေမှာသေကုန်ပါတယ်။ အချိန်လည်းကုန်တယ်။ လူလည်းအကျိုးမရှိဘူး။ ငွေကုန်ကြေးကျများပြီး အချည်းအနှီးဖြစ်ခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးသန်းနွယ်က သဘာဝသယံဇာတသစ်တောကြီးများကို စည်းကမ်းမဲ့စွာ ခုတ်ထွင်ခဲ့တဲ့အတွက် သဘာဝသစ်တောပြုန်းတီးခဲ့တာကို ကိန်းဂဏန်းနှင့်တကွ တိကျစွာအဆိုကို ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့အကျယ်အဝန်းဟာ ၁၆၈.၁၈ ဧကသန်းရှိပါတယ်။ ၁၉၈၉ ခုနှစ်မှစပြီး ၂၀၀၅ ခုနှစ်အတွင်း သစ်တောသယံဇာတစစ်ဆေးချက်အရ သစ်တောဖုန်းလွှမ်းမှုဧရိယာဟာ ဆိုလို့ရှိရင် ၈၄.၉ သန်းဧက သစ်တောထူထပ်မှုအနေအထားက သန်း ၆၀ ဧကရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလမှာဆိုလို့ရှိရင် သစ်တောဧကဟာ သန်း ၄၀ သာရှိပါတော့တယ်။ သစ်တောဖုန်းလွှမ်း မှုဧရိယာကလည်း ၄၇ ရာခိုင်နှုန်းသာရှိပါတော့တယ်။ မြန်မာနိုင်ငံရဲ့ ၂၄ ရာခိုင်နှုန်းသာရှိတယ်ဆိုတာ ကိုအဆိုရှင်က တိတိကျကျဆိုထားပါတယ်။ ဒီကနေ့ သစ်ခုတ်ခြင်း၊ သစ်ထုတ်ခြင်းထက် သစ်ပင်ပြန်လည်စိုက်ပျိုး ခြင်းက အလွန်အားနည်းနေတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ သစ်ပင်ခုတ်သမျှကို ပြန်လည်စိုက်နိုင်မှုမရှိခဲ့ဘူး။ ပြန်လည်စိုက်ပျိုးမှုအားနည်းခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီကိန်းဂဏန်းတွေကိုလေ့လာသုံးသပ်မယ်ဆိုရင် သဘာဝသယံဇာတ သစ်တောကြီးများဟာ ပျက်စီးပြုန်းတီးကာ သဘာဝဂေဟစနစ်များပျက်စီးချို့ယွင်းနေပြီဆိုတာလေ့လာ တွေ့ရှိရပါတယ်။ ၁၉၈၉ ခုနှစ်မှာ သစ်တောဧရိယာဧက ၈၄.၉ သန်းရှိတယ်။ ၂၀၀၈ မှာဆိုလို့ရှိရင် သစ်တောဧရိယာဧက ၄၀ သန်းသာ ရှိတယ်ဆိုတော့ ဒီကနေ့ သစ်တောဖုန်းလွှမ်းမှုဟာ ထက်ဝက်ကျော် ဂေဟစနစ်ပျက်စီးသွားပြီ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် သစ်တောပြုန်းတီးသွားပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ချင်းတွင်းမြစ်အထက်ပိုင်းမှာ မင်းကင်းမြို့နယ်မှ ဟုမ္မလင်း အထိအကြားမှာ သဘာဝ သစ်တောများဟာ စည်းကမ်းမဲ့စွာခုတ်ခြင်း၊ ခွင့်ပြုမိန့်နှင့်ခုတ်ခြင်းကြောင့် သဘာဝဂေဟစနစ်ကြီး ပျက်စီးပြုန်းတီးလာကာ သဘာဝဂေဟစနစ်များ ချို့ယွင်းပျက်စီးလာတာ ကိုလည်း တင်ပြဆွေးနွေးသွားလိုပါတယ်။ ကျွန်တော်တို့ အထက်ချင်းတွင်းမှာဆိုရင် သစ်တောပြုန်းတီး ရခြင်းမှာခွင့်ပြုမိန့်နဲ့ အလွန်အမင်းသစ်ခုတ်ခြင်း၊ စည်းကမ်းမဲ့နဲ့သစ်ခုတ်ခြင်း၊ ခိုးခုတ်ခြင်း၊ သစ်မှေး

ရလိုတဲ့အတွက် သစ်ပင်များကိုခုတ်ခြင်း၊ သစ်ခွမျိုးစုံရလိုတဲ့အတွက် သစ်ပင်များကိုခုတ်ခြင်း၊ တောက်တဲ့ရလိုတဲ့အတွက် သစ်ပင်များကိုခုတ်ခြင်း၊ မီးသွေးဖုတ်ရန်အတွက် သစ်ပင်များကိုခုတ်ခြင်း၊ နောက် လှေများဖာထေးတဲ့ ပွေးညှက်ရဖို့တဲ့အတွက် နည်းမျိုးစုံနဲ့ သဘာဝသစ်တောကြီးများကို နည်းမျိုးစုံနဲ့ပြုန်းတီးဖျက်ဆီး နေကြတာကိုလေ့လာတွေ့ရှိရပါတယ်။ သစ်တောအတွင်းမှာ သဘာဝ တိရစ္ဆာန်ပေါင်းစုံနေထိုင်ကျက်စားနေတဲ့အတွက် သဘာဝတိရစ္ဆာန်များ၊ မျိုးစိတ်များဟာ ပျောက်ကွယ် လုမတတ်ဖြစ်သွားပြီဖြစ်ပါတယ်။ ကျွန်တော်ဟာ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လထဲမှာ ကနီမြို့နယ်၊ မင်းကင်းမြို့ကနေစတင်ပြီး ဟုမ္မလင်းမြို့အထိ မော်တော်ယာဉ်နဲ့ အစုန်အဆန်သွားခဲ့ဖူးပါတယ်။ ချင်းတွင်းမြစ်ရဲ့ဝဲယာဘေးကမ်း တောင်ပေါ်တွေမှာဆိုလို့ရှိရင် ကျွန်းပင်တွေဟာ ဒီကနေ့အချိန်မျိုး၊ ဒီကနေ့အနေအထားမျိုးဩဂုတ်လ မှာဆိုလို့ရှိရင် ဖွေးစွတ်နေပါတယ်။ ဒီကနေ့ သစ်တောကျွန်းပင် များစည်းကမ်းမဲ့စွာခုတ်တဲ့အတွက် ကျွန်းပင်တွေဟာ မတက်နိုင်တဲ့နေရာ၊ ယူလို့မရတဲ့နေရာမှအပ ကျွန်းပင်တွေဟာပြုန်းတီးသွားပြီလို့ လေ့လာတွေ့ရှိရပါတယ်။ မင်းကင်းမြို့ကနေ ဟုမ္မလင်းမြို့အထိ မဟာမြိုင်သစ်တောကြီးဆိုတာရှိပါတယ်။ အဲ့ဒီသစ်တောကြီးဟာ ကုန်နိုင်စရာအကြောင်းမရှိဘူးလို့ ဟိုတုန်းကတွေ့မြင်ခဲ့ရပါတယ်။ ဒီကနေ့ဆိုလို့ရှိရင် ကျွန်းလည်းပဲကုန်သလောက်ရှိနေပြီ အင်၊ ကညင်၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ပျဉ်းကတိုး၊ တမလန်း၊ ထောက်ကြံ့စတဲ့သစ်တွေဟာ ကုမ္ပဏီပေါင်း ၁၉ ခုကနေပြီးတော့ တစ်နှစ်ကို တန် ၇၀၀၀၀ မှ ၃၀၀၀၀၀ သိန်းအထိ နှစ်စဉ်နှစ်တိုင်းထုတ်နေတဲ့အတွက် ကျွန်တော်တို့သဘာဝ သစ်တောကြီးဟာ ပြုန်းတီးသွားပြီလို့ဆိုရမှာဖြစ်ပါတယ်။ အဲ့လိုပြုန်းတီးသွား သော်လည်းပဲ ဒီကနေ့ ပြန်လည်စိုက်ပျိုးတဲ့နေရာမှာ လုံးဝမရှိတဲ့အတွက် ကျွန်တော်တို့ သစ်တောကြီး ဟာ တော်တော်များများ ပြုန်းတီးပျက်စီးသွားပြီဖြစ်ပါတယ်။ အဲ့လိုပြုန်းတီးသွားတဲ့အတွက် သဘာဝ တောရိုင်းတိရစ္ဆာန်များလည်းပဲ ခိုအောင်းနေရာ စားကျက်မရှိတဲ့အတွက် ပြုန်းတီးသွားပြီ ဖြစ်ပါတယ်။ အဲ့ဒီထဲမှာ တိရစ္ဆာန်တွေဟာဆိုလို့ရှိရင် ကျားဝါမျိုးစိတ်လုံးဝပျောက်ကွယ်သွားပါပြီ။ တောဆင်များ၊ တောဝက်များ၊ ဥဒေါင်း၊ ကဒေါင်း၊ စိုင်၊ ပြောင်၊ ဆတ်၊ တောကြက်၊ တောရစ်၊ ဝက်ဝံများ၊ သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်၊ ယုန်၊ သင်းခွေချပ်၊ စပါးကြီး၊ စပါးအုန်း၊ မြွေကြီး၊ ဖြူစတဲ့သတ္တဝါတွေဟာဆိုလို့ရှိရင် ဒီကနေ့ သစ်တော တွေပြုန်းတီးသွားတဲ့အတွက် တိရစ္ဆာန်သားကောင်များလည်း တော်တော်များများ ပြုန်းတီးပျက်စီးသွားပြီဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒီ မဟာမြိုင်သစ်တောကြီးထဲမှာ ဆိုလို့ ရှိရင် သစ်ပင်ကြီးများဟာ ထိပ်ဝ ၆ ပေ၊ ၇ ပေရှိတဲ့သစ်ပင်ကြီးတွေဖြစ်ပါတယ်။ အမြင့်အားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ပေ ၁၅၀ မှ ၂၀၀ အထက်ထိရှိတဲ့ သစ်ပင်ကြီးတွေကိုခုတ်လှဲတာ ဖြစ်ပါတယ်။

အဲ့သလိုခုတ်လှဲလိုက်တဲ့အခါမှာ ဘေးကသစ်ပင်အနည်းဆုံး ၅၀ မှ ၁၀၀ အထိ သစ်ပင်ကြီးရဲ့ ပိကျမှုကြောင့် ကျိုးကျကျေမွပျက်စီးဆုံးရှုံး မှုတွေဖြစ်လာခဲ့ပါတယ်။ ဒါတင်မကဘူး။ ဒီသစ်ပင်ကြီးတွေ ခုတ်တဲ့အခါမှာ ၁၈ ပေခန့်ဖြတ်ပြီးတော့မှ အပိုင်းပေါင်း ၁ ပိုင်းမှသည် ၅ ပိုင်း ၆ ပိုင်း ၇ ပိုင်းအထိ ရရှိပါတယ်။ အဲ့ဒီသစ်များကိုခုတ်ဖို့အတွက် တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဆင်နဲ့ဆွဲဖို့အတွက် နောက်တစ်ခါ Clark , Loader များနဲ့ဆွဲဖို့အတွက် တုံးရဲ့အောက်မှာ ခုတဲ့ခံတုံးများအဖြစ် ခုတ်လှဲခြင်းကဆိုလို့ရှိရင်လည်း သစ်တောများမြောက်မြားစွာ ဆုံးရှုံးခဲ့ရပါတယ်။ ဒါတင်မကပါဘူး။ ဒီသစ်တွေကို တစ်နေရာကနေ တစ်နေရာ ၁၈ ပေ သစ်လုံး ၅ လုံး၊ ၇ လုံး၊ ၈ လုံးရှိတဲ့နေရာမှာ တစ်နေရာကနေ တစ်နေရာရွှေ့ရတာ၊ ကားတိုက်ဖို့လမ်း ဖောက်တဲ့အခါမှာလည်းပဲ သစ်ပင်ပေါင်း များစွာ၊ ဝါးရုံပင်ပေါင်းမြောက်မြားစွာ လမ်းဖောက်တဲ့အတွက် ဘူဒိုဇာနဲ့ထိုးပစ်ပြီးတော့မှာ သဘာဝ သစ်တောတွေကို ဖျက်ဆီးခြင်းခံနေရပြီဖြစ်ပါတယ်။ ကျွန်တော်ဟာ ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်မှာ လိုင်စင်နဲ့ကိုယ်တိုင်သစ်ခုတ်တယ်။ ကျွဲတိုက်တယ်။ ဆင်တိုက်၊ သစ်ဖောင်ဖွဲ့၊ သစ်ဖောင်ချလုပ်ငန်းနဲ့ ၂၀၀၄၊ ၂၀၀၉ ခုနှစ်မှာဆိုလို့ရှိရင် ကလေးဝမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်၊ ကောလင်းမြို့နယ်၊ ပင်လယ်ဘူးမြို့နယ်၊ အင်းတော်၊ ဗန်းမောက်စတဲ့နယ်တွေ မှာ ကျွန်တော်ကိုယ်တိုင် ကားတိုက်တဲ့လုပ်ငန်းကိုလုပ်ကိုင်ခဲ့ရပါတယ်။ ဒီဟာတွေဟာဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ လက်တွေ့ မြင်ပြီးတော့မှ သိရှိရတဲ့အချက်တွေဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိနစ် ၂၀ ပြည့်ဖို့ ၅ မိနစ်ပဲ လိုပါတော့တယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ ကျွန်တော် ၂ မျက်နှာလောက်ပဲ ကျန်ပါတော့တယ်။ သစ်တောသယံဇာတပစ္စည်းများ ပြောမကုန်နိုင်အောင် ပျက်စီးဆုံးရှုံးသွားပြီ ဖြစ်ပါတယ်။ သစ်တော သယံဇာတပစ္စည်းတွေပျက်စီးတဲ့အပြင် မြစ်ချောင်းအင်းအိုင်တွေလည်းပဲ သစ်ပင်တွေမရှိတဲ့အတွက် အဲ့ဒီက စီးလာတဲ့ကျောက်တွေ၊ သဲတွေကြောင့် မြစ်ကြောင်းတွေဟာဆိုလို့ရှိရင်လည်း တိမ်ကောသွားပြီ ဖြစ်ပါတယ်။ ၁၉၆၄- ၁၉၈၇ ခုနှစ်အထိ မုံရွာကနေ ဟုမ္မလင်းကို သင်္ဘောတွေဟာ နွေမိုးဆောင်း ၃ ရာသီလုံး သွားလို့ရပါတယ်။ ၁၉၈၉-၁၉၉၀ ကနေစတင်ပြီးတော့မှ ဟုမ္မလင်းကို ဇန်နဝါရီလကုန် လောက်မှာ ဟုမ္မလင်းအထိမသွားနိုင်တော့ပါဘူး။ အခု ၂၀၀၅-၂၀၀၆ လောက်ကစပြီးတော့မှ နွေရာသီမှာဆိုရင် ကလေးဝအထိသာ သင်္ဘောများသွားလာနိုင်တာဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် သစ်ပင်များခုတ်တဲ့အတွက် တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် ရွှေကျင်တဲ့အတွက် တစ်နည်း အားဖြင့်ပြောမယ်ဆိုရင် ကျောက်များတူတဲ့အတွက် မြစ်ဟာတိမ်ကောပပျောက်လာပြီ ဖြစ်ပါတယ်။

ဒါတင်မကပါဘူး။ ရေနေသတ္တဝါများဖြစ်တဲ့ ငါးတို့၊ လင်းပိုင်းတို့၊ ငါးမျိုးစုံတွေဟာဆိုလို့ရှိရင် ဒီကနေ့ ယခင် ၁၉၆၇ ခုနှစ်က ၆၃ ပိသာလောက်ရှိတဲ့ ငထွေကြီးကိုဖမ်းမိခဲ့သော်လည်း ယနေ့ ၅ ပိသာရှိတဲ့ ငါးမျိုးမရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ သဘာဝသစ်တောကြီးများပြုန်းတီးတဲ့အတွက် သဘော်များ မသွားလာနိုင်ခြင်၊ သဘာဝတိရစ္ဆာန်များပျက်စီးခြင်းတွေဖြစ်လာပြီဆိုတာ လေ့လာသုံးသပ်လို့ရရှိပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာဆိုရင် သစ်ပင် ၁ ပင်ခုတ်ရင် ၃ နှစ်ထောင်ချပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ သစ်တောထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းထားတာ ရှိသော်လည်းပဲ ဥပဒေကိုလိုက်နာရမယ့်ပုဂ္ဂိုလ်ကလည်းမလိုက်နာပါဘူး။ ပြည်သူပြည်သားကလည်း လိုက်နာခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ သစ်တော်တွေဟာ ပြုန်းတီးပျက်စီးသွားပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်သွင်းထားတဲ့ သဘာဝသစ်တောကြီးများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး သစ်ပင်များကိုပြည်သူတစ်ရပ်လုံးကပြန်လည်စိုက်ပျိုးကြပါစို့လို့ ဦးသန်းနွယ်ရဲ့ အဆိုကိုထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား သောဧည့်သည်တော်ကြီးများ အားလုံး ကောင်းကျိုးလိုရာဆန္ဒပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်တင်သွင်းတဲ့ သဘာဝ ပတ်ဝန်းကျင်တည်ငြိမ်မှု ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောများမှ သစ်နဲ့ သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့် ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ဖြစ်တဲ့ ဦးသန်းနွယ် အပါအဝင် ကျွန်တော့်မတိုင်ခင် အရင်ဆွေးနွေးသွားကြတဲ့ နောင်တော်ကြီးတွေလည်း တော်တော်လေးကို ပြည့်ပြည့်စုံစုံဆွေးနွေးသွားကြပြီး ဖြစ်တာမို့ ကျွန်တော့်အနေနဲ့ အင်းလေးဒေသမှာ လတ်တလော ဖြစ်ပေါ်နေတဲ့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှု ဂေဟစနစ်မျှတမှုပြန်လည်ရရှိရေးကို အဓိကထားပြီး အကျဉ်းချုံးဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေတိုင်းဦးစီးဌာနကောင်းကင် မြေတိုင်းဓာတ်ပုံအရ အင်းလေးကန်ဟာ ၂၀၀၈ ခုနှစ် နွေရာသီမှာ ရေပြင်အကျယ်က ၄၀ စတုရန်းမိုင် ရှိခဲ့ရာမှာ ၂၀၁၀ ခုနှစ် နွေရာသီမှာတော့ ၂၇ စတုရန်းမိုင်သာ ရှိခဲ့ပါတော့တယ်။ အင်းလေးကန်ရဲ့ အလျားဟာ ယခင်က ၃၆ မိုင် ရှိခဲ့ရာမှ ယခုအခါမှာဆိုရင် ၁၁ မိုင်သာကျန်ပါတော့တယ်။ ယခင်က ရှစ်မိုင်ခန့်ရှိတဲ့အနံဟာ ၄ မိုင်ခန့်သာ ကျန်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်မှာ အင်းလေးကန်ဟာ အနိမ့်ဆုံးရေမှတ်ရောက်တဲ့အထိ နှစ်ပေါင်း ၅၀ အတွင်း စံချိန်တင်လောက်အောင် ကျဆင်းခဲ့ပါတယ်။ အင်းလေးကန် ရေဝေရေလဲဒေသ ဧရိယာရဲ့ ၃၅ ရာခိုင်နှုန်းဟာ သစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး ၃၃.၈ ရာခိုင်နှုန်းသာ စိုက်ပျိုးမြေ ဖြစ်ပါတယ်။ ၂၈.၈ ရာခိုင်နှုန်းကိုတော့ အခြားမြေအဖြစ် အသုံးပြုလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့စာရင်းဇယားများအရ သိရှိရခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ခန့်က အင်းလေးကန်ရဲ့ ပတ်ဝန်းကျင်မှာ စိမ်းလန်းနေတဲ့သစ်တောတွေနဲ့ ဖုံးလွှမ်းနေပြီး လောင်းလှေသာမရှိရင် အင်းထဲမှာ ခရီးသွားလို့မရတဲ့အခြေအနေကစပြီး လက်ရှိ ကာလမှာတော့ လှေမရှိရင် အကြောင်းမဟုတ်တော့ပါဘူး။ လှေနဲ့သာသွားလာရတဲ့ ရေလမ်းခရီးလမ်းကို ခြေလျင်၊ ဆိုင်ကယ်၊ စက်ဘီးတွေနဲ့သွားလာနေကြရပါသည်။ ဒီလို ဖြစ်လာရတာဟာလည်း ကမ္ဘာ့ ရာသီဥတုပြောင်းလဲလာမှုကို အခြေခံပြီးဖြစ်ပေါ်ပြောင်းလဲလာရတယ်လို့ ပြန်လည်သုံးသပ်ထားကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ၁၉၆၆ ခုနှစ်နောက်ပိုင်းကစပြီး ပဲခူးရိုးမ တောင်ကြောတစ်လျှောက် သစ်တောတွေပြုန်းတီးလာလိုက်ကြတာ အခုဆိုရင် ပြောင်သလင်းခါဖြစ်နေပြီ ဆိုတာကိုလည်းပဲ အားလုံးမျက်မြင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနေရာဒေသအနှံ့မှာ မဆင်မခြင် သစ်ခိုးထုတ်တာတွေ၊ ထင်း၊ မီးသွေးအတွက် သစ်ပင်တွေကို ပထမခုတ်ယူခဲ့တာတွေကြောင့် သဘာဝ သစ်တောတွေ ပြုန်းတီးမှုများပြားလာတာနဲ့အမျှ စိုးရိမ်ရတဲ့အခြေအနေသို့ ဆိုက်ရောက်နေပါသည်။ ၁၉၈၀ ပြည့်နှစ်ပတ်ဝန်းကျင်မှာ သစ်တောစိုက်ခင်းများကို နိုင်ငံတော်က ဦးဆောင်ကာ အရှိန်အဟုန်ဖြင့် စိုက်ပျိုးလာခဲ့တာလည်း အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါပေမယ့် ထင်သလောက်အောင်မြင်မှု မရရှိခဲ့ပါဘူး။ အနည်းငယ်မျှသာ အောင်မြင်ခဲ့ကြောင်းကို မျက်မြင်ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးဒေသအကြောင်းကို ဆက်လက်တင်ပြလိုပါတယ်။ လောပိတ လျှပ်စစ်ဓာတ်အား စီမံကိန်းအခြေတည်ရာ ဘီလူးချောင်းဟာ ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူ ဖြစ်တဲ့ ရွှေအင်းတိမ်ဘုရား အနောက်ဖက်ရှိတောင်များမှ မြစ်ဖျားခံလာပြီး အင်တိမ်ရွာ၊ တောင်ခြေရွာ၊ ကျွန်းစုကျေးရွာနဲ့ ဟဲရာရွာမတို့ကို မြွေလိမ်မြွေကောက်သဖွယ်ဖြတ်ကျော်ပြီး အင်းလေးကန်ထဲ စီးဝင်

ပါတယ်။ ၎င်းနောက် နမ့်ပန်ကျေးရွာ၊ စကား၊ ဖယ်ခုံ၊ မိုးဗြဲဆည်ရောက်တဲ့အထိ ကောက်ကောက်ကွေ့ကွေ့နဲ့ စီးဆင်းခဲ့ပြီး နောက်ဆုံးမှာ မိုးဗြဲဆည်မှတစ်ဆင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို ဖြတ်လို့ သံလွင်မြစ်ထဲစီးဝင်တာဖြစ်ပါတယ်။ ဘီလူးချောင်းရဲ့ရေစီးနှုန်းကို နှေးကွေးနေအောင် သဘာဝအလျောက်ထိန်းသိမ်းပေးခဲ့တာတွေ ဖြစ်ပါတယ်။ အင်းလေးကန်ရဲ့ အရှေ့နဲ့အနောက်ကို ဆက်သွယ်ပေးထားတဲ့ တွံဟုန်းတံတားမရောက်ခင် ဒီခေါင်းအထက်ဖက် 'ပ' ပုံသဏ္ဌာန်စီးဆင်းနေတဲ့ ဘီလူးချောင်း ချောင်းကွေ့ကြီးတစ်ခုရှိပါတယ်။ လှေနဲ့သွားမယ်ဆိုရင် အချိန်တော်တော်ကြာအောင် လှော်ခတ်သွားလာရတဲ့ နေရာဖြစ်ပါတယ်။ တစ်ခါတုန်းက တရုတ်တစ်ယောက်ဟာ ကွေ့ပတ်ပြီး လှော်ခတ်သွားလာရတာကို အချိန်ကုန်လို့ သူ့ရဲ့လှေကိုထမ်းပြီး ဖြတ်ကျော်ခဲ့ဖူးတာရှိခဲ့လို့ အဲဒီချောင်းကွေ့ကြီးကို တရုတ်လှေထမ်းကွေ့လို့ အမည်တွင်နေပါတယ်။ ၁၉၉၂ ခုနှစ်က အင်းလေးဒေသမှာ မိုးသည်းထန်ခဲ့လို့ အဲဒီတရုတ် လှေထမ်းကွေ့ကို ရေနစ်ဆုံးရှုံးရမလိုဖြစ်ခဲ့ပါတယ်။ ရေမြန်မြန်စီးဆင်းစေဖို့အတွက် မြေတူး၊ မြေကော်စက်တွေနဲ့ ချောင်းအကွေ့ကြီးကို တူးမြောင်းဖော်ထုတ်ပေးခဲ့ပါတယ်။ ဒီတူးမြောင်းမှာ ရေထိန်းတံခါးတပ်ဆင်ပေး မယ်ဆိုရင် အင်းလေးကန်အတွင်း ရေနည်းလာနေတဲ့အခက်အခဲကို ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ဒေသခံတွေက မျှော်လင့်လျက်ရှိကြပါတယ်။ နိုင်ငံတော်မှ ရေထိန်းတံခါးတပ်ဆင်ပေးပါရန်လည်း တစ်ဆက်တည်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝပတ်ဝန်းကျင်အခြေအနေတွေကြောင့်ပဲဖြစ်ဖြစ် လူသားတွေရဲ့ လုပ်ဆောင်ချက်တွေကြောင့်ပဲဖြစ်ဖြစ် အင်းလေးကန်ရဲ့ ဂေဟစနစ်ပျက်စီးထိခိုက်နေတာကတော့ အမှန်ပင်ဖြစ်ပါတယ်။ မြောက်မြားစွာသော ငှက်မျိုးစိပ်တွေ၊ ရေချိုငါးများ၊ ငါးချဉ်၊ လိပ်၊ ပုစွန်၊ ဂဏန်း၊ ခရုစတဲ့ ဇီဝမျိုးစုံမျိုးကွဲများဟာလည်း ပျောက်ဆုံးကွယ်ပျောက်လုနီးဖြစ်နေရပါပြီ။ အင်းလေးကန် ထိန်းသိမ်းရေးအတွက် အင်းလေးကန်အတွင်းသို့ စီးဝင်နေသောချောင်းဘောင်များကို မပြိုကျမပျက်စီးစေရန် ကွန်ကရစ်မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ သင့်တော်သည့်နေရာများတွင် နံးတားဆည်များ တည်ဆောက်ခြင်း၊ ရွာရိုးတစ်လျောက်ရွှံ့နွံများဖြင့် တည်ဆောက်ထားသော တာဘောင်၊ တာရိုးများ၊ အမြဲတမ်းကျစ်လျစ်နေစေရန်အတွက် တာရိုးများပေါ်တွင် သစ်ပင်ကြီးများ စိုက်ပျိုးခြင်း၊ တာရိုးပေါ်တွင် လမ်းမကြီးများဖောက်လုပ်ပြီး အင်းလေးကန်ဘေးပတ်လည်တွင် ကျေးရွာများမှာ သစ်တောသီးနှံရောနှောစိုက်ပျိုးသည့်စနစ်များကို ပြုစုပျိုးထောင်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါတယ်။ ယခုအခါအင်းလေးဒေသတွင် အင်းလေးကန် မတိမ်ကောစေရေးနှင့် အင်းလေး

ဒေသဂေဟစနစ်မပျက်စီးစေရန်အတွက် INGO နဲ့ NGO များ ဒေသခံလူ့အဖွဲ့အစည်းအသီးသီးမှ နည်းလမ်းအမျိုးမျိုးဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အပိုင်းမှလည်း တတတ်တအား ပါဝင်ကူညီဆောင်ရွက်ပေးဖို့ တိုက်တွန်းပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက နိုင်ငံပိုင် စိုက်ခင်းထူထောင်ခြင်း၊ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲကျေးရွာသုံးစိုက်ခင်း၊ အပူပိုင်းစိမ်းလန်း စိုပြေရေးစိုက်ခင်းများ ယခုလို မိုးရာသီရောက်လေတိုင်း စိုက်ပျိုးနေကြတာကိုလည်း ကြားသိမြင်တွေ့ နေရသည့်အတွက် အနာဂတ်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါတယ်။ ထို့အတူ ကျွန်တော်တို့ အင်းလေးဒေသ ညောင်ရွှေမြို့နယ်အတွင်းမှာလည်း ယခုနှစ် မိုးရာသီအစမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့များ၊ ကျောင်းသူကျောင်းသားများ အပါအဝင် ပြည်သူလူထုမှ သစ်ပင်စိုက်ပျိုးပွဲများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြကြောင်းကို အလျဉ်းသင့်၍ တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှလည်း ဩဂုတ်လ ၂၅ ရက်နေ့တွင် အင်းလေးကန်နဲ့ စကားအင်းအတွင်း ငါး၊ ငါးရှဉ့်အပါအဝင် ငါးမျိုးစုံစုစုပေါင်းအကောင်ရေ ၃၀၂၇၀၀ စိုက်ထည့်ပေးခဲ့ကြောင်း စက်တင်ဘာလ ၂ ရက်တနင်္ဂနွေနေ့ ကြေးမုံသတင်းစာတွင် ဝမ်းသာစွာ ဖတ်ကြားသိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ်ခရီးမှာ မဖြစ်မနေဆောင်ရွက်ရ မယ့် လုပ်ငန်းဖြစ်တဲ့အတွက် ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်တင်သွင်းတဲ့ သဘာဝဝန်းကျင် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနဲ့ အမြဲတမ်းသစ်တောမြေများ၊ သစ်နဲ့သစ်တောထွက်ပစ္စည်း များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက် သင့်ကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၅ မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[အစည်းအဝေးကို ၃၅ မိနစ်ခန့် ရပ်နားပါသည်။]**

**အချိန်၊၁၅း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မြင့်မြင့်စန်း(ဝါးခယ်မမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ဝါးခယ်မမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းဖြစ်ပါပြီး ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ သဘာဝဝန်းကျင် တည်ငြိမ်မှု ဂေဟစနစ်မျှတမှုကို ပြည်လည်ရရှိစေရေးနှင့် သဘာဝသစ်တောကြီးများ စောင့်ရှောက်ရေးအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်ရှင့်။ ကျွန်မရဲ့အဆိုကို စာဖြင့် ဖတ်ကြားခွင့်ပြုစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာလောကကြီး၏ သက်ရှိသက်မဲ့ အရာမှန်သမျှဟာ သဘာဝပတ်ဝန်းကျင်က ပေးထားတဲ့ သန့်ရှင်းတဲ့ရေ၊ သန့်ရှင်းတဲ့လေ၊ ကောင်းမွန်တဲ့ မြေဆီလွှာ၊ မျှတတဲ့ နေအပူရှိန်တို့ကို အမှီပြုနေကြရတာပါ။ ဒါပေမယ် အခုတော့ ရေထု၊ လေထုတွေညစ်ညမ်းနေသလို မြေဆီလွှာတွေလည်း ပျက်စီးလာနေပါတယ်။ နေအပူချိန်တွေကလည်း ပို၍ပို၍ မြင့်တက်လာနေပါတယ်။ အကြောင်းအရင်းကို လေ့လာကြည့်တဲ့အခါ မြို့ရွာများက အညစ်အကြေးအမှိုက်သရိုက်တွေ၊ စက်ရုံအလုပ်ရုံတို့က စွန့်ပစ်ပစ္စည်းတွေ၊ ဓါတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးရည်တွေဟာ မြစ်ချောင်းများမှာ စီးဆင်းစိမ့်ဝင်နေကြတဲ့အတွက် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသလို ဓါတ်မြေသြဇာ စက်ရုံကထွက်တဲ့ အမိုးနီးယားဓာတ်ငွေ့၊ ဒန်စက်ရုံ၊ သံမဏိစက်ရုံတို့ကထွက်တဲ့ ဖလိုရင်းဓာတ်ငွေ့ အထူးသဖြင့် ကျောက်မီးသွေးသတ္တုတွင်းက အများဆုံးထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များလို့ရှိရင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ဟာ နေရောင်ခြည်က အပူကိုစုပ်ယူနိုင်ပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်များလာပါက အပူစုပ်ယူမှုများပြီး ကမ္ဘာမြေအပူချိန် တိုးမြင့်စေပါတယ်။ ကမ္ဘာမြေအပူချိန်မတိုးအောင် သစ်ပင်များက ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး ကာကွယ်ပေးထားနိုင်ပေမယ့် အခုတော့ သစ်တောပြုန်းတီးမှုကြောင့် ကမ္ဘာမြေကြီးဟာ ပို၍ပို၍ ပူနွေးလာခြင်းဖြစ်ကြောင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းခဏခဏထန်ခြင်းတွေ ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သဘာဝသစ်တောသစ်ပင်တွေဟာ သတ္တဝါတွေကို လေပြင်းမုန်တိုင်းဒဏ်ကလည်း ကာကွယ်ပေးပါတယ်။ မုန်တိုင်းဟာ လေဖိအားနည်း ရပ်ဝန်းဆီ အပြင်းတိုက်ခတ်လာတာပါ။

သစ်တောတွေရှိတဲ့အရပ်ဟာ လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်ခြင်းမရှိတာမို့ မုန်တိုင်းဝင်ရောက်ဖို့ မဖြစ်နိုင်ပါဘူး။ နာဂစ်ဘာကြောင့်ဖြစ်ရသလဲ။ ဧရာဝတီတိုင်းသားတွေဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မှာရှိတဲ့ ဒီရေတောများ၊ လမုတောများ၊ ဓနိတောများ၊ ရေဝေရေလဲစိုက်ခင်းများကို ခုတ်ထွင်ရှင်းလင်း ပြီး လယ်စိုက်ခြင်း၊ ငါးမွေးခြင်း၊ ပုစွန်မွေးခြင်း စီးပွားရေးတွေလုပ်တဲ့အတွက် အကာအကွယ်မဲ့နေ တဲ့အချိန် မြန်မာနိုင်ငံကုန်းပိုင်းဒေသမှာလည်း သဘာဝသစ်တောတွေ နည်းပါးတဲ့အတွက် လေထု အပူချိန်မြင့်နေချိန် မုန်တိုင်းဖြစ်ပေါ်ခဲ့ရတာပါ။ ဒါကြောင့် ဥတုရာသီတောကိုမှီဆိုတဲ့အတိုင်း ဂေဟစနစ် မျှတဖို့ သစ်ပင်တွေများများ စိုက်ဖို့လိုအပ်ပါတယ်ရှင့်။ သစ်ပင်အမြစ်တွေက မြေကြီးကို အခိုင်အမာ ကုတ်တွယ်ပြီး မြေဆီလွှာပျက်စီးမှုကို ကာကွယ်ပါတယ်။ ဒါပေမယ့် အခုတော့ သစ်တောတွေဟာ ထင်း၊ မီးသွေး၊ လောင်စာဖြစ်သွားခြင်း၊ တောမီးရှို့ခြင်း၊ တောမီးလောင်ခြင်း၊ စည်းကမ်းမဲ့သစ်ခုတ်ခြင်းတို့ ကြောင့် သစ်တောပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဆီလွှာ အာနိသင်ယုတ်လျော့ခြင်းတွေ ဖြစ်လာပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံဖြစ်ထွန်းမှု ဖျက်ဆီးပါတယ်ရှင့်။ အညာ ဒေသမြင်းခြံမှာ မိုးမရွာလို့ တောင်သူလယ်သမားတွေ ဒုက္ခရောက်သလို တိရစ္ဆာန်တွေကို ကျွေးစရာ အစာတောင် မရှိတဲ့အဖြစ် နှစ်စဉ်ကြုံနေရခြင်း၊ ပုဂံပတ်ဝန်းကျင်မှာ သဲမြေများဖုံးလွှမ်းကျန်ရှိခြင်းဟာ တစ်ချိန်က ကင်းဝန်မင်းကြီးရဲ့ အညာဒေသ သစ်ပင်စိုက်စီမံကိန်းအရ ထန်းပင်စိုက်၊ ထန်းလျက်ချက် တဲ့အတွက် သစ်တောပြုန်းတီးပြီး မြေဆီလွှာယုတ်လျော့ခြင်းတွေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ မြစ်ကိုအခြေပြုပြီး စီးပွားရှာတဲ့ လုပ်ငန်းရှင်တွေက ရွှေ၊ ကျောက်၊ ကျောက်စရစ်၊ သဲစတဲ့ သယံဇာတပစ္စည်းတွေ ထုတ်ယူသုံးစွဲရာမှာ စက်ယန္တရားတွေကိုသုံးပြီး အလွန်အကျွံ စည်းကမ်းမဲ့ထုတ်ယူတဲ့အတွက်ကြောင့် မြေဆီလွှာကို ပျက်စီးစေသလို ပယ်ထုတ်လိုက်တဲ့မြေတွေက မြစ်ထဲပဲရောက်ရှိတဲ့အတွက်တော့ မြစ်ကြမ်းပြင်မြင့်တက်လာပြီး မြစ်ကြောင်းတွေပြောင်းလဲသွားခြင်း၊ မြေကောခြင်း၊ မြစ်ကောခြင်းတွေဖြစ်ပါတယ်။ မြစ်ရေအရောင်အသွေး ပြောင်းလဲခြင်းတွေလည်း ဖြစ်ပေါ်စေပါတယ်ရှင့်။ အရင်တုန်းက ဧရာဝတီမြစ်ဟာ မိုးတွင်းမှာသာနောက်ကျိုပြီး ကျန်တဲ့အချိန် တွေမှာ ကြည်လင်နေပါတယ်။ အခုတော့ ဧရာဝတီမြစ်ဟာ တစ်ချိန်လုံး နောက်ကျိုနေသလို ချင်းတွင်းမြစ်ရေဟာလည်း အနီရောင်သန်းနေတယ်လို့ သိရပါတယ်ရှင့်။ မြစ်ချောင်းတွေပိတ်ပြီး ဆည်တွေ၊ ကန်တွေ ဆောက်လုပ်ခြင်းဟာ ရေလုံလောက်မှုရရှိတဲ့ ရေရှားတဲ့ နွေရာသီမှာတောင် လယ်စိုက်ပျိုးရေးနိုင်တဲ့အတွက် လယ်ယာလုပ်သားတွေအတွက် အကျိုးရှိတယ်၊ ရေအားလျှပ်စစ်

ထုတ်ယူနိုင်တယ်ဆိုတဲ့ ကောင်းကျိုးတွေရှိသလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ကြည့်ရင် ဆိုးကျိုးတွေကိုလည်း တွေ့မြင်နေရပါတယ်ရှင့်။ ဆည်တွေကြောင့် မြစ်ချောင်းရဲ့အထက်ပိုင်း အောက်ပိုင်းရွှေ့ပြောင်းသွားလာမှုကို ဖြတ်တောက်ပိုင်းခြားလိုက်သလိုဖြစ်သွားခြင်း၊ ငါးမျိုးစိပ် တော်တော်များများ မျိုးသုန်းစေခြင်း၊ ဆည်တည်ဆောက်တဲ့နေရာက သစ်ပင်သစ်တောပြုန်းကုန်ပြီး ရေစီးရေလာစနစ်ပြောင်းသွားခြင်း၊ သစ်တောပြုန်းလို့ ရေစီးရေလာပြောင်းမှုကြောင့် မထင်မှတ်တဲ့ နေရာတွေမှာ ရေကြီးရေလွှမ်းမှုကြုံရခြင်း၊ တချို့ဒေသကျ မိုးခေါင်ရေရှားခြင်း၊ ဒေသခံလူတွေမှာ လည်း နေရာသစ်ရွှေ့ပြောင်းရတဲ့ဒုက္ခ၊ စီးပွားရေး၊ လူမှုရေး ဒုက္ခတွေကြုံရကြောင်း သိရှိရပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နွေအခါမှာ မြစ်ရေစီးဆင်းမှု လျော့နည်းလာတဲ့အတွက် ပင်လယ်စားငန်ရေ ဝင်ရောက်မှုများလာကြောင်း ကြားသိရပါတယ်။ ဧရာဝတီမြစ်ရေဟာ စားငန်ရေဝင်ရောက်မှုကို မနည်းတွန်းလှန်နေရတာပါ။ ဒါကို မြစ်ဆုံဆည်တည်ဆောက်ခွင့်ပြုခဲ့ရင် တန်ဖိုးရှိတဲ့ဧရာဝတီမြစ်ဝ ကျွန်းပေါ်မြစ်ချောင်းအားလုံး ပင်လယ်စားငန်ရေဝင်လာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုပျက်စီးသွား နိုင်ပါတယ်ရှင့်။ ကမ္ဘာမှာ စားနပ်ရိက္ခာအရေးကြီးဆုံး ဖြစ်ပါတယ်။ ဧရာဝတီမြစ်နဲ့ ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသဟာ နေ့စဉ် ရွှေဥ ဥပေးနေတဲ့ ဘဲငန်းကြီးတွေနဲ့တူပါတယ်။ နေ့စဉ် ရွှေဥပေးနေတဲ့ ဘဲငန်းကြီးတွေကို ဂရုတစိုက်ရမယ့်အစား လတ်တလောအကျိုးစီးပွားအတွက် ရွှေဘဲငန်းတွေကို သတ်မိသလို ဖြစ်သွားရင်တော့ မြန်မာနိုင်ငံဝမ်းစာဖူလုံရေး ရင်လေးစရာ ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ဆရာဇော်ဂျီကလည်း သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး တောပင်ကို တော်တော်ခုတ်ပါ တောပြုတ်လိမ့်နောက်နောင်၊ တောပြုတ်လို့ တောပြောင်လျှင်၊ မိုးခေါင်တော့မှာပဲ မိုးခေါင်လို့ရေမကြွယ်၊ သဲပင်လယ်ဖြစ်လိမ့်မလွဲဆိုတဲ့ သတိပေးကဗျာလေး မှတ်သားလိုက်နာရမှာ ဖြစ်ပါတယ်ရှင့်။ ဒါ့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ စီမံကိန်း တွေကို ကောင်းကျိုးဆိုးကျိုးဖြစ် အကဲဖြတ်ပြီးမှ သဘာဝမပျက် တိုးတက်ထွန်းကားမှု နည်းလမ်းတွေ ရှာဖွေသင့်ကြောင်းနဲ့ ဂေဟစနစ်မျှတဖို့ မိုးကောင်းဖို့၊ မြေကောင်းဖို့ သစ်ပင်သစ်တောများ စိုက်ပျိုး ထိန်းသိမ်းဖို့ လိုအပ်တဲ့အတွက် ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း ကျေးဇူးတင်စွာ နိဂုံးချုပ်ပါတယ်ရှင့်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းကြိုင်(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်

ပြည့်စုံပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ရဲ့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိရေးနှင့် အမြဲတမ်းသစ်တောမြေ များမှ သစ်နှင့်သစ်တောထွက်ပစ္စည်း ရေရှည်ထာဝရ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း ကိုအလေးထားဆောင်ရွက်သင့်ကြောင်း အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၆၀ ဝန်းကျင်လောက် တစ်နိုင်ငံလုံး ဧရိယာနဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၇၀ ရာခိုင်နှုန်းရှိခဲ့ပြီးတော့ သစ်ပင်ပန်းမန်များနှင့် ဇီဝမျိုးကွဲအလွန်များပြား ပေါကြွယ်တဲ့ နိုင်ငံလို့ ကမ္ဘာမှာအလွန်တင့်တယ်စွာရှိခဲ့ပါတယ်။ ကမ္ဘာမှာအလွန်နာမည်ကြီးတဲ့ ကျွန်းသစ်ထဲမှာတောင်မှ ကမ္ဘာက ထွက်တဲ့ကျွန်းသစ်တွေထဲမှာ ကျွန်တော်တို့ ကျွန်းသစ်ဟာ အလှဆုံးနဲ့ အမျိုးအစား အကောင်းဆုံးလို့ နာမည်ကြီးပါတယ်။ အဲဒီကျွန်းသစ်နှင့် အပင်ကြီးမျိုးပေါင်း ၇၀၀၀ ကျော်ရှိပြီးတော့ အဲဒီထဲက ၁၀၇၀ ကျော်ဟာ ဒေသမျိုးရင်းတွေဖြစ်ပါတယ်။ ဝါးမျိုးပေါင်း ၁၀၀ ကျော်၊ ကြိမ်မျိုးပေါင်း ၃၀ ကျော်၊ သစ်ခွမျိုးပေါင်း ၈၀၀ ကျော်၊ ငှက်အမျိုးပေါင်း ၁၀၅၀ ကျော်၊ ကုန်းနေသတ္တဝါ ၃၀၀ ခန့်၊ တွားသွားသတ္တဝါ ၄၀၀ ကျော်၊ လိပ်ပြာမျိုးစု ၁၀၀၀ ကျော်၊ ငါးမျိုးစု ၈၀၀ ကျော်ရှိတယ်လို့ မှတ်တမ်းတင်ထားနိုင်ခဲ့တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဒါပေမယ့် သစ်တော ပြုန်းတီးမှုဟာ တဖြည်းဖြည်းမြန်ဆန်လာပါတယ်။ ၁၉၇၀ မှာ သစ်တောဧရိယာဟာ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ မှာ ၅၉ ရာခိုင်နှုန်းနဲ့ ၂၀၀၈ ခုနှစ်မှာ မကြာသေးခင်က ထွက်လာတဲ့ စစ်တမ်းတစ်ခုအရ သစ်တောဖုံးလွှမ်း ဧရိယာဟာ ၂၄ ရာခိုင်နှုန်းပဲရှိတော့တယ်ဆိုတော့ အလွန်ကိုထိတ်လန့်စရာ ကောင်းတဲ့နှုန်းနဲ့ ပျက်စီးသွားတာဟာ ပေါ်လွင်နေပါတယ်။ ဒီကိန်းဂဏန်းများကိုကြည့်ရင် မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုဟာ အလွန်မြန်ဆန်တဲ့နှုန်းနဲ့ပြုန်းတီးနေတာကို တွေ့ရမှာဖြစ်ပါ တယ်။ နိုင်ငံရဲ့ ရေဝေရေလွှဲဒေသများ ဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် အဲဒီထဲကို စီးဝင်နေတဲ့ မြစ်များ၊ ချောင်းများပတ်ဝန်းကျင်မှာရှိတဲ့ သစ်တောတွေဟာ တဖြည်းဖြည်းပါးလျား ခြောက်ခမ်းပြီးတော့ ဇီဝမျိုးစုများ ရပ်တည်နေထိုင်ဖို့တောင် ခက်ခဲလာပြီဆိုတာ ပေါ်လွင်ပါတယ်။ သစ်တောပြုန်းတီးရာတွင် အဓိကအကြောင်းအရင်းတွေကို ဆန်းစစ်ရင်တော့ ကမ္ဘာကသိနေတဲ့ အတိုင်းပါပဲ။ စနစ်မကျတဲ့ သစ်ထုတ်လုပ်မှုများလွန်းခြင်း ဒါကတော့ အလှည့်ကျစိုက်ပျိုးမှုမရှိဘဲနဲ့

သစ်ထုတ်လုပ်မှုကို အသားပေးပြီးတော့ ထုတ်လုပ်နေတဲ့အတွက်ကြောင့် ပြောင်သလင်းခါသွားတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝအတိုင်းဖြစ်နေတဲ့ မဖွံ့ဖြိုးသေးတဲ့ဒုက္ခပါ။ ကျွန်တော်တို့နိုင်ငံဟာ အခုတော့ သဘာဝဓာတ်ငွေ့လည်း အလျှံပယ်ထွက်ပြီးတော့ ဘေးနိုင်ငံတွေတောင် ရောင်းချနေတဲ့ အခြေအနေမှာရှိပေမယ့်လို့ ဒီကနေ့အထိ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားအားလုံးရဲ့ သုံးပုံတစ်ပုံဟာ လောင်စာအဖြစ်နဲ့ ထင်းနှင့်မီးသွေးကိုပဲ သုံးနေရပါသေးတယ်။ ဒီအခြေအနေက ကျွန်တော်တို့ အခုထက်ထိ မလွတ်မြောက်နိုင်သေးပါဘူး။ နောက် တိုးချဲ့လာတဲ့လူဦးရေအတွက် နေစရာမြို့ပြအိမ်ရာတွေလည်း ချဲ့ထွင်ပေးရပါတယ်။ အဲဒါတွေကလည်း တဖြည်းဖြည်းနဲ့ သစ်တောပြုန်းတီးမှုတွေ ဖြစ်စေပါတယ်။ နောက် လယ်ယာမြေတိုးချဲ့ရပါတယ်။ နောက် ရွှေ့ပြောင်းတောင်ယာ စနစ်တွေလည်းလုပ်ရပါတယ်။ အဲဒီ သစ်တောပြုန်းတီးမှုကို ခုနှစ်ပိုင်းခြားပြီးတော့ ရာခိုင်နှုန်းနဲ့ တွက်ကြည့်တဲ့အခါမှာ ၁၉၇၅ ကနေ ၁၉၈၉ အတွင်းမှာ ၂ ရာခိုင်နှုန်း၊ ၁၉၈၉ ကနေ ၁၉၉၈ အတွင်းမှာ ၇ ရာခိုင်နှုန်း၊ ၁၉၉၈ ကနေ ၂၀၀၆ ခုနှစ်အတွင်းမှာ ၃.၂ ရခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ သစ်တောပြုန်းတီးမှုဟာ မြန်မြန်ဆန်ဆန် ထိန်းသိမ်းဖို့ အရေးတကြီးလိုအပ်နေပြီဆိုတာ ပေါ်လွင်နေပါတယ်။ သစ်တောတွေဟာ လူမျိုးတစ်မျိုးလုံးရဲ့ ကျန်းမာရေးလည်းဖြစ်ပါတယ်။ နောက် သစ်တောပြုန်းတီးမှုကို ဆက်ပြီးတော့ ထားလိုက်ရင် အကန့်တစ်ကန့်ရောက်တဲ့အခါမှာ ရေလည်ပတ်မှုဟာ ပြတ်သွားပြီးတော့ ဆိုလိုတာက လုံးဝခြောက်ခမ်းသွားပြီးတော့ မိုးလုံးဝမရွာတော့ဘဲနဲ့ ကန္တာရအတိ ဖြစ်သွားတတ်တယ်။ စိုက်ပျိုးလို့မရအောင် ခြောက်ခမ်းတဲ့ Current ဧရိယာတွေ ဖြစ်ကုန်နိုင်တယ်လို့ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးပညာရှင်များကလည်း သတိပေးထားပါတယ်။ နောက် သစ်တောဟာ ကမ္ဘာ့အဆုတ်လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ လူအတွက်အကျိုးပြုတဲ့ အောက်ဆီဂျင်ဓာတ်ကို ထုတ်ပေးပြီးတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ဖျက်ဆီးပစ်ပါတယ်။ ဒါကြောင့်မို့လို့ သစ်တောသာမရှိလျှင် နောင်လာနောင်သားတွေမှာ ကျန်းကျန်း မာမာနေနိုင်ဖို့ အခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီတော့ နိဂုံးချုပ် စောစောကတင်ပြထားတဲ့အချက်တွေကလည်း တော်တော်ပြည့်စုံပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်အကြံပေးချင်တဲ့အချက်တွေကတော့ သဘာဝအရင်းအမြစ်များ ထုတ်လုပ်မှု၊ သုံးစွဲမှု စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေကိုစနစ်တကျ စီမံခန့်ခွဲဖို့လိုပါတယ်။ သစ်တောဂေဟစနစ်ကို ပြန်လည်ကောင်းမွန်လာအောင်စီမံရပါမယ်။ သစ်တောများနှင့်သစ်ပင်များကို စနစ်တကျ ပြန်လည် စိုက်ပျိုးရပါမယ်။ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းဖို့လည်း လိုအပ်ပါတယ်။ သစ်အလုံးလိုက်

တင်ပို့ခြင်းကို ရပ်ဆိုင်းပြီးတော့ အဆင့်မြင့်သစ်ချောထည်များ တင်ပို့တဲ့စနစ်ကို ပြောင်းပြီးသုံးသင့်ပါတယ်။ မြို့တိုင်း၊ ရွာတိုင်းမှာ လျှပ်စစ်မီးနှင့်သဘာဝဓာတ်ငွေ့အလုံအလောက် ရရှိအောင်ဆောင်ရွက်ပေးသင့်ပါတယ်။ တစ်ဆက်တည်းမှာ ကျွန်တော်ကိုယ်တွေ့ဖြစ်ရပ်နှင့် ချိန်ပြီးတော့ သစ်တောထိန်းသိမ်းရေးကိစ္စမှာ အသုံးတည့်မယ်ထင်တဲ့ စိတ်ကူးတစ်ခုလည်း တင်ပြပါရစေ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ပြီးတဲ့နောက်မှာ အဖွဲ့ချုပ်ရဲ့ နာဂစ်ကယ်ဆယ်ရေးဗဟိုကော်မတီဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ရင်းနဲ့ နာဂစ်မုန်တိုင်းသင့်ဒေသထဲကို ထဲထဲဝင်ဝင်နေပြီးတော့ အဲဒီက ဒုက္ခသည်တွေကို ကယ်ရင်း၊ ကူရင်း၊ ထူရင်း ရင်းနဲ့ တော်တော်လေ့လာမိခဲ့ပါတယ်။ အဲဒီမှာ မုန်တိုင်းမကျခင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုဖြစ်စဉ်ကို သူတို့ပြောပြချက်အရ အတန်အသင့် လေ့လာမိပါတယ်။ ဖြစ်တာကတော့ ၁၉၇၀ ပြည့်လွန် ၁၉၇၅ ခုနှစ်လောက်က ဖြစ်ပါတယ်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ် မုန်တိုင်းသင့်ဒေသတွေမှာပဲဖြစ်ပါတယ်။ ကျေးရွာလူဦးရေတဖြည်းဖြည်းတိုးလာပါတယ်။ နိုင်ငံ့လူဦးရေတိုးသလို ကျေးရွာမှာလည်း လူဦးရေတိုးလာတာပေါ့။ အိမ်ထောင်စုတစ်စုဟာ သားသမီး ၁၀ ယောက်မွေးတယ်။ လယ် ၁၀ ဧက လုပ်စားတယ်ဆိုရင် သားသမီး ၁၀ ယောက် အရွယ်ရောက်လာတဲ့အခါ လုပ်ကွက်ကိုင်ကွက်ပေးဖို့ မြေမရှိတော့ပါဘူး။ စိုက်ပျိုးမြေက တိုးမလာပါဘူး။ အဲဒီတော့ သားသမီး ၁၀ ယောက်က စိုက်ပျိုးမြေရရှိဖို့အတွက် နေရာသစ်ရှာဖွေကြရပါတယ်။ ဒါဖြစ်စဉ်တစ်ခုအစပါ။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံဟာ ခုနကပြောသလို ထင်းနှင့်မီးသွေးကိုပဲ အားထားနေရတဲ့အခါကျတော့ ဒါဟာလည်း ဖြစ်စဉ်တစ်ခုရဲ့ အစပါ။ အဲဒီနှစ်ခုသွားတိုက် ဆိုင်မိတဲ့အခါကျတော့ မြေယာလိုချင်နေတဲ့ ခုနက လယ်သမားအသစ်တွေက မိသားစုတွေဟာ ကျွန်တော်တို့ ကြိုးဝိုင်းသစ်တောလို့ခေါ်တဲ့ မုတ်သုန်သစ်တောထဲကို ဝင်ပြီးတော့ တောခုတ်ပါတယ်။ အဲဒီ မုတ်သုန်သစ်တောဟာ မြစ်ကမ်းနံဘေးမှာ ကြိုးဝိုင်းသစ်တောလို့ ဆိုင်းဘုတ်ကပ်ထားပေမယ့်လို့ အထဲထဲဝင်ကြည့်လိုက်ရင်တော့ ဧက ၂၀၀၀၀၊ ၃၀၀၀၀ လောက်ဟာ ရွာကြီး၊ ပြည်ကြီးတွေ တည်ပြီးတော့ တကယ့်လယ်မြေတွေဖြစ်နေပါတယ်။ အဲဒီမှာ အခြေကျနေတဲ့ သူတွေဟာ စောစောကပြောင်းသွားတဲ့ လယ်သမားအသစ်တွေဖြစ်ပါတယ်။ ဒါဖြစ်ရင် အဲဒါတွေသူတို့နဲ့ အဆင်ပြေနေတယ်။ ရန်ကုန်တို့ ဘာတို့မှာတော့ ထင်းတွေက တဖြည်းဖြည်း အလုံးကြီးကြီးထင်းကနေ လက်ကောက်ဝတ် လောက်သေးပြီးထင်းတွေထွက်လာတယ်။ ဒီထင်းတွေကလည်း လောင်စာလိုအပ်တဲ့ နယ်တွေအထိ ပို့နေတာပါ။ အဲဒီတော့ ဒါတွေဟာ သက်ဆိုင်ရာက မသိဘူးလားလို့မေးတော့ သက်ဆိုင်ရာကလည်းသိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအချိန်မှာ သက်ဆိုင်ရာက ဖြစ်နေတာက သူတို့အပူကပ်နေ

တာက အဲဒီတုန်းက တာဝန်ကျေစပါး ဖလားဆုကြီးရဖို့အတွက် မြို့နယ်ကခေါင်းဆောင်တွေကလည်း သူတို့မှာ အဲဒီအပူက ကပ်နေပါတယ်။ အဲဒီတော့ သူတို့ဟာ ဒါတွေဟာ တောမဟုတ်တော့ဘူး။ လယ်တွေ ဖြစ်သွားပြီဆိုပြီး သူတို့ကလည်းမပြောပါဘူး။ ဘာပြုလို့တုန်းဆိုတော့ အဲဒီလယ်တွေအတွက်က စပါးက တာဝန်ကျေအတွက် အပိုစပါးဆောင်းပြီးသားလို ဖြစ်နေတယ်။ စာရင်းထဲမပါဘူး။ စပါးကတော့ ဝယ်ထားတယ်။ အဲဒီလိုနဲ့ပဲ အဲဒီအပြိုင်အဆိုင်ဖြစ်စဉ်ကြီးဟာ နောက်ဆုံး နာဂစ်ဖြစ်တဲ့အထိ တရွေ့ရွေ့နဲ့မျောပြီးတော့ ဧရာမတောကြီးတွေဟာ လယ်ကွင်းတွေဖြစ်ကုန်ပါတယ်။ ဒါကို သတိမထားမိကြပါဘူး။ အဲဒီမှာနေတဲ့ လယ်သမားကြီးတွေက ပြောပါတယ်။ နာဂစ်မဖြစ်ခင်နှစ်နှစ်လောက်က အလွန်ပူပြင်းပါတယ်။ သစ်တောတွေပြုန်းတီးကုန်တဲ့အခါကျတော့ ဘိုကလေးဘက်မှာရှိတဲ့ အင်မတန်နာမည်ကြီးတဲ့ ကျွန်းညိုကြီးတို့၊ မိန်းမလှဆိုတဲ့သစ်တောတွေဟာ တောပုတ်တွေဖြစ်ကုန်တယ်။ ချုံပုတ်တွေဖြစ်ကုန်ပြီဆိုတော့ တအားပူပါတယ်။ သူတို့သတိထားမိပါတယ်။ အရမ်းပူပြင်းတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ အရမ်းပူပြင်းတယ်ဆိုတဲ့ ကြားထဲကပဲ နှစ်ပေါင်း ၆၀ အတွင်း တစ်ခါမှ သူတို့မျှော်လင့်မထားတဲ့ အဲဒီဒေသသားတွေ မကြုံဘူးတဲ့ ဧရာမပြင်းထန်တဲ့ နာဂစ်မုန်တိုင်းကြီးဟာ သဘာဝအတိုင်းမရွေ့ရှားဘဲနဲ့ အဲဒီ သစ်တောပြုန်းတီးတဲ့ မြစ်ဝကျွန်းပေါ်နာဂစ်မုန်တိုင်းသင့်ဒေသကို ဖျက်ဆီးတိုက်ခတ်သွားတာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ သင်ခန်းစာနှစ်ခုပါ။ ကျွန်တော်တို့ သစ်တောထိန်းသိမ်းတယ်ဆိုတာဟာ အထူးသဖြင့် အဲဒီ သစ်တောနားမှာနေတဲ့ ကျေးလက်နေပြည်သူတွေရဲ့ အသိ သူတို့နဲ့အတူ လက်တွဲပြီးမလုပ်ဘဲနဲ့ မရနိုင်ဘူးဆိုတာ အသိတစ်ခုပါ။ နောက်တစ်ခုက သစ်တောမခုတ်ရ။ ကြိုးဝိုင်းသစ်တော ဆိုပေမယ့်လို့ ဥပဒေတွေ ဘယ်လိုပဲပြဋ္ဌာန်း ပြဋ္ဌာန်း၊ ကာကွယ်ကာကွယ် ပြည်သူလူထုက အသိတရားနဲ့ မလိုက်လာဘူးဆိုရင် အကျင့်ပျက်မှုတွေ၊ ဥပဒေချိုးဖောက်မှုတွေ၊ ဥပဒေကို လက်တစ်လုံး ခြားလုပ်မှုတွေသာလျှင် များပြားလာနိုင်ပြီးတော့ ပြည်သူလူထုဘဝတိုးတက်မလာနိုင်ပါဘူး။ အဲဒီတော့ သစ်တောထိန်းသိမ်းတဲ့နေရာမှာ တစ်ဆက်တည်း စဉ်းစားသင့်တာက ကမ္ဘာမှာလည်း တော်တော်များများ လေ့လာကြည့်တဲ့အခါမှာ ဒီအချက်ကို သွားတွေ့ရပါတယ်။ သစ်တောပြုန်းတီးတဲ့အကြောင်းဟာ သစ်ခုတ်လုပ်မှုနဲ့ စနစ်မကျတာလည်း အခုလည်း ပုံကျနေလို့မဖြစ်ဘူး။ သစ်တောပြုန်းတီးမှုဟာ လယ်သမားတွေရဲ့ဘဝ တိုးတက်မှုနှင့်လည်းဆိုင်နေတယ်။ အဲဒီတော့ လယ်သမားတွေကို သူတို့အပိုင် လယ်မြေကွက်တွေဖန်တီးပေးရမယ်။ အဲဒီလယ်မြေကွက်တွေမှာ တကယ့်ကို သစ်တောကြောင့်ရလာတဲ့ ရာသီဥတုကြောင့် ထွက်ကုန်သီးနှံတွေ အမျိုးမျိုးပိုထွက်နိုင်အောင် သူတို့ရဲ့ဝင်ငွေတွေကို နည်းလမ်းပေါင်း မြောက်မြားစွာနဲ့

တိုးအောင်လုပ်နိုင်မယ့် ပံ့ပိုးမှုတွေလုပ်ပေးရင် အဲဒီကျေးလက်နေပြည်သူအများစုကလည်း သစ်တောတွေကို ဥစ္စာရင်လိုဥစ္စာရင်ခဲ ထိန်းသိမ်းသွားလိမ့်မယ်ဆိုတဲ့ သုံးသပ်ချက်တစ်ခုထွက်နေပါတယ်။ အဲဒီတော့ အခုကျွန်တော်တို့နိုင်ငံရဲ့ ဦးသန်းနွယ်အဆိုအတိုင်း သစ်တောထိန်းသိမ်းရေးဆောင်ရွက်တဲ့နေရာမှာ အဲဒီလို စဉ်းစားဆောင်ရွက်ဖို့သင့်ကြောင်း သစ်တောထိန်းသိမ်းရေးဆောင်ရွက်ခြင်းဟာ ကျေးလက်နေပြည်သူများရဲ့ ဝင်ငွေတိုးတက်ရေး၊ ဘဝအခြေအနေမြှင့်တင်ရေးပါ တစ်ဆက်တစ်စပ်တည်း စဉ်းစားပြီးဆောင်ရွက်ပေးရင် ပိုကောင်းမယ်လို့ အကြံပေးရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဘောလခဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစည်းအဝေး နဝမနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်၏ သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောများမှ သစ်နဲ့သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အတွက် အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ကျွန်တော်တို့ နိုင်ငံသားပြည်သူများအားလုံး၏ အကျိုးအတွက်သာမက ကမ္ဘာ့လူသားများအားလုံးအတွက် အရေးကြီးသော လိုက်နာဆောင်ရွက်ရမည့် အဆိုကောင်းတစ်ခုဖြစ်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ယနေ့ ကမ္ဘာ့လူသားများအားလုံး ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာစိန်ခေါ်မှုများသည် သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုပျက်ပြားခြင်းကြောင့် ဂေဟစနစ်မမျှမတဖြစ်ကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဤသို့ရင်ဆိုင်ကြုံတွေ့ရတဲ့ နိုင်ငံတိုင်းဟာ အလူးအလဲနဲ့ ခံစားနေကြရတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီသဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုပျက်ပြားပြီး ဂေဟစနစ်မမျှတမှုကြောင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းစတဲ့

သဘာဝဘေးအန္တရာယ်များဟာ နိုင်ငံသားပြည်သူအများအပြားနဲ့ ၎င်းတို့ပိုင်ဆိုင်သမျှ အားလုံးတို့ဟာ များစွာသော ဆုံးရှုံးမှုကြီးကို ဖြစ်ပေါ်ခံစားစေခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံများကို ကြည့်မယ်ဆိုပါက ၂၀၀၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အိန္ဒိယသမုဒ္ဒရာဆူနာမီကြောင့် နိုင်ငံအများအပြားရှိ ပြည်သူများဟာ အတိဒုက္ခတွေနဲ့ နိုင်ငံအလိုက်ဆုံးရှုံးမှုကြီးတွေ ဖြစ်ပေါ်ခံစားခဲ့ရသလို ၂၀၁၁ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ ဂျပန်ဆူနာမီကြီးဟာ ယနေ့အချိန်အထိ ဂျပန်နိုင်ငံကို အထိနာခဲ့ရပါတယ်။ ကျန်ကမ္ဘာ့ဒေသနိုင်ငံများ အားလုံးမှာလည်း ဒီသဘာဝပတ်ဝန်းကျင်၏ ပြောင်းလဲမှုဖြစ်စဉ်ကြီးကြောင့် ဆုံးရှုံးနစ်နာမှုများဟာ နှစ်စဉ်နှင့်အမျှဖြစ်ပေါ်နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်ခင်ဗျား။ ဒါတွေအားလုံးဟာ မိမိတို့ ကမ္ဘာ့လူသားများရဲ့ မဆင်မခြင်ဆောင်ရွက်မှု၊ မိမိတို့အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့တန်းတင် လုပ်ဆောင်မှုတို့၏ အကျိုးလက္ခဏာများဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ထုတ်လုပ်မှုအနေနဲ့ပတ်သက်လို့ အလျဉ်းသင့်၍ အကျဉ်းမျှ တင်ပြပါရစေ။ မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်မှုကို ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်မှစ၍ ယခင်ထုတ်လုပ်မှုထက် ၂၀ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ် မတိုင်မီတွင် ၅၀ ရာခိုင်နှုန်းလျှော့ချမည်ဖြစ်ကြောင်း ဝမ်းသာစွာနဲ့ ဖတ်ရှုလေ့လာသိရှိခဲ့ရပါတယ်။ သို့သော်လည်း ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျွန်းသစ်လုံး ၂၃၂၉၈၆ ကုဗတန်၊ အပယ်ကျွန်း ၂၃၂၉၈ ကုဗတန်၊ သစ်မာသစ်လုံး ၂၂၆၃၂၅၈ ကုဗတန်ထုတ်လုပ်ရန် အသီးသီးလျာထားသတ်မှတ်ထားပါကြောင်း တွေ့ရှိရပြန်ပါတယ်။ ယင်းသို့ ဆိုရင် ကျွန်းသစ်ရော၊ သစ်မာထုတ်လုပ်မှုပါ ဘာလာတစ်ထာဝစဉ် တောထွက်စီမံခန့်ခွဲမှုစနစ်(SSM)နဲ့ အညီ သတ်မှတ်ထားသော နှစ်စဉ်တောထွက်ထက် ပိုမိုထုတ်လုပ်မည့်သဘောဖြစ်နေသည်ကို တွေ့ရပါ တယ်။ နှစ်စဉ်ကျွန်းသစ်တောထွက်သည် ကုဗတန် ၂.၃ သိန်းဖြစ်ပြီး နှစ်စဉ်သစ်မာတောထွက်သည် ကုဗတန် ၁၈ သိန်းသာရှိပါတယ်။ ဒါကြောင့် ယခုနှစ်ထုတ်လုပ်မည့် ကျွန်းသစ်နှင့်သစ်မာသည် လျှော့နည်းမသွားဘဲ သတ်မှတ်နှစ်စဉ်တောထွက်ထက် ၁၃ ရာခိုင်နှုန်းနဲ့ ၂၆ ရာခိုင်နှုန်းစီပိုနေကြောင်း တွေ့ရှိရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအခြေအနေနဲ့ပတ်သက်၍ အနည်းငယ် တင်ပြပါရစေ။ ကျွန်တော်တို့ ကယားပြည်နယ်သည် ပြီးခဲ့သည့်ဆယ်စုနှစ်နှစ်စုတွင် သစ်တောများဖြင့် စိမ်းလန်းစိုပြေမှုရှိခဲ့ပြီး ရာသီဥတုနှင့်သားငှက်တိရစ္ဆာန်များလည်း ပေါကြွယ်ခဲ့ပါတယ်။ သို့သော်လည်း ပဲ ယနေ့ကယားပြည်နယ်ရှိ သစ်တောများသည် ယခင်ကနဲ့မတူတော့ပေ။ အဘယ်သို့ဆိုသည်မှာ စည်းမဲ့ကမ်းမဲ့သစ်ထုတ်လုပ်မှု၊ မဆင်မခြင်ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှုနှင့် တရားမဝင် ထင်းမီးသွေးများ ထုတ်လုပ်မှုတို့ကြောင့်ပင်ဖြစ်မည်ဟု ယူဆရပါတယ်။ သစ်ထုတ်လုပ်မှုအနေနဲ့

ကျွန်တော်တို့ မြို့နယ်တွင် တရားဝင်သစ်ခွဲစက်လိုင်စင်ချပေးပြီး လုပ်ဆောင်သည့်သူများမှာ မရှိသလောက်ပင်ဖြစ်ပါတယ်။ သို့သော် ယခင်အစိုးရလက်ထက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး နားလည်မှုသဘောမျိုးဖြင့် ဒေသခံတိုင်းရင်းသားတချို့အား သစ်စက်များ တည်ထောင် ခွဲစိတ်ထုတ်လုပ်စေခဲ့ပါတယ်။ ယခုအခါ ဒေသဖွံ့ဖြိုးရေးကို အကြောင်းပြုပြီး နည်းအမျိုးမျိုးဖြင့် တရားဝင်၊ တရားမဝင်သစ်စက်များ တည်ထောင်ကာ မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ပြီး ဆောင်ရွက်နေကြတာဟာ ရွာနီးချုပ်စပ်မပြောနဲ့ သစ်ငုတ်နားအထိ သွားရောက်သစ်ထုတ်လုပ်ခွဲစိတ် နေတာကိုလည်းပဲ တွေ့မြင်ရပါတယ်။ ဤကဲ့သို့ ကိုယ်ကျိုးရှာစီးပွားရေးသမားများ၏ လုပ်ဆောင် လာပုံဟာဖြင့် မိမိတို့ ကယားပြည်နယ်သည် မကြာမီနှစ်အနည်းငယ်အတွင်း သဘာဝသစ်တောကြီးများ ပြုန်းတီး ပျက်စီးမည့် အနေအထားသို့ အမှန်ပင် ရောက်ရှိလာသည်ကို ပြည်သူများက စိုးရိမ်ပူပန်ကြ ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်က ချမှတ်ခဲ့သည့် ရွှေ့ပြောင်း တောင်ယာစနစ်မှသည် ကုန်းမြင့်လယ်ယာစနစ်သည် ယနေ့အချိန်ကာလတွင် အရှိန်မြင့်၍ လုပ်ဆောင်သင့်ပါသည်။ နယ်စပ်ဒေသနေရာတော်တော်များများတွင် ယခင်ကနှင့်မတူ ငြိမ်းချမ်းစပြု လာပြီဖြစ်၍ အခြေခံလူတန်းစားများ၏ ဘဝနေထိုင်စားသောက်ရေးအတွက် နည်းမျိုးစုံ၊ ရှုထောင့် အမျိုးမျိုးနှင့် ဘက်ပေါင်းစုံမှ တီထွင်ကြံဆနည်းလမ်းများပေးကာ ဆောင်ရွက်သွားဖို့ အချိန်တန်ပြီ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သစ်တောများမှ အဖိုးတန်သစ်များကို ရေရှည်ခုတ်လဲ ထုတ်လုပ်အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ သစ်တောများ ပြုန်းတီးမှုကို ကာကွယ်နိုင်ရန်အတွက်လည်းကောင်း ကိုလိုနီခေတ်ကတည်းက တစ်စိုက်မတ်မတ်နှင့် ကျင့်သုံးခဲ့သော မြန်မာ့သစ် ရွေးချယ်ခုတ်လှဲနည်းစနစ်(Myanmar Selection System-MSS)ကို ဖျက်ကွယ်ပြုပြီး သစ်ထုတ်လုပ်ကြဦးမည်လောဟူ၍ ပြည်သူများက အမှန်တကယ်စိုးရိမ်ပူပန်လာကြသည်ကို တွေ့ရှိရ ပါတယ်။ ဇူလိုင်လ ၁၆ ရက်နေ့ထုတ် Seven Day News ဂျာနယ်မှာ ဆောင်းပါးတစ်ပုဒ်မှာ သစ်ထုတ်လုပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး စာပိုဒ်တစ်ပိုဒ် ဖတ်လိုက်ရပါတယ်။ အဲ့ဒီ စာပိုဒ်ထဲမှာ စင်စစ် မြန်မာနိုင်ငံ၏ ကုဋေကြွယ်သူဌေးအများစုသည် သစ်ထုတ်လုပ်ငန်းနဲ့ ကင်းကြသူ များမဟုတ်ကြ။ သူတို့ချမ်းသာကြွယ်ဝမှုကိုမြင်၍ သစ်ထုတ်လုပ်ငန်းအတွင်းသို့ နောက်ထပ်တိုးဝင်လာသူအများအပြား ရှိသည်။ နောက်မှ ဝင်လာသူသည် အဝင်နောက်ကျသော်လည်း ရှေ့သို့ရောက်အောင် အရှိန်အဝါဖြင့် တိုးဝင်ကြလိမ့်မည်ဟု ရေးသားဖော်ပြနေသည်ကို တွေ့ရပါတယ်။ ဤသို့ဆိုလျှင် ကျွန်တော်တို့အနေနဲ့

သဘာဝပတ်ဝန်းကျင်ဖြစ်တည်မှုနှင့် ဂေဟာစနစ်တည်ရှိမှုတို့ကို တည်ငြိမ်မျှတမှုရှိအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဤသို့ မဆောင်ရွက်နိုင်ပါက ယနေ့ကမ္ဘာကြီးအခြေအနေနဲ့ မိမိတို့နောင်လာနောက်သား သားသမီးများလက်ထက် ကမ္ဘာကြီးအခြေအနေကို တွေးကြည့်မည် ဆိုပါက တွေးပင်မတွေးဝံ့တော့ပါ။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ၏ ရှိရင်းစွဲသဘာဝအရင်းအမြစ် အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောကြီးများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုတာ နိုင်ငံသားအားလုံးမှာ တာဝန်ရှိကြသည်ဟု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းပေးနေသည်ကို တွေ့ရှိရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာတော့မည်ဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်း ပိုမိုဆောင်ရွက်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းသွားရန် လိုအပ်လာပါတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ရည်ရွယ်ပြုလုပ်ရမည့်အပြင် နိုင်ငံအတွက်ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း လိုအပ်နေမှာဖြစ်သည်။ ထို့အတွက် ရေရှည်ဖွံ့ဖြိုးစေရန် အဓိကဗဟိုချက်ထား လုပ်ဆောင်ရမည့်မှာ လူများသာဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာမကပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလုပ်ဆောင်ရန်လည်း လိုအပ်လှပါတယ်။ သဘာဝတရားဆိုတာဖြစ်လာပြီးမှ ဒါဟာ သဘာဝဘေး အန္တရာယ်ပဲ ဘယ်တတ်နိုင်မလဲဟု ပြောဆိုခြင်းထက် သဘာဝတရားကို ကြိုတင်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုနဲ့ တားဆီးကြရမှာဖြစ်ပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အထက်က ကျွန်တော်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ပြည်သူများစိုးရိမ်ပူပန်ခဲ့ကြသလိုပဲ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျွန်တော်တို့တစ်တွေဟာ ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူလူထုအခြေပြု သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးသည် အမှန်တကယ်အရေးကြီး လိုအပ်မည်ဖြစ်ကြောင်း ထောက်ခံတင်ပြရင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှအဆိုရှင်ဦးသန်းနွယ်၏အဆိုကို လေးနက်စွာထောက်ခံပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာဖြင့် ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းအောင်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ခိုင်(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့

ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်က ဦးသန်းနွယ် တင်သွင်းတဲ့အဆိုအပေါ် အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုစေလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီမြေအနေအထားကို အကြမ်းအားဖြင့် ပိုင်းခြားကြည့်မယ်ဆိုရင် (၁) တောင်တန်းဒေသပိုင်း၊ (၂) ကုန်းမြင့်မြေပြန့်ဒေသပိုင်း၊ (၃) ဒီရေရောက်ဒေသ တစ်နည်းအားဖြင့် ပင်လယ်မြစ်ချောင်းများနှင့် ဆက်စပ်တဲ့ဒေသဆိုပြီး တည်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၈၂၄ ခုနှစ်မတိုင်မီ ကာလကဆိုရင် သစ်တောဧရိယာဖုံးလွှမ်းမှုဟာ တစ်နိုင်ငံလုံးရဲ့ ငါးပုံသုံးပုံခန့်ရှိတယ်လို့သိရပါတယ်။ ၁၈၂၄ မှ ၁၉၄၈ ခုနှစ်အတွင်းကာလမှာတော့ သစ်တောဧရိယာဖုံးလွှမ်းမှုဟာ ၅ ပုံ ၂ ပုံ ဖုံးလွှမ်းနေတယ်လို့ သိရပါတယ်။ အဲဒီနောက်ပိုင်း ယနေ့အထိ မြန်မာနိုင်ငံ၏ သစ်တောဧရိယာ ဖုံးလွှမ်းမှုဟာ တစ်နိုင်ငံလုံး၏ ၅ ပုံ ၁ ပုံ ခန့်ရှိနေတယ်လို့ သိရှိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သစ်တောဧရိယာဖုံးလွှမ်းမှုတွေဟာ တဖြည်းဖြည်းလျော့နည်းလာတဲ့သဘောတွင် ရှိနေတာတွေ့ရမှာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုသာရှိပြီး အစားထိုးစိုက်ပျိုးမှုတွေ အားနည်းနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ဒေသရှိ ရခိုင်ရိုးမတလျှောက်မှာ သစ်တောကြီးတွေ၊ ဝါးတောကြီးတွေ၊ သယံဇာတပေါများ ကြွယ်ဝပြီးတော့ သစ်ထုတ်လုပ်မှုတွေကများလာတော့ တောင်တန်းတွေဟာ တောင်ကတုံးတွေ ဖြစ်လာနေပါတယ်။ သစ်တောသစ်ပင်တွေ အစားထိုး စိုက်ပျိုးရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပါတယ်။ သဘာဝသစ်တောတွေနဲ့ဆက်စပ်နေကြတဲ့ သား၊ ငါး၊ တိရစ္ဆာန်၊ သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်အစရှိတဲ့ သဘာဝတောရိုင်း တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နဲ့ ဘေးမဲ့တောတွေတိုးချဲ့ရန်လည်း လိုအပ်နေပါတယ်။ အချို့နိုင်ငံကြီးတွေက ဆင်စွယ်၊ ကျားရိုးတွေ အမျိုးမျိုးသော တိရစ္ဆာန်ဥသျှောင်များ၊ သားရေများ၊ မြွေ၊ တောက်တဲ့ ကအစ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်တွေ ကအစ သစ်တောထွက်ပစ္စည်းများကို ရောင်းဝယ် ဖောက်ကားနေတာတွေကို တွေ့ရပါတယ်။ အဲဒါတွေကို ထိထိရောက်ရောက် ထိန်းသိမ်းစည်းကြပ် ရန်လည်းလိုအပ်ပါတယ်။

ကျွန်တော်တို့ရခိုင်ဒေသဟာ သစ်ခွမျိုးစုံပေါတဲ့ဒေသတစ်ခုလည်းဖြစ်ပါတယ်။ သဇင်ပန်းဟာ သဘာဝအလျောက် သစ်ပင်ကြီးတွေရဲ့ ပင်မြင့်ထက်မှာ ပွင့်တဲ့ပန်းဖြစ်ပါတယ်။ သဇင်ပန်းဟာ

ရခိုင်ပြည်သူတွေရဲ့ အထွတ်အမြတ်တော်ဝင်ပန်းတစ်ပွင့်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီပန်းတွေဟာ သစ်ပင်၊ ပန်းပင်ကြီးတွေပေါ်မှာ တွဲခိုပြီးပွင့်တဲ့အတွက် သစ်ပင်ကြီးတွေကို ခုတ်လှဲလိုက်တော့ သဇင်ပန်းတွေလည်း မျိုးသုဉ်းပျောက်ကွယ်သွားမတတ်ဖြစ်နေပါတယ်။ ဒါနဲ့ သစ်ခွအမျိုးမျိုးတွေ မပြုန်းတီးဖို့ ထိန်းသိမ်းစောင့်ရှောက်ဖို့လည်း လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ပင်လဲ တစ်ပင်ထူဆိုသလို သစ်ပင်တစ်ပင်ခုတ်လှဲမယ်ဆိုရင် အဲဒီသစ်ပင် မခုတ်လှဲခင်ကတည်းက နောက်ထပ် သစ်ပင်တွေစိုက်ပျိုးရန် အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥတုရာသီတောကိုမှီ၍ ဆိုသလို ဂေဟာစနစ်များ တည်ငြိမ်ရေး၊ သစ်တောများထိန်းသိမ်း စောင့်ရှောက်ပေးရေးဆိုတဲ့ ကမ္ဘာ့ကုလသမဂ္ဂ ၏ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ပုဒ်နှင့်အညီ ဒီရေတောများ ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းနဲ့ပတ်သက်ပြီး အနည်းငယ်ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဒီရေတောအများစုရှိတဲ့နိုင်ငံ ၁၅ နိုင်ငံထဲမှာ တစ်နိုင်ငံအပါအဝင် ဖြစ်ပါတယ်။ အမှတ်စဉ် အနေဖြင့် ပဉ္စမနေရာမှာရှိတယ်လို့သိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းမြောင်ဒေသ၊ တနင်္သာရီကမ်းမြောင်ဒေသများ၌ သဘာဝဒီရေတောများ ပေါက်ရောက်လျက် ရှိကြပါတယ်။ နိုင်ငံသစ်တောဧရိယာ၏ ၁.၄၇ ရာခိုင်နှုန်းရှိတယ်လို့လည်းသိရပါတယ်။ သို့သော်လည်း လူမှုစီးပွားရေး ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် မြေအသုံးချမှုပုံစံပြောင်းလဲကာ အချို့ဒေသရှိဒီရေတော များဟာ လျော့နည်းပျက်ဆီးမှုများရှိနေကြပါတယ်။ ဒီလို ပတ်ဝန်းကျင်ယိုယွင်းမှုတွေကြောင့် လူသားနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်စေမှုများဟာ ရေတိုကာလတွင် မသိသာပဲ ကာလအတန်ကြာမှ သိနိုင် ပါတယ်။ ဥပမာအားဖြင့် နှစ်ပေါင်း ၁၀၀ ဆိုခဲ့သလို အထူးသဖြင့် ကျွန်တော်တို့ရခိုင်ဒေသမှာ အခုအခါ ဒီရေရောက်သစ်တောတွေ၊ ပျက်ဆီးဆုံးရှုံးမှုတွေ အများကြီးရှိနေပါတယ်။ ချုံနွယ်ပိတ်ပေါင်းကအစ လမု၊ လမဲ့၊ ကနစိုစသည့် သစ်ပင်ကြီးတွေ၊ ဒီရေတောကြီးတွေ မျိုးသုဉ်းပျောက်ကွယ်လျက် ရှိနေကြပါတယ်။ မြစ်နား၊ မြစ်ကမ်းနား၊ ချောင်းကမ်းနားတွေမှာ သစ်ပင်ဆို တစ်ပင်မှမရှိတော့ပါဘူး။ လူ၊ တိရစ္ဆာန်တွေ နားခိုဖို့နေရာ၊ ကျက်စားမယ့်နေရာ မရှိတော့ပါဘူး။ အဆုံးတစ်နေ့ ငှက်များနားမယ့် သစ်ပင်တွေတောင် မရှိတော့တဲ့အခြေအနေမျိုး လွင်တီးခေါင်ပြင်ဖြစ်နေကြပါတယ်။ ဒီလိုလွင်တီး ခေါင်ပြင် ဖြစ်သွားတာဟာ သဘာဝအန္တရာယ်ကြောင့် ပျက်ဆီးသွားသလို အမှန်ပြောရရင် စီးပွားရေးတွေ၊ တချို့သက်ဆိုင်တဲ့ နိုင်ငံ့ဝန်ထမ်း၊ ဌာနဆိုင်ရာတွေလည်းပါပါတယ်။ သက်ဆိုင်ရာဌာန အကြီးအကဲတွေနဲ့ စီးပွားရေးသမားတွေနဲ့ ညှိနှိုင်းပူးပေါင်းပြီး လွင်ပြင်တွေ၊ ချောင်းတွေ၊ မြောင်းတွေကို ဂရန်ခံပြီးတော့ သစ်ပင်တွေအားလုံးကို ခုတ်ထွင်ရှင်းလင်းမီးရှို့ပြီးတော့ ပုစွန်တာတွေ လုပ်လာလို့လည်း

ဒီလိုဖြစ်ရပါတယ်။ ဒီလိုမြစ်ကမ်းနား၊ ချောင်းကမ်းနားတွေမှာ ဒီရေတောတွေမရှိတော့ ပင်လယ်လှိုင်း ပြင်းကြီးတွေဖြစ်၊ နေပူရှိန်တိုက်ရိုက်ခံစားရ၊ မြေဆီလွှာတွေမထိန်းသိမ်းနိုင်၊ ဒီရေလှိုင်းတွေ၊ မိုးဒဏ် လေဒဏ်တွေ ရိုက်ပုတ်ခံရတော့ တာတမံတွေမခံနိုင်။ ဒီအတွက် တာတွေကျိုးပေါက်ပြီး လယ်မြေတွေ ဆုံးရှုံး၊ ပုစွန်တာတွေကျိုးပေါက်ပြီး ပုစွန်တွေဆုံးရှုံး၊ ပုစွန်သားပေါက်တွေ ဝင်ရောက်မှုနည်းလာ၊ ရာသီဥတုတွေဆိုး၊ အချိန်အခါမဟုတ်မိုးရွာ၊ မုန်တိုင်းတွေဖြစ်၊ ဂေဟစနစ်တွေပျက်စီး၊ ဒီလိုဆိုးကျိုး တွေနဲ့ ဆက်တိုက်ခံစားနေကြရပါတယ်။ အမှန်ပြောရရင် လူတွေဟာဥတုမကောင်းတာပဲ ပြောကြပါတယ်။ လူတွေကရာသီဥတုဖောက်ပြန်အောင်လုပ်တာကိုတော့ မပြောကြပါဘူး။ ဒါကြောင့်သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ပေါ်ရတဲ့အကြောင်းတရားတွေ အများကြီး ရှိတဲ့အထဲမှာ သဘာဝသစ်တောကြီး တွေ မပျက်စီးမဆုံးရှုံးရအောင် ထာဝစဉ်တည်တံ့မှုရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန် အထူးအလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့အတူ လုပ်ငန်းရှင်များ၊ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သင့်ကြောင်း အကြံပြု ဆွေးနွေးရင်း ဦးသန်းနွယ်၏ တင်ပြချက်အဆိုအပေါ် လေးလေးနက်နက် ထောက်ခံရင်းနိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တော ထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်ညီ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝ သစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို အလေးထား

ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်စပ်လျဉ်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြတဲ့အဆိုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးမှုများမှာ ကျွန်တော်တို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို အောင်မြင်စေရေးအတွက် သဘာဝသယံဇာတ ထိန်းသိမ်းရေးကော်မတီကိုယ်စားနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားအဆိုပြုဆွေးနွေးကြခြင်းဖြစ်တဲ့အတွက် အဆိုနှင့်ဆွေးနွေးမှုများအား ကြိုဆိုပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြရာမှာ ပါဝင်သည့်အချို့အချက်များနှင့်ပတ်သက်ပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး သိရှိနိုင်ပါရန် အကျဉ်းချုပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခဲ့ရာမှာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ အမျိုးသားသစ်တော ကဏ္ဍာပင်မစီမံကိန်းအရ အမြဲတန်းသစ်တောမြေကို နိုင်ငံတော်ဧရိယာ၏ ၃၀ ရာခိုင်နှုန်း အထိတိုးချဲ့ ဖွဲ့စည်းရန် ရည်မှန်းချက်ထားရှိပြီး လက်ရှိတွင် နိုင်ငံတော်ဧရိယာ၏ ၂၄.၄၉ ရာခိုင်နှုန်းဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ရာမှာ ဒေသအလိုက် ၁၀ နှစ်တစ်ကြိမ် သစ်တောသယံဇာတ အရင်းအမြစ်များစာရင်း ကောက်ယူခြင်း၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ရာ ခရိုင် ၆၃ ခရိုင်အတွက် ၂၀၀၆-၂၀၀၇ ခုနှစ်အထိမှ ၂၀၁၅ -၂၀၁၆ ခုနှစ်အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲပြီး ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ၅ နှစ်ဆောင်ရွက်ပြီးစီးမှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း တင်ပြလာပါတယ်။ ဒီ့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် သဘာဝသစ်တောများ ရေရှည်တည်တံ့ရေးကို အထောက်အကူပြုမယ့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ Korea Forest Services International နှင့် Tropical Timber Organization တို့ဖြင့် ပူးပေါင်းပြီး REDD အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်၍ သဘာဝသစ်တောထိန်းသိမ်းခြင်း လုပ်ငန်းကို ဦးစားပေးကာ ကျွန်းနှင့်သစ်မာ ထုတ်လုပ်နေမှုများကိုလည်း အချိုးကျလျော့ချထုတ်လုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အဓိကဦးစားပေးစီစဉ် ဆောင်ရွက်လျှက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သစ်ထုတ်လုပ်မှုများကို စနစ်တကျစီမံဆောင်ရွက်မယ့် သစ်ထောက်ခံချက်ပြုရေး လုပ်ငန်းအဆင့်ဆင့်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ(Phase Approach to Forest Certification 2010 – 2015)အား အကောင်အထည်ဖော် ဆောင်ရွက်

လျှက်ရှိပြီး စံနှုန်းအညွှန်းများ(Criteria & Indicators) အတိအကျသတ်မှတ်ပြီး စံပြခရိုင်များ ရွေးချယ်စမ်းသပ်ဆောင်ရွက်၍ အာစီယံစံနှုန်းများနှင့်အညီဖြစ်စေရေး အဆင့်လိုက် စီမံဆောင်ရွက် လျှက်ရှိပါတယ်။ နိုင်ငံတော်အတွင်းရှိ ကျေးလက်ပြည်သူများရဲ့ အိမ်ယာထူထောင်ရေးနှင့် အသက် မွေးဝမ်းကျောင်း လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်တဲ့ သစ်တိုင်မျောများလွယ်ကူ အဆင်ပြေစွာ ရရှိနိုင်ရေးအတွက် တစ်အိမ်ထောင်ကျွန်း ၃ ပင် တစ်အိမ်ထောင် သစ်မာ ၂၀ ပင် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာတစ်ဧကတို့ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ စတင်တည်ထောင် စိုက်ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်အထိ အပင်ပေါင်း ၃၃.၃၀ သန်း တည်ထောင်စိုက်ပျိုးခဲ့ပါတယ်။ ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် အပင်ပေါင်း ၇.၇ သန်း စိုက်ပျိုးရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများအရ ဒေသထောက်ပံ့ရေး/ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများအလုပ်တိုက်နယ်ဧရိယာဧက စုစုပေါင်း ၁၆.၇ သန်းမှ ဒေသခံပြည်သူများ၏ ထင်းလောင်စာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် နှစ်စဉ်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ရာ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ State holder များပေါင်းစပ် ညှိနှိုင်းရေးဆွဲပြီး နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ Convention On Biodiversity ၊ CITES ၊ GLOBAL Tiger Forum ရေတိမ်ဒေသများ ထိန်းသိမ်းရေးအဖွဲ့၊ အာဆီယံအတွင်း တောရိုင်း တိရစ္ဆာန်နှင့် သစ်ပင်ပန်းပင်များ၊ တရားမဝင်ကူးသန်းရောင်းဝယ်မှုတားစီးရေး ဥပဒေအာဏာ သက်ရောက်မှုကွန်ယက်၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနတို့ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ ဒီရေတောများ အစဉ်ထိန်းသိမ်း ဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့(FAO)၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့၏ အကူအညီ အထောက်အပံ့များဖြင့် ဒီရေတောများ ဘက်စုံပြန်လည်ထူထောင်ရေး၊ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်းများ ဆောင်ရွက်ခြင်းနှင့် ဘက်စုံဒီရေတောစီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံချက် Integrated Mangrove Management Plan ကိုရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါတယ်။ ဒီနေရာမှာလည်း ဂျပန်နိုင်ငံနှင့် ၂၀၁၃ မှ ၄ နှစ် ကာလအထိ Joint x နှင့် ဒေါ်လာ ၇ သန်း ရယူပြီး

တော့မှ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းမှာ ဒီရေတောများ၊ နာဂစ်လွန်ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၏ အဆိုပြုချက်များအပေါ် အောက်ပါအတိုင်း ပြန်လည်ဆွေးနွေးအပ်ပါတယ်။ ကျွန်းနှင့်သစ်မာများ အလွန်အကျွံထုတ်လုပ်ရောင်းချမှုကို လျှော့ချခြင်း အဆိုနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် လျာထားချက်ရဲ့ ကျွန်း ၁၅ ရာခိုင်နှုန်းနှင့် သစ်မာ ၂၀ ရာခိုင်နှုန်း လျှော့ချထုတ်လုပ်ရန် ၂၀၁၅ - ၂၀၁၆ ခုနှစ်၌ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတို့တွင် AAC ဘောင်အတွင်းမှ ထုတ်လုပ်ရန် သစ်အလုံးလိုက် ပြည်ပတင်ပို့ရောင်းချမှုကို အဆင့်လိုက်လျှော့ချပြီး တန်ဖိုးမြှင့်သစ်အခြေခံထွက်ကုန်ပစ္စည်း (Value Added Wood Based Products) များ တိုးမြှင့်ထုတ်လုပ်ရန်အတွက် အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောစိုက်ခင်းများအောင်မြင်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်အထိ နိုင်ငံပိုင်သစ်တောစိုက်ခင်း ဧရိယာဧက ၂.၄သန်းကို တည်ထောင်စိုက် ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ပုဂ္ဂလိကကျွန်း ၇၁၁၂၃ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၄၈၄၆၅ ဧကကို တည်ထောင်စိုက်ပျိုးခဲ့ပါတယ်။ သစ်တောစိုက်ခင်းများ အောင်မြင်စွာတည်ထောင် စိုက်ပျိုးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်း မျိုးသန့်ရွေးချယ်ခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် နည်းပညာပံ့ပိုးကူညီခြင်းများ ပိုမိုထိရောက်သည့်နည်းလမ်းများနဲ့ ရရှိလာတဲ့အတွေ့အကြုံများအပေါ်အခြေခံ၍ စနစ်တကျ ကြပ်မတ်ဆောင် ရွက်လျက်ရှိပါတယ်။ အမြဲတမ်းသစ်တောမြေများကို အခြားမြေအသုံးချမှုများကြောင့် ပယ်ဖျက်ပေးရမှုကို အနည်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းထားသည့် မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီသည် နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ (Land Use Policy)ချမှတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြို့ကြီးများမှာ ထင်း၊ မီးသွေးအစား ဂက်စ်၊ လျှပ်စစ်မီးတို့ဖြင့် အစားထိုး သုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် နိုင်ငံတော်၏ အခြေအနေပေးမှုအပေါ်အခြေခံ၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သစ်တောရှိရာဒေသများတွင် ထင်း၊ မီးသွေးလုပ်ငန်း မိရိုးဖလာလုပ်ကိုင်သူများကို အခြားအလုပ်အကိုင်များရရှိအောင် ဆောင်ရွက်

ပေးခြင်းနှင့်ပတ်သက်ပြီး သစ်တောလုပ်ငန်းများ ကျွန်းနှင့် သစ်မာစိုက်ခင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေခြင်းဖြင့် ဝင်ငွေရရှိမည့် အခွင့်အလမ်းများကို စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် လုပ်ငန်းများတိုးချဲ့ပေးနိုင်ရေး ကူညီစီမံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသစ်ထုတ်ရေးလုပ်ပိုင်ခွင့်ရသူများက သစ်ပိုထုတ်ခြင်း၊ စက်ယန္တရားများဖြင့် သစ်ထုတ်လမ်းဖောက်၍ သစ်ပင်များထိခိုက် ပျက်စီးပါက ငွေပေးလျော်စေခြင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သစ်ကွက်များအတွင်း စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အရေးယူခြင်း၊ ထိခိုက်ပျက်စီးမှုများအလိုက် ပေးလျော်စေခြင်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုထက်ပိုမိုထိရောက်သောအစီအမံများချမှတ်၍ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားမဝင်သစ်၊ ထင်း၊ မီးသွေးထုတ်လုပ်မှု၊ သစ်တောသစ်ပင်ပျက်စီးမှုမရှိစေရေး ကြီးကြပ် စောင့်ရှောက်ခြင်းသစ်၊ ထင်း၊ မီးသွေးလိုအပ်ချက်ကို သစ်တောပြုန်းတီးမှုမဖြစ်စေအောင် ထိန်းသိမ်း၍ ထုတ်လုပ်ရောင်းချခြင်းကိစ္စနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်ပြီး တစ်ဖက်မှလည်း ထင်း၊ မီးသွေး၊ လိုအပ်ချက်များကို နှစ်စဉ် စီးပွားရေးစီမံကိန်းလျာထားချက်များနှင့်အတူ တရားဝင်ထုတ်လုပ်နိုင်ရေးအတွက် ကြပ်မတ်ဆောင် ရွက်လျက်ရှိပါတယ်။ တောက်တဲ့ရှာရန်၊ သစ်ခွပင်ရရန်၊ သစ်ပင်ခုတ်လှဲခြင်းများကို သစ်တောဦးစီးဌာန နယ်မြေခံဝန်ထမ်းများမှ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ဖော်ထုတ်ဖမ်းဆီးခြင်း၊ ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊ တိုးချဲ့ပညာပေးဟောပြောခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သစ်တောမြေများအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းများနှင့် ပတ်သက်၍ ကြိုးဝိုင်းကျူးကျော်မှုများကိုတည်ဆဲပြဋ္ဌာန်းထားသည့် ဥပဒေများအရ အရေးယူရန်ဖြစ်သော်လည်း ကြိုးဝိုင်းအနီး မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ ဘဝရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေမှုအဆင်ပြေစေရေးတို့အတွက် ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြစ်ရာ မလိုလားအပ်သည့် ရှုပ်ထွေးမှုနှင့် ပြဿနာများ မပေါ်ပေါက်စေရေးအတွက် ဘက်ပေါင်းစုံမှ ချင့်ချိန်စဉ်းစားဆောင်ရွက်လျက်ရှိပါသည်။ သို့အတွက် ဒေသခံများမှ ကြိုးဝိုင်းကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်နေမှုများကို အရေးယူခြင်းထက် လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီသည့် တရားဝင်လုပ်ပိုင်ခွင့်ရရှိမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း Community Forestry နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် နည်းစနစ် (Agroforestry System) ဖြင့်ဆောင်ရွက်ရေး ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်၍

စီးပွားရေးဖွံ့ဖြိုးတိုး တက်စေမည့်နည်းလမ်းများဖြင့် စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ ထပ်မံ၍ ကျူးကျော်တိုးချဲ့မှု များမဖြစ်စေရေးအတွက် ထိရောက်သည့်အစီအမံများ စီစဥ်ဆောင်ရွက်မည် ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် လက်ရှိပြဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများကို ခေတ်စနစ်နှင့်အညီပြင်ဆင်ဆောင်ရွက်ကာ ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီး ဖြစ်ပါတယ်။ Land Use Policy နှင့် Land Use Plan များ ရေးဆွဲပြဌာန်းပြီးပါက သဘာဝ သစ်တောသယံဇာတများကို ထာဝစဥ်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်ရေး ပိုမိုထိရောက်ပီပြင်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် အဆိုရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးမှုများကို ဝန်ကြီးဌာနရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဥ်များမှာ စဥ်းစားလက်ခံကျင့်သုံးအကောင် အထည်ဖော်သွားမှာဖြစ်သလို နိုင်ငံရဲ့သစ်တောသယံဇာတများ ထာဝစဥ်တည်တံ့ရေးအတွက် ပြည်သူများရဲ့ ပူးပေါင်းဆောင်ရွက်မှုအားကို ရယူကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးသန်းနွယ်အနေနဲ့ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ သဘာဝသစ်တောကြီးများ ရေရှည်တည်တံ့ အောင် ထိန်းသိမ်းရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်းကို ဒီကနေ့ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်ကလည်း သိသိသာသာ ထင်ထင်ရှားရှား ပေါ်လွင်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူပဲ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ဒါတွေကိုဆောင်ရွက်လျက် ရှိကြောင်း တွေ့ရတဲ့အတွက် နောက်သတင်းစာတွေမှာလည်းတွေ့ရတဲ့အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ သို့သော်လည်း ကျွန်တော်ရဲ့ အဆိုပြုချက် ၁၂ ချက်မှာ သဘာဝ သစ်တောကြီးမှ သစ်ထုတ်လုပ်မှုလုပ်ငန်းများကို လုံးဝရပ်ဆိုင်းပြီးတော့မှ သစ်တောများ အနားပေး ဖို့ဟာ တစ်ချိန်မှာဆောင်ရွက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် အိမ်နီးချင်းနိုင်ငံတချို့နဲ့ ထိုင်းတို့၊ အင်ဒိုနီးရှားတို့မှာ ဒီလိုပဲရပ်နားထားတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သဘာဝ သစ်တောက သစ်ပင်၊ သစ်တောစိုက်ခင်းတွေ မအောင်မြင်တာတောင်မှ အနားပေးလိုက်ရင်တော့ ကျွန်တော်တို့သစ်ပင်တွေ ပြန်လည်ကြီးထွားလာမှာဖြစ်ပါတယ်။ သစ်တောကြီးများ ပြန်လည် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအချက်ကိုလည်း ဝန်ကြီးဌာနအနေနဲ့ ထည့်သွင်း စဥ်းစားဖို့ ကျွန်တော် ဒီလောက်ပဲ ထပ်မံတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်ရဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက ဆွေးနွေးသွားသလို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန ကလည်း ရှင်းလင်းဆွေးနွေးသွားပါတယ်။ အဆိုဟာ အဆိုကောင်းတစ်ခုဖြစ်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဒီအဆိုကို လက်ခံပါကြောင်း၊ ကြိုဆိုပါကြောင်းနှင့် ပြည်သူများ အပါအဝင် ပူးပေါင်းဆောင်ရွက်ရန်ပိုပြီးအောင်မြင်မယ်ဆိုတဲ့အကြောင်း ရှင်းလင်းသွားတာတွေ့ရ ပါတယ်။ ဒီနေရာမှာ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးတဲ့ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်က ဒေသမှာ ချောင်းကိုဖြောင့်ဖို့ ရေထိန်းတံခါးတစ်ခုဆောင်ရွက်ဖို့ဆိုတဲ့ကိစ္စဟာ သီးခြားထပ်မံပြီးတော့ တင်ပြ ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ အဲဒီအတိုင်းပဲ ဆွေးနွေးသွားတဲ့ နေရာမှာ အချို့ အဆိုအပေါ်ဆွေးနွေးတာနဲ့ပတ်သက်ပြီး မရှိတာထက် မသိတာခက် မရှိလည်းမရှိ၊ မသိလည်း မသိတာကပို၍ခက်ဆိုတဲ့ အနေအထားမျိုးကို ဆွေးနွေးသွားတဲ့နေရာမှာ ပြည်သူများ သိအောင်ရယ်၊ ပြည်သူများရှိအောင်ရယ် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးဖို့လည်း လိုမှာဖြစ်ပါတယ်။ အဆိုရှင်တစ်ဦးအနေနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ ကြိုးဝိုင်းများပျောက်ဆုံးသွားခြင်း၊ ကြိုးဝိုင်းများ တိမ်ကောသွားခြင်းနှင့်ပတ်သက်လို့ ပြောသွား၊ ဆွေးနွေးသွားတာလည်း ရှိပါတယ်။ ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ အပြင်လမ်း၊ လဲပျောက်ကြိုးဝိုင်းများဟာ ကြိုးဝိုင်းလို့သာ နာမည် ရှိပြီးတော့ လက်တွေ့မှာ သစ်ပင်တောင် မရှိသလောက်ဖြစ်တဲ့ အနေအထားတွေရှိပါတယ်။ ဒါလည်း ခုနက မရှိတာထက် မသိခက်မရှိလည်းမရှိ၊ မသိလည်း မသိတဲ့အခက်အခဲတွေကြုံခဲ့ရပါပြီ။ ဒါကြောင့် အဆိုရှင် တင်ပြထားသလို ပြည်ထောင်စုအဆင့်ဝန်ကြီးဘက်က ဆွေးနွေးသလို မိမိတို့ဆောင်ရွက် သွားမှသာလျှင် အဆိုရှင် တင်ပြထားတဲ့ကိစ္စများ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဘုတလင်မဲဆန္ဒနယ် မှ ဦးသန်းနွယ်တင်သွင်းတဲ့ သဘာဝဝန်းကျင် တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်ပင်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ် အသုံးပြုနိုင် ရေးအတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သင့်ကြောင်းအဆိုကို သက်ဆိုင်သူ များ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်မှသာ အဆိုရဲ့ အဓိပ္ပာယ်ပြည့်ဝအောင်မြင်နိုင်မှာဖြစ်တဲ့အတွက် လွှတ်တော်ရဲ့သဘောထားကို ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်တင်သွင်းတဲ့အဆိုကို ဖြည့်စွက်ပြီး

သက်ဆိုင်သူများ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရန် အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် ဦးသန်းနွယ်တင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်၏ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မိမိတို့၏ နေရပ်ဒေသကို စွန့်ခွာ၍ခေတ္တတိမ်းရှောင်လာကြသောဒေသခံတိုင်းရင်းသားများနှင့်ဒေသအလိုက် ရိက္ခာပြတ်လပ်မှုများ အပါအဝင် လုံခြုံရေးအရ မိမိတို့တာဝန်ကျရာဒေသ၌တာဝန်ထမ်းဆောင်ရန် အခက်အခဲဖြစ်နေသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်းတွင်းပြည်ပ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အတွက် အထူးသဖြင့် ပူတာအိုခရိုင်နှင့် ချီဖွေ၊ ဆော့လော်ဒေသများသို့လမ်းပန်းဆက်သွယ်ရေး အပါအဝင် စီမံ ခန့်ခွဲရေးနည်းလမ်းများအရ အဖက်ဖက်ကကူညီစောင့်ရှောက်ပေးနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးကြီးအဆိုတစ်ရပ်ကို ပူတာအို မဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့က တင်သွင်းလိုကြောင်း ရေးသား၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြထားတာ ရှိပါတယ်။ ဒါကြောင့် ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်မှ အရေးကြီးအဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရေးကြီးအဆိုတစ်ရပ် တင်သွင်း သွားမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူများအတွက် အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းခွင့်ပေးပါသော ဥက္ကဋ္ဌကြီးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြည်သူများရဲ့ကိုယ်စား တင်ပြလိုပါတယ်။ လေးစား ရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မိမိတို့၏ နေရပ်ဒေသကိုစွန့်ခွာ၍ ခေတ္တတိမ်းရှောင်လာကြသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသအလိုက် ရိက္ခာပြတ်လပ်မှုများအပါအဝင် လုံခြုံရေးအရ မိမိတို့တာဝန်ကျရာဒေသ၌ တာဝန် ထမ်းဆောင်ရန် အခက်အခဲဖြစ်နေသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကစီးပွားရေး

လုပ်ငန်းရှင်များအတွက် အထူးသဖြင့် ပူတာအိုခရိုင်နှင့်ချီဖွေ၊ ဆော့လော်ဒေသများသို့ လမ်းပန်း ဆက်သွယ်ရေးအပါအဝင် စီမန်ခံခွဲရေးနည်းလမ်းများအရ အဖက်ဖက်က ကူညီစောင့်ရှောက်ပေး နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကချင်ပြည်နယ်တွင် KIO, KIA နှင့် မြန်မာ့တပ်မတော်တို့ အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်လာပြီးဖြစ်ပါတယ်။ ယင်းကဲ့သို့ အချိန်ကြာမြင့်လာတာနှင့်အမျှ ကချင်ပြည်နယ်အတွင်းမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှုများ တဖြည်းဖြည်းယုတ်လျော့ကာ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများမှ စိုးရိမ်ထိတ်လန့်မှုများ၊ ပူပင်သောကများနှင့်အတူ လုံခြုံစိတ်ချရမှုများ ကင်းမဲ့နေကြရပါတယ်။ ယခုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးစနစ်ပြောင်း၊ ခေတ်ပြောင်းကာလများမှာ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချရမှု၊ တစ်လုံး တစ်စည်းတည်းရှိမှုတို့နှင့်အတူ မိမိတို့ဒေသ တိုးတက်ဖွံ့ဖြိုးခြင်းနှင့် ဖွံ့ဖြိုးခြင်းလမ်းကြောင်းပေါ်သို့ အလျင်အမြန်ရောက်ရှိရန် ပူးပေါင်းဝိုင်းဝန်းအားထုတ်ကြိုးပမ်းရမည့် အကောင်းဆုံးအချိန် ဖြစ်ပါ တယ်။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိတို့၏ လူမှုစီးပွားဘဝတိုးတက် ဖွံ့ဖြိုးရန် ဆန္ဒပြင်းပြတာစူအားခဲ နေကြတဲ့အချိန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းမှာ ရန်ဖြစ်စကားများနေကြရမယ့်အစား၊ အတ္တ၊ မာနတွေကြီးထွားပြီး အားပြိုင်နေကြရမယ့်အစား၊ လက်နက်ကိုင်ပဋိပက္ခတွေရှုပ်ထွေးပြီး ယမ်းခိုးယမ်း ငွေ့တွေ လွှမ်းခြုံနေရမယ့်အစား မေတ္တာစိတ်ကို အခြေခံလျက် နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည် မှုရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ ဘက်နှစ်ဖက်ထိန်းညှိကာ ပြဿနာတစ်ရပ်ကို အကောင်းဆုံးနည်းလမ်းဖြင့် ဖြေရှင်းသင့်ပါတယ်။ ဒါက ကချင်ပြည်နယ်တွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအများစု၏ ဆန္ဒလည်းဖြစ်ပါတယ်။ ဒီလိုဖြေရှင်းတဲ့အခါမှာလည်း စစ်ရေးအရ တစ်ခုတည်းကိုပဲ မရှုမြင်ပဲ နိုင်ငံရေးအမြင်၊ လူမှုရေးအမြင်နဲ့ ပြည်သူ့ဘဝ၊ ပြည်သူ့မျက်နှာကိုပါ ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ပေးကြ ဖို့လိုအပ်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နှစ်ဦးနှစ်ဖက်၊ တပ်ပိုင်းဆိုင်ရာများအပါအဝင် မျက်နှာချင်း ဆိုင်တွေ့ဆုံကာ ပြည်သူအများ စိတ်ချမ်းမြေ့စေမည့်နည်းလမ်းများကို အကျေအလည် ညှိနှိုင်းဆွေးနွေး အဖြေရှာသင့်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ်မှာ နယ်မြေလုံခြုံရေးအရ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ပွားပြီး ဒေသခံတိုင်းရင်းသား တွေဟာ မိမိနေရပ်ဒေသကို စွန့်ခွာလျက် ကယ်ဆယ်ရေးစခန်းများသို့ တိမ်းရှောင်ခိုလှုံနေကြရပါတယ်။ တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ ကယ်ဆယ်ရေးစခန်းများကို ရောက်ရှိလာတဲ့ဦးရေ

ဟာလည်း တိုးတက်များပြားလျက်ရှိပါတယ်။ ကချင်ပြည်နယ် နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသား အချို့တွေဟာလည်း တစ်ဖက်နိုင်ငံမှာ သွားရောက်ခိုလှုံနေကြရပါတယ်။

ဒါ့အပြင် နယ်မြေလုံခြုံရေးရဲ့ နောက်ဆက်တွဲဆိုးကျိုးများကြောင့် လမ်းပန်းဆက်သွယ်ရေးတွေ ပျက်စီးပြီး ကုန်စည်ပို့ဆောင်မှုတွေ ပုံမှန်စီးဆင်းမှုမရှိဘဲ အထူးသဖြင့် ပူတာအိုခရိုင်တစ်ခုလုံးနှင့် ချီဖွေ၊ ဆော့လော်ဒေသတွေမှာ ဆန်ရေစပါးများ ပြတ်လပ်နေပါတယ်။ ပြည်သူတွေအတိဒုက္ခရောက်နေကြရ ပါတယ်။ အလားတူ အချို့ဒေသတွေမှာလည်း နယ်မြေလုံခြုံရေးအရ နိုင်ငံ့ဝန်ထမ်းတွေဟာ မိမိတို့ တာဝန်ကျတဲ့ဒေသတွေကို သွားရောက်တာဝန်ထမ်းဆောင်ဖို့ ခက်ခဲနေကြရပါတယ်။ အဲ့ဒီရလဒ် တွေဟာ ဒေသခံတိုင်းရင်းသားပြည်သူတွေပဲ နစ်နာဆုံးရှုံးနေကြရပါတယ်။ တစ်ဆက်တည်း ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းရှင်တွေဟာလည်း လုံခြုံစိတ်ချရမှုအပြည့်အဝနဲ့ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းနိုင်အောင် စိတ်ချလက်ချဆောင်ရွက်ဖို့ ကြီးမားစွာ အကြပ် အတည်းဖြစ်ပြီး နစ်နာဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေကြရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ ပကတိအခြေအနေဟာ လုံခြုံစိတ်ချရမှု လျော့နည်း လာသော ဖြစ်စဉ်ဖြစ်ရပ်များ ကြုံတွေ့နေကြရတဲ့အတွက် ဒေသခံပြည်သူများဟာ စိတ်မချမ်းမြေ့ဖွယ်ရာ ခံစားနေကြရပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းများမှာ ရောက်ရှိနေကြတဲ့ ဒေသခံတိုင်းရင်းသား များရဲ့ ကျန်းမာရေးပြဿနာ၊ စားသောက်နေထိုင်ရေးပြဿနာအပါအဝင် ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းတွေအတွက် စိုးရိမ်ပူပန်နေကြရပါတယ်။ ဒါ့အပြင် မိမိတို့ နေရပ်ဒေသမှာ ကျန်ရစ်ခဲ့တဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မိသားစုစီးပွားရေးလုပ်ငန်းများ ပုံမှန် ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း ကြီးမားကျယ်ပြန့်စွာ ကျော်လွှားဖြတ်သန်းကြရဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မိမိတို့၏ နေရပ် ဒေသကိုစွန့်ခွာ၍ ခေတ္တတိမ်းရှောင်လာကြသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသအလိုက် ရိက္ခာ ပြတ်လပ်မှုများအပါအဝင် လုံခြုံရေးအရ မိမိတို့တာဝန်ကျရာ ဒေသ၌ တာဝန်ထမ်းဆောင်ရန် အခက်အခဲဖြစ်နေသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အတွက် အထူးသဖြင့် ပူတာအိုခရိုင်နှင့် ချီဖွေ၊ ဆော့လော်ဒေသများသို့ လမ်းပန်းဆက်သွယ်ရေး အပါအဝင် စီမံခန့်ခွဲရေးနည်းလမ်းများအရ အဖက်ဖက်က ကူညီစောင့်ရှောက်ပေးနိုင်ရေးအတွက်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးဖုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးယော်ဒီဒွေ့တင်ပြသော ကချင်ပြည်နယ်တွင်း နယ်မြေလုံခြုံရေးအရ မိမိတို့၏ အရပ်ဒေသကို စွန့်ခွာ၍ ခေတ္တတိမ်းရှောင်လာကြသော ဒေသခံတိုင်းရင်းသားများနှင့် ဒေသအလိုက် ရိက္ခာပြတ်လပ်မှုများအပါအဝင် လုံခြုံရေးအရ မိမိတို့တာဝန်ကျရာဒေသအလိုက် တာဝန်ထမ်းဆောင်ရန်အခက်အခဲဖြစ်နေသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များအတွက် အထူးသဖြင့် ပူတာအိုခရိုင်နှင့် ချီဖွေ၊ ဆော့လော်ဒေသများသို့ လမ်းပန်းဆက်သွယ်ရေး အပါအဝင် စီမံခန့်ခွဲရေးနည်းလမ်းများအရ အဖက်ဖက်က ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးဖုံးတိန့်မှ လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့လူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဦးယော်ဒီဒွေ့၊ ပူတာအိုမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူများသည် စက်တင်ဘာလ ၆ ရက် ၁၃း၀၀ နာရီအချိန်အရောက် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ၂၀၁၂ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀)ဖြင့်လည်းကောင်း၊ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် အမှတ် (၁၁) ဖြင့်လည်းကောင်း ၃၀-၃-၂၀၁၂ ခုနှစ်ကထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေများနှင့်သက်ဆိုင်သောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများနှင့် လယ်ယာမြေနည်းဥပဒေများ စာအုပ်တို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(က) နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ နဲ့အညီ ယနေ့ ၃-၉-၂၀၁၂ ရက်မှာ ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများသည်သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးပြီးညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ဖြန့်ဝေတင်ပြသည့်နေ့ရက်မှရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(ခ) နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၁ တို့အရ လွှတ်တော်သို့ အဆိုတင်သွင်းနိုင်ကြပါတယ်။ ဖြန့်ဝေတင်ပြရမည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်းဟု ပြဋ္ဌာန်းထားသဖြင့် ရက်ပေါင်း၉၀ မပြည့်မီကာလအတွင်းမှာလည်း မညီညွတ်သည့်အချက်များကို လွှတ်တော်သို့ဆောလျင်စွာ အဆိုတင်သွင်းနိုင်ပါရန် အသိပေးတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၉)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့(၃၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(၃၉)ရက်မြောက်နေ့အတွက် ထပ်မံကြေညာမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ကို ၁၆း၀၅ နာရီတွင်ရပ်နားပါသည်။]**